# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**


၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက် | ၂၀၁၈ ခုနှစ်၊ မတ် ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (၁၇၉)


# (၇၃) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ကျင်းပ

## မိမိတို့နိုင်ငံတွင် သဘောထားကွဲလွဲမှုများကို လက်နက်စွဲကိုင် တောင်းဆိုရန် မလိုအပ်တော့သည့်အတွက် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး အဖြေရှာကြရမည်ဖြစ်



နေပြည်တော် မတ် ၂၇

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ရေးပြကွင်းကြီး၌ ကျင်းပသည့် ၂၀၁၈ ခုနှစ် (၇၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်၍ အလေးပြုခြင်းကိုခံယူပြီး မိန့်ခွန်း ပြောကြားသည်။**

ယနေ့ နံနက် ၅ နာရီတွင် ၂၀၁၈ ခုနှစ် (၇၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ကြမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်သည်များ၊ တပ်မတော်(ကြည်း) အမျိုးသမီး စစ်ရေးပြတပ်ခွဲ၊ တပ်မတော်(ရေ)အထူးစစ်ဆင်ရေးတပ်ဖွဲ့(Navy SEALs)၊ အမျိုးသမီး အထူးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီး စစ်ရေးပြတပ်ခွဲတို့သည် စစ်ကြောင်းကြီးများအလိုက် သစ်တပ် စစ်ရေးပြကွင်း၌ စတင်စုရုံးရောက်ရှိနေရာယူကြပြီး စစ်ရေးပြကွင်းကြီးသို့ ချီတက်ကြသည်။

စစ်ကြောင်းကြီးများ ချီတက်ချိန်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်နှင့် တပ်မတော် အရာရှိကြီးများ၏ ဇနီးများက ဂုဏ်ပြုပန်းကုံးများစွပ်၍ ကြိုဆိုကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိ၊ စစ်သည် မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးတို့မှ

*စာမျက်နှာ ၃ ကော်လံ ၁* ✽

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်အား စစ်ကြောင်းကြီးများမှ တပ်မတော်သားများက ချီတက်အလေးပြုကြစဉ်။** သတင်းစဉ်



ပြည်ပပို့ကုန်သီးနှံ တိုးမြှင့်ထုတ်လုပ်ရေး စာမျက်နှာ ➤ ၉

ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့သည့်အတွက် အီရန်ကို လက်တုံ့ပြန်မည်ဟု ဆော်ဒီပြော စာမျက်နှာ ➤ ၁၄




မြန်မာ့အလင်း

# ရှုထောင့်စုံနှင့် ရေရှည်တည်တံ့သော အဖြေရလဒ်

(၃၇)ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီ ပုံမှန်အစည်းအဝေး၏ ရလဒ်များအပေါ် ဥရောပသမဂ္ဂ၏အမြင်သဘောထားဆိုသည်ကို အင်တာနက်စာမျက်နှာတွင် တွေ့မြင်ဖတ်ရှုရပါသည်။ ဤအင်တာနက်စာမျက်နှာ အဖွင့်ပိုဒ်၌ ဥရောပသမဂ္ဂ၏ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် **Stavros Lambrinidis** က တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးကိစ္စတို့ကို ဗဟိုမဏ္ဍိုင်မထားပါက ကမ္ဘာကြီး၏ မည်သည့်အရေးကိစ္စကိုမျှ ဖြေရှင်းနိုင်မည်မဟုတ်ဟု ပြောကြားခဲ့သည်ကို တင်ပြထားပါသည်။ ကမ္ဘာ့ရေးရာကိစ္စရပ်တို့ကို ကိုင်တွယ်ဖြေရှင်းရာ၌ တရားဥပဒေစိုးမိုးမှုရှိရေးနှင့် လူ့အခွင့်အရေးရရှိရေးတို့ အရေးကြီးသည်မှာ အငြင်းပွားစရာအကြောင်းမရှိပါ။ သို့သော် တရားဥပဒေစိုးမိုးမှုရှိရေးနှင့် လူ့အခွင့်အရေးရရှိရေးတို့သည် တခြားသောအကြောင်းအရာများပေါ်တွင် လုံးဝမှီခိုမှုမရှိသည့် သီးခြားကင်းလွတ်နေသော အကြောင်းခြင်းရာများ မဟုတ်ပါ။ ဤအချက်သည် အဆိုပါအင်တာနက်စာမျက်နှာ အဖွင့်ပိုဒ်၌ ပျောက်ကွယ်နေပါသည်။

ဥရောပသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအခြေအနေတင်ပြချက်တွင် ဥရောပသမဂ္ဂမှ အဆိုပြုတင်သွင်းသည့် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ဆုံးဖြတ်ချက်အဆိုအပေါ် အစ္စလာမ်နိုင်ငံများအဖွဲ့အစည်း **(OIC)**ဝင် နိုင်ငံတို့က ထောက်ခံသည်ကို အလေးပေး ဖော်ပြထားပါသည်။ တစ်ဖန် ဥရောပသမဂ္ဂ၏ ကိုးကွယ်ယုံကြည်ရာဘာသာတို့၏ လွတ်လပ်ခွင့်နှင့်ပတ်သက်သော ကြိုးပမ်းမှုတို့ကို တင်ပြရာ၌လည်း အစ္စလာမ်နိုင်ငံများအဖွဲ့အစည်း **(OIC)** နှင့် နီးကပ်စွာ လက်တွဲဆောင်ရွက်သည်ကို ဖော်ပြထားပါသည်။ ဥရောပသမဂ္ဂသည် ၎င်း၏ သဘောထားအမြင်တို့ကိုတင်ပြရာ၌ ကမ္ဘာ့ပြည်သူတို့ ယုံကြည်ကိုးကွယ်ရာဘာသာများအနက်မှ အဘယ်ကြောင့် ထိုအဖွဲ့အစည်းကိုသာ သီးခြားရွေးထုတ် မီးမောင်းထိုး တင်ပြရပါသနည်း။

ဥရောပသမဂ္ဂက စစ်ပွဲ၊ အကြမ်းဖက်မှု၊ နေရပ်စွန့်ခွာ ထွက်ပြေးမှုတို့ကြောင့် ကလေးသူငယ်တို့ ရင်ဆိုင်ကြုံတွေ့ရသော အတိဒုက္ခတို့ကို အလေးအနက်ထားတင်ပြထားပါသည်။ အမှန်တကယ် အလေးအနက်ထားထိုက်သော ကိစ္စရပ်များလည်း ဖြစ်ပါသည်။ သို့သော် ဥရောပသမဂ္ဂ၏ ဆီးရီးယားပြည်တွင်းစစ်ဆိုင်ရာ သဘောထားအမြင်တင်ပြရာတွင် ဆီးရီးယားပြည်တွင်းစစ်ကြောင့် ဆီးရီးယားကလေးသူငယ်တို့ ရင်ဆိုင်ရလျက်ရှိသည့် အတိဒုက္ခတို့ကို သီးခြားရည်ညွှန်းဖော်ပြခဲ့ခြင်း မရှိပါ။

**UNICEF** ၏ သတင်းထုတ်ပြန်ချက်အရ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ အစောပိုင်း၌ ဆီးရီးယားကလေးသူငယ် ၅၀၀ ကျော် အသတ်ခံခဲ့ရပါသည်။ တခြားသော ကလေးသူငယ် ၄၀၀ ကျော်သည်လည်း ဖမ်းဆီးညှဉ်းပန်း အနှိပ်စက်ခံခဲ့ရပါသည်။ **Syrian Observatory for Human Rights(SOHR)** ၏ ထုတ်ပြန်ချက်အရ ၂၀၁၈ ခုနှစ်၊ မတ်လအလယ်အထိ ဆီးရီးယားကလေးသူငယ် နှစ်သောင်းနီးပါး သေဆုံးခဲ့ရပြီး ဖြစ်ပါသည်။ ကလေးသူငယ်တို့ ရင်ဆိုင်ရလျက်ရှိသော အတိဒုက္ခတစ်ချက်တည်းကို သုံးသပ်ကြည့်လျှင်ပင် ဆီးရီးယားပြည်တွင်းစစ်၏ အတိဒုက္ခ အတိုင်းအဆသည် ရခိုင်ပြည်နယ်အရေးထက် အဆပေါင်းများစွာ ပိုမိုဆိုးရွားပါသည်။ သို့သော် ဥရောပသမဂ္ဂသည် ရခိုင်ပြည်နယ်အရေးသည် ကမ္ဘာ၌ နှိုင်းယှဉ်စရာမရှိသော လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်နေသည့်သဘောမျိုး တင်ပြထားပါသည်။ ဤသည်မှာလည်း ရှင်းပါသည်။ ဆီးရီးယား ပြည်တွင်းစစ်၌ ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများ ပါဝင်ပတ်သက်နေသည်ဖြစ်၍ တစ်စုံတစ်ရာ တိကျသောအရေးယူမှု ဆောင်ရွက်ရန် ဥရောပသမဂ္ဂက လက်ရှောင်နေခြင်းဖြစ်ပါသည်။ ဆီးရီးယားပြည်တွင်းစစ်၏ အခြေခံ အကြောင်းရင်းများတွင် လူ့အသိုက်အဝန်းအတွင်း ကိုးကွယ်ယုံကြည်ရာ ဘာသာမတူကွဲပြားမှု၏ ပဋိပက္ခသည်လည်း အကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။ တင်ပြလိုသည်မှာ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးရရှိရေးသည် တခြားသောအကြောင်းခြင်းရာတို့အပေါ်တွင် မှီခိုမှုမရှိသည့် သီးခြားလွတ်ကင်းနေသည့် အကြောင်းတရားတို့ မဟုတ်ပါ။ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးရရှိရေးတို့ကို ဖော်ဆောင်ရာ၌ တခြားသော အကြောင်းခြင်းရာတို့ကို ထည့်သွင်းစဉ်းစားလျက် ဆက်စပ်သုံးသပ် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်လျက်ရှိသော ကိစ္စရပ်တို့ကို ရှုထောင့်ပေါင်းစုံမှ ခြုံငုံသုံးသပ်မှသာ ရေရှည်တည်တံ့သည့် အဖြေရရှိမည်ဖြစ်ကြောင်းလေးစားစွာ တင်ပြအပ်ပါသည်။ ။

# (၄၄)နှစ်မြောက် လော်ဝေါ်အမျိုးသားစာပေနေ့အခမ်းအနား ဝိုင်းမော်မြို့၌ ကျင်းပမည်

ဝိုင်းမော် မတ် ၂၇

ကချင်ပြည်နယ်အတွင်း ကချင်မျိုးနွယ်စုခြောက်မျိုးအနက် မျိုးနွယ်စုတစ်ခုဖြစ်သော လော်ဝေါ်တိုင်းရင်းသားတို့၏ (၄၄)နှစ်မြောက် လော်ဝေါ်အမျိုးသားစာပေနေ့နှင့် (၁၄)ကြိမ်မြောက် လော်ဝေါ်စာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ ရွေးချယ်တင်မြှောက်ပွဲကို မတ် ၂၉ ရက်မှ ၃၁ ရက်အထိ မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့ အမှတ်-၃ ရပ်ကွက် လော်ဝေါ်စာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီဝင်း၌ ကျင်းပမည်ဖြစ်သည်။




လော်ဝေါ်စာပေကို ၁၉၇၄ ခုနှစ် မတ် ၂၉ မှ ၃၀ ရက်အတွင်း ဝိုင်းမော်အစိုးရအလယ်တန်းကျောင်း၌ လော်ဝေါ်လူထု ၁၅၀၀၀ တက်ရောက်သည့် အခမ်းအနားတွင် နိုင်ငံတော်ကိုယ်စား ကချင်ပြည်နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဖော်ယူးခါးက လော်ဝေါ်လူထုတစ်ရပ်လုံးထံသို့ တခမ်းတနားဖြင့် အပ်နှင်းသည့်နေ့မှစ၍ လော်ဝေါ် စာပေစတင်ခဲ့သည်။

လော်ဝေါ် စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် K.G၊ Grade -1/2/3 သင်ရိုးညွှန်းတမ်းများကို ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းရေးသားထားပြီး သတ်ပုံကြမ်း၊ သဒ္ဒါ၊ အဘိဓာန်၊ ကျမ်းစာစာအုပ်များအား ရေးသားထုတ်ဝေ၍ အသုံးပြုနေပြီဖြစ်သည်။

အဆိုပါပွဲ၌ ရိုးရာအားကစားပွဲနှင့် ပျော်ပွဲရွှင်ပွဲများ၊ ရိုးရာအကယှဉ်ပြိုင်ခြင်း၊ တိုင်းရင်းသားစာပေ အလုပ်ရုံဆွေးနွေးပွဲနှင့် ရိုးရာစာပေစာတမ်းဖတ်ပွဲများ၊ လုယဉ်ကျေးမယ်ပြိုင်ပွဲများနှင့် တေးဂီတအစီအစဉ်များဖြင့် နေ့စဉ် နံနက် ၈ နာရီမှစ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မန္တလေးပညာရေးကောလိပ် ပထမအကြိမ် သင်္ကြန်အကြိုပွဲတော်ကျင်းပ

မန္တလေး မတ် ၂၇

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၃×၆၇ လမ်းထောင့်ရှိ မန္တလေးပညာရေးကောလိပ် ပထမအကြိမ် သင်္ကြန်အကြိုပွဲတော်ကို မတ် ၂၆ရက် မွန်းလွဲ ၂နာရီက ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ကြီး ဦးဗိုလ်မြင့်က သင်္ကြန်အကြိုပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နှုတ်ခွန်းဆက်အမှာစကားပြောကြားကာ ကျောင်းသားကျောင်းသူများက သင်္ကြန်တေးသီချင်း၊ အက၊ အလှများနှင့်အတူ ပျော်ရွှင်စွာ ရေပက်ကစားကြပြီး မြန်မာ့ရိုးရာစားသောက်ဖွယ်ရာများကို စတုဒိသာ ကျွေးမွေးကြသည်။



အဆိုပါ သင်္ကြန်အကြိုပွဲတော်ကို ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ ပိုမိုချစ်ခင်စည်းလုံးမှု ရရှိစေရန်၊ ပူးပေါင်းဆောင်ရွက်မှု အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ မန္တလေးပညာရေးကောလိပ် ပညာရေးမိသားစုများ ပညာသင်နှစ်တစ်နှစ်တာအတွင်း များပြားလှသည့် ဘာသာရပ်များ ကို နံနက် ၆ နာရီမှ ည ၉ နာရီအထိ ကျောင်းအချိန်ဇယားအတိုင်း ပို့ချသင်ကြားလေ့လာသင်ယူခဲ့ရသည့်အတွက် ခဏတာစိတ်အပန်းပြေ ပျော်ရွှင်မှုရရှိပြီး မိမိတို့ကျရာတာဝန်များကို စိတ်ခွန်အားအသစ်များဖြင့် ထမ်းဆောင်နိုင်ကြစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

# စီမံကိန်းလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

နေပြည်တော် မတ် ၂၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသော ဒေါင်းရပ်အရှေ့ကျေးရွာသို့ မော်လမြိုင်ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် မတ် ၂၂ ရက်က ကော်မတီဝင်များနှင့်တွေ့ဆုံပြီး မြစ်မ်းရောင်ကျေးရွာစီမံကိန်းစာရင်းဇယားများ၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် လူထုဗဟိုပြုစီမံကိန်းဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဗထူး

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၇ -၃-၂၀၁၈

ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၀၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၅၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၈၀၅/၈၁၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၀/၇၇၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၂၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၁၅/၈၂၅ ကျပ် | (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၇ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၅၃ ·၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၈ ·၀ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၇၃ ·၈ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၅ |
| တရုတ် | တစ်ယွမ် | ၂၁၁ ·၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၁ ·၅ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR DigitalNews Presented by NPE www.mdn.gov.mm



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် (၇၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်




၂၀၁၈ ခုနှစ် (၇၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများအား တွေ့ရစဉ်။ သတင်းစဉ်

***❀ ရှေ့စာမျက်နှာမှ***

အရာရှိ၊ စစ်သည် မိသားစုများ၊ ဒေသခံ မိဘပြည်သူများကလည်း စစ်ကြောင်းကြီးများ ချီတက်ရာ လမ်းတစ်လျှောက် သောင်းသောင်းဖြဖြကြိုဆိုကာ ဂုဏ်ပြုပန်းကုံးများ စွပ်ကြသည်။

**ချီတက်နေရာယူ**

ထိုကဲ့သို့ စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း အင်အား ၁၂၄၃၄ ဦးတို့သည် ဇာတိသွေး၊ ဇာတိမာန်အပြည့်ဖြင့် စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေးသီဆို ချီတက်လာကြပြီး စစ်ရေးပြကွင်းကြီးအတွင်းသို့ ရောက်ရှိနေရာယူကြသည်။

စစ်ရေးပြအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် မြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် တင်အောင်စန်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် မောင်မောင်ကျော်နှင့် တပ်မတော်အရာရှိကြီးများ၊ လွတ်လပ်ရေးမော်ကွန်းဝင် ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့် မော်ကွန်းဝင်ပုဂ္ဂိုလ်များ၊ တပ်မတော်အငြိမ်းစားအရာရှိကြီးများ၊ လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ ၂၀၁၇ ခုနှစ်တွင် သူရဘွဲ့နှင့် တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ရရှိခဲ့ကြသော အရာရှိ၊ စစ်သည်များနှင့် အမွေခံများ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များမှ ကိုယ်စားလှယ်များ၊ ပြည်သူ့စစ်နှင့် နယ်ခြားစောင့်ဗဟိုအကြံပေးကွပ်ကဲရေး အဖွဲ့များ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသား ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အဖွဲ့ဝင်များ၊ အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ ရေကြောင်း လူငယ်၊ လေကြောင်း လူငယ်သင်တန်းများမှ အုပ်ချုပ်သူနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**အလေးပြု**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ကျင်းပသည့် စစ်ရေးပြကွင်းကြီးသို့ မြင်းစီးတပ်ဖွဲ့ဝင်များ ခြံရံလျက်ရောက်ရှိပြီး အလေးပြုခံစင်မြင့်၌ နေရာယူရာ စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အလေးပြုကြသည်။

**လိုက်လံစစ်ဆေး**

ယင်းနောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် စစ်ရေးပြစစ်ကြောင်းကြီးများအား လိုက်လံစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြရာ ဗဟိုစစ်တီးဝိုင်းအဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ယင်းနောက် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြပြီး စစ်ကြောင်းကြီးများမှ (ကြည်း၊ ရေ၊ လေ) တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက သစ္စာလေးချက်ကို သံပြိုင်ညီညာရွတ်ဆိုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က မိန့်ခွန်းပြောကြားရာတွင် ယနေ့သည် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ လက်တွဲပြီး ဖက်ဆစ်တော်လှန်ရေးဆင်နွှဲ သမိုင်းမော်ကွန်းရေးထိုးနိုင်ခဲ့သည့် (၇၃)နှစ်မြောက် တပ်မတော်နေ့ ဖြစ်ကြောင်း။

**နေ့ထူးနေ့မြတ်ဖြစ်**

တပ်မတော်အနေဖြင့် ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် ဖက်ဆစ်တော်လှန်ရေးကြီးတစ်ရပ်ကို ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် စတင်ဆင်နွှဲနိုင်ခဲ့၍ နိုင်ငံ့တပ်မတော်တစ်ရပ်၏ ဂုဏ်ထူးဝိသေသနှင့် ပီပြင်ပြည့်စုံခဲ့သည့် နေ့ထူးနေ့မြတ်လည်း ဖြစ်ကြောင်း။

မြန်မာ့သမိုင်းကြောင်းကို ပြန်ပြောင်း လေ့လာကြည့်မည်ဆိုလျှင် အစဉ်အလာကောင်းများနှင့် ယနေ့တိုင် ရှင်သန်နေသည့် တပ်မတော်၏ သမိုင်းကြောင်းကို ယှဉ်တွဲတွေ့မြင်ရမည် ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူလူထုနှင့်အတူ နယ်ချဲ့ဆန့်ကျင်ရေးနှင့် ဖက်ဆစ်တော်လှန်ရေးစစ်ပွဲများ ဆင်နွှဲပြီး နိုင်ငံ၏ လွတ်လပ်ရေးကို အရယူပေးခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင်လည်း နိုင်ငံတော်၏ ပိုင်နက်နယ်မြေ တည်တံ့ခိုင်မြဲမှုနှင့် အချုပ်အခြာအာဏာ တည်ရှိမှုကို အမျိုးသားအကျိုးစီးပွားနှင့်ယှဉ်၍ ကာကွယ် စောင့်ရှောက်ခဲ့ကြောင်း၊ ထို့အတူ နိုင်ငံတော်ပြိုကွဲ ပျက်စီးစေမည့် အခြေအနေများကို ကာကွယ်ထိန်းသိမ်းပေးခဲ့ပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိစေရေးအတွက်လည်း အခါအခွင့်သင့်တိုင်း ကြိုးပမ်းအားထုတ်ခဲ့ကြောင်း။

**ကမကထပြု ဆောင်ရွက်ပေးခဲ့**

ထို့ပြင် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် ကျင့်သုံးနိုင်ရေး လိုအပ်သည့်အခြေခံကောင်းများ တည်ဆောက်ပေးခဲ့ပြီး နိုင်ငံရေး၏ အုပ်ချုပ်ရေးစနစ် အသွင်ကူးပြောင်းမှု ညင်သာချောမွေ့စေရေးအတွက်လည်း ကမကထပြု ဆောင်ရွက်ပေးခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းတစ်လျှောက်တွင် တပ်မတော်၏ အခန်းကဏ္ဍနှင့် ရပ်တည်ဆောင်ရွက်ချက်များသည် အလွန်အရေးပါခဲ့ပြီး ဂုဏ်ယူဖွယ်ရာလည်း ဖြစ်ခဲ့ကြောင်း။

တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် အမျိုးသားနိုင်ငံရေး တာဝန်များကို ဆက်လက် ထမ်းဆောင်လျက်ရှိနေကြောင်း၊ တိုင်းပြည်၏ နိုင်ငံရေးပုံစံ၊ နိုင်ငံရေးလမ်းကြောင်းများ မည်သို့ ပြောင်းလဲနေစေကာမူ အဆိုပါဖြစ်စဉ်များတွင် တပ်မတော်အနေဖြင့် မည်သည့်တိုက်တွန်းချက်မျှ မပါဝင်ဘဲ နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များ ထမ်းဆောင်လျက်ရှိနေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံအဖြစ် လျှောက်လှမ်းလျက်ရှိကြောင်း၊ ဒီမိုကရေစီစနစ်ဆိုသည်မှာ ရှုထောင့်မျိုးစုံမှကြည့်ပြီး အမြင်မတူသည်များကို ပေါင်းစပ်ညှိနှိုင်းကာ တူညီသည့် သဘောထားများနှင့် စုစည်းနေထိုင်ခြင်းပင် ဖြစ်ကြောင်း၊ နိုင်ငံတော်တွင် မည်သည့်စနစ်ကိုပင် ကျင့်သုံးသည်ဖြစ်စေ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ ရှိစမြဲပင်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင်လည်း ဒီမိုကရေစီစံနှုန်းနှင့်အညီ လွတ်လပ်စွာ ပြောဆိုခွင့်၊ ရေးသားခွင့်ရှိသည်ဆိုသော်လည်း ပြဋ္ဌာန်းထားသည့် စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ပြောဆိုရေးသားရန် လိုအပ်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမည် ဖြစ်ကြောင်း၊ စည်းကမ်းဆိုသည်မှာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းညွှန်မြေပုံပင်ဖြစ်ကြောင်း၊ အခြေအမြစ်မရှိသည့် စည်းကမ်းမဲ့ပြောဆိုရေးသားမှုများသည် အမုန်းတရားကို ဖြစ်စေပြီး နိုင်ငံတော်၏ ဂုဏ်သိက္ခာကိုလည်း ကျဆင်းစေသည့်အပြင် နိုင်ငံတော်တည်ဆောက်ရေးတွင်လည်း အဟန့်အတား ဖြစ်စေကြောင်း။

မြန်မာနိုင်ငံအတွင်း လူမျိုးစုပေါင်း ၁၃၀ ကျော်သည် ရှေးနှစ်ပေါင်းများစွာကတည်းက အတူတကွ အေးချမ်းစွာ ယှဉ်တွဲနေထိုင်ခဲ့ကြကြောင်း၊ လူမျိုးစုများထဲတွင် လူဦးရေ သိန်းနှင့်ချီပြီးရှိသည့် တိုင်းရင်းသားလူမျိုးစုများ ရှိသကဲ့သို့ လူဦးရေ အနည်းငယ်သာရှိသည့် တိုင်းရင်းသားလူမျိုးစုများလည်း ပါဝင်ကြောင်း၊ အင်အားနည်းခြင်း၊ များခြင်းသည် အဓိကမဟုတ်ဘဲ တိုင်းရင်းသားလူမျိုးစု အားလုံးအတွက် အခွင့်အရေးသည် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ တစ်ပြေးညီ အတူတူပင်ဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာ သာသနာသည် မြန်မာနိုင်ငံတွင် အများစုကိုးကွယ်ကြပြီး အခြားဘာသာ သာသနာကိုလည်း ကိုးကွယ်ယုံကြည်ခွင့်ရှိကြောင်း၊ ထို့ကြောင့် ဘာသာရေးနှင့် ပတ်သက်လာပါက အထင်အမြင် လွဲမှားအောင် ပြောဆိုပြုမူနေခြင်းကို ထိန်းသိမ်းရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရပြီး မကြာမီ ကိုလိုနီဘဝက နယ်ချဲ့များ ကျင့်သုံးခဲ့သည့် သွေးခွဲအုပ်ချုပ်မှုစနစ်ကြောင့် အယူဝါဒရေးအရ၊ လူမျိုးရေးအရ၊ ဘာသာရေးအရ စိတ်ဝမ်းကွဲပြားမှုများစွာ ပေါ်ပေါက်ခဲ့ပြီး လက်နက်ပဋိပက္ခများ ယနေ့အချိန်ထိ ဖြစ်ပွားလျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးရရှိရန် အစိုးရအဆက်ဆက် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း၊ ယခုလည်း ပါတီစုံဒီမိုကရေစီ အုပ်ချုပ်ရေးစနစ် ပြောင်းလဲကျင့်သုံးနေပြီဖြစ်သည့် မိမိတို့နိုင်ငံတွင်

***စာမျက်နှာ ၄ သို့***



၂၀၁၈ ခုနှစ် (၇၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ချီတက်လာကြသည့် တပ်မတော်စစ်ကြောင်းကြီးများအား ပြည်သူများက ကြိုဆိုဂုဏ်ပြုစဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

သဘောထားကွဲလွဲမှုများကို လက်နက်စွဲကိုင် တောင်းဆိုရန် မလိုအပ်တော့သည့်အတွက် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှု အဖြေရှာကြရမည်ဖြစ်ကြောင်း၊ ထိုသို့ တွေ့ဆုံဆွေးနွေးအဖြေရှာသည့်အခါတွင်လည်း တိုင်းရင်းသားလူထုအားလုံး၏ လိုလားချက်များကို လက်တွေ့ကျကျ အကောင်အထည်ဖော် ပေးနိုင်မည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် Nationwide Ceasefire Agreement – NCA လမ်းကြောင်းကို အခြေခံဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။

**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

တပ်မတော်အနေဖြင့် NCA စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးပြီး စာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်၏ လက်ရှိ နိုင်ငံရေးလမ်းကြောင်း တည်ငြိမ်မှုနှင့် ခိုင်မာမှုရှိအောင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် (၇၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် စစ်ရေးပြစစ်ကြောင်းကြီးများအား လိုက်လံစစ်ဆေးစဉ်။** သတင်းစဉ်



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ တပ်မတော်သားများအား ဂုဏ်ပြုပန်းကုံးစွပ်၍ ကြိုဆိုစဉ်။**



**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ် တပ်မတော်သားများအား ဂုဏ်ပြုပန်းကုံးစွပ်၍ ကြိုဆိုစဉ်။**

တည်ငြိမ်အေးချမ်းမှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး အမြန်ဆုံးရရှိခံစားနိုင်ကြရန်အတွက် NCA မှတစ်ဆင့် ထာဝရငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော်ရာတွင် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်း လုပ်ငန်းစဉ်များကို တိုးတက်အောင်လည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ငြိမ်းချမ်းရေးကိစ္စ ဆွေးနွေးကြသည့်အခါတွင် မဖြစ်နိုင်သည်များကို တောင်းဆိုပြီး အချိန်ဆွဲထားမည့်အစား ဖြစ်သင့်ဖြစ်ထိုက်သည်များကို အရှည်မျှော်တွေး ညှိနှိုင်းကြခြင်းသည် ပိုမိုလက်တွေ့ဆန်မည်ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားပြီး တည်ငြိမ်အေးချမ်းမှု မရှိသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်နိုင်ခြင်း မရှိဘဲ အာဆီယံအသိုက်အဝန်း၌ပင် နောက်ကျ ကျန်လျက်ရှိသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျန်သည့် နိုင်ငံများကို အမီလိုက်မည်ဆိုပါက သူများခြေတစ်လှမ်းလှမ်းရင် ကိုယ်က ခြေလှမ်းများစွာ လှမ်းနိုင်မှုဖြစ်မည် ဖြစ်ကြောင်း၊ ဤနေရာတွင် လူမျိုး၊ ဘာသာ ခွဲခြားမှုမရှိဘဲ မြန်မာစိတ်မွေးပြီး နိုင်ငံတိုးတက်ရေးအတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် ကြိုးစားကြရန် လိုအပ်ကြောင်း၊ အတိတ်ကို လက်ညှိုးထိုးပြီး အပြစ်ရှာနေခြင်းထက် အတိတ်အပေါ် သင်ခန်းစာဖော်ထုတ်ပြီး နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သွားကြရန် အချိန်ရောက်နေပြီဟု ပြောကြားလိုကြောင်း။

နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရန်အတွက် တိုင်းရင်းသားလူမျိုးများ နေထိုင်သည့် ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီးကြောင်း၊ ယခင် တပ်မတော်အစိုးရလက်ထက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဝင် ဒေသ ၂၂ ခု သတ်မှတ်ပြီး တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ခဲ့ရာ တိုင်းရင်းသားများ နေထိုင်ရာဒေသများသည် ပိုမိုဖွံ့ဖြိုးတိုးတက်ခဲ့ကြောင်း၊ လက်ရှိကာလတွင်လည်း နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားရေးရာဝန်ကြီးဌာနများ ဖွင့်လှစ်ပြီး ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် နယ်စပ်ဒေသတွင်ရှိသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အရှိန်အဟုန်မကျသွားအောင် ပိုမိုအလေးထား ကူညီဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

**ပုံဖော်ဖန်တီးပေးခဲ့**

မိမိတို့တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ် ဖော်ဆောင်ရေးအတွက် လိုအပ်သည့် အခြေခံကောင်းများ ဖြစ်ပေါ်လာအောင် ပုံဖော်ဖန်တီးပေးခဲ့ပြီး ဒီမိုကရေစီ ကူးပြောင်းမှု ညင်သာချောမွေ့စွာ ဖြစ်စေရေးကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် ကျင့်သုံးလျက်ရှိသည့် ပါတီစုံဒီမိုကရေစီစနစ် ပိုမိုခိုင်မာစေရေးအတွက် တပ်မတော်အနေဖြင့် ရိုးသားမှုကို အခြေခံပြီး မျှော်လင့်ချက်၊ ယုံကြည်ချက် အပြည့်အဝဖြင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် ထာဝရငြိမ်းချမ်းရေးရရှိရန် မဖြစ်မနေ လိုအပ်သည့်အတွက် တပ်မတော်အနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို အခြေခံသည့် ငြိမ်းချမ်းရေးမူဝါဒ ၆ ရပ်ကို ချမှတ်ပြီး ခိုင်ခိုင်မာမာဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်က ချမှတ်ထားသည့် ငြိမ်းချမ်းရေးမူဝါဒ ၆ ရပ်သည် ယခင်ဖြတ်သန်းခဲ့ရသည့် ငြိမ်းချမ်းရေး အတွေ့အကြုံများနှင့် လက်ရှိငြိမ်းချမ်းရေး ဆောင်ရွက်ရာတွင် တွေ့ကြုံလာသည့် အခက်အခဲများအရ နိုင်ငံတော် တည်ငြိမ်ရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချမှတ်ထားခြင်းလည်းဖြစ်ကြောင်း။

တပ်မတော်၏ ပင်မတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးဖြစ်ပြီး အဆိုပါတာဝန်ကို ပြည်သူလူထုတစ်ရပ်လုံးနှင့် လက်တွဲဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ကာကွယ်ရေးကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် နိုင်ငံအလိုက် သမိုင်းကြောင်းကို မူတည်ပြီး ကွဲပြားမှုရှိကြောင်း၊ မည်သည့်အစိုးရ မည်သည့်နိုင်ငံရေးစနစ်နှင့်သွားသည်ဖြစ်စေ၊ မိမိတို့တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် အမျိုးသားနိုင်ငံရေး တာဝန်ထမ်းဆောင်ဖို့ပင် ဖြစ်ကြောင်း၊ တပ်မတော်၏ အဓိကတာဝန်ကြီးများအဖြစ် ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ် ကာကွယ်စောင့်ရှောက်ရေးတို့ကို အဓိကထား ဆောင်ရွက်ရမှာဖြစ်ပြီး နိုင်ငံ့အကျိုးပြု ပြည်သူအကျိုးပြုလုပ်ငန်းများကို အမျိုးသားရေးအသိနှင့် ယှဉ်ကာ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ခေတ်အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့် တပ်မတော်၏ အမျိုးသားနိုင်ငံရေး အစဉ်အလာများကို လက်ဆင့်ကမ်း စောင့်ထိန်းပြီး (၇၃) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

**ပြန်လည်ထွက်ခွာ**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား စစ်ရေးပြမှူးကြီး ဦးဆောင်သော စစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက အစီအစဉ်အတိုင်း စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြပြီး စစ်ရေးပြကွင်းကြီးအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ထိုသို့ ချီတက်အလေးပြုချိန်တွင် တပ်မတော်(လေ)မှ သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ် လေးစင်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အလံများကို အသီးသီးချိတ်ဆွဲ၍ အစဉ်လိုက် ပျံသန်းကြသည်။ အထူးတာဝန်တပ်ဖွဲ့ ကိုယ်စားပြု(အမျိုးသမီး) စစ်ရေးပြတပ်ခွဲမှ အရာရှိ၊ စစ်သည်များ၊ တပ်မတော်(ရေ)မှ ရေတပ်စစ်ဆင်ရေးအထူးတပ်ဖွဲ့ (Navy SEALs) မှ အရာရှိ၊ စစ်သည်များက ရဟတ်ယာဉ်များပေါ်မှ အမြန်ဆင်းကြိုးများဖြင့် မြေပြင်ပေါ်သို့ အသီးသီးဆင်းသက်ကြပြီး စစ်ရေးပြစစ်ကြောင်းများနှင့်အတူ လိုက်ပါချီတက်ကြသည်။

**သရုပ်ပြပျံသန်းအလေးပြု**

ထို့နောက် တပ်မတော်(လေ)မှ တိုက်ခိုက်ရေးရဟတ်ယာဉ် တစ်စင်းနှင့် အပေါ့စား သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ် သုံးစင်းတို့က အမျိုးအစားမတူညီသော ရဟတ်ယာဉ်များ အုပ်ဖွဲ့လျက် ပုံစံဖြင့်လည်းကောင်း၊ အပေါ့စားသယ်ယူပို့ဆောင်ရေးလေယာဉ် သုံးစင်းက Vic Formation ပုံစံဖြင့် လည်းကောင်း၊ အလတ်စား သယ်ယူပို့ဆောင်ရေး လေယာဉ် တစ်စင်း၊ အမောင်းသင်လေယာဉ် လေးစင်းတို့က အမျိုးအစားမတူညီသောအုပ်ဖွဲ့လျက် Arrow Head Composite Formation ပုံစံဖြင့် လည်းကောင်း၊ အလတ်စား သယ်ယူပို့ဆောင်ရေးလေယာဉ် တစ်စင်း၊ တိုက်ခိုက်ရေး ဂျက်လေယာဉ် နှစ်စင်းတို့က အမျိုးအစားမတူ အုပ်ဖွဲ့ပျံသန်း၍ Composite Formation ပုံစံဖြင့် လည်းကောင်း၊ အလတ်စား သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်းနှင့် အပေါ့စား အမောင်းသင် ဂျက်တိုက်လေယာဉ် လေးစင်းတို့က Smoke Trail များ အသုံးပြုပျံသန်း၍ လည်းကောင်း၊ အဆင့်မြင့်လေ့ကျင့်ရေး ဂျက်တိုက်လေယာဉ်လေးစင်းက ပျံသန်း၍လည်းကောင်း၊ ကြားဖြတ်တိုက်ခိုက်ရေး လေယာဉ် ငါးစင်းက Arrow Head Formation ပုံစံဖြင့်လည်းကောင်း၊ ဘက်စုံသုံး ဂျက်တိုက်လေယာဉ် ငါးစင်းက Arrow Head Formation ပုံစံဖြင့် ပျံသန်းပြီး ယပ်တောင်သဏ္ဌာန်ခွဲထွက်ကာ မီးကျည်များ ပစ်လွှတ်၍ လည်းကောင်း သရုပ်ပြပျံသန်းပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အခမ်းအနား တက်ရောက်လာကြသူများအား နှုတ်ဆက်၍ စစ်ရေးပြကွင်းကြီးမှ ပြန်လည်ထွက်ခွာသွားပြီး ၂၀၁၈ ခုနှစ် (၇၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**



**၂၀၁၈ ခုနှစ် (၇၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် တပ်မတော်စစ်ကြောင်းကြီးများ စစ်ရေးပြကွင်းကြီးအတွင်းသို့ ချီတက်လာစဉ်။** သတင်းစဉ်

# (၇၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ညှော်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပ

**နေပြည်တော် မတ် ၂၇**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ တို့က တည်ခင်းဧည့်ခံသည့် ၂၀၁၈ ခုနှစ် (၇၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ညှော်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဥပစာရင်ပြင်၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ (ငြိမ်း) ဦးသိန်းစိန်နှင့်ဇနီး၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် ဇနီး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တပ်မတော် အငြိမ်းစား အရာရှိကြီးများနှင့် ဇနီးများ၊ လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များ၊ စစ်ရေးပြမှူးကြီးနှင့် စစ်ကြောင်းမှူးများ၊ စွမ်းရည်ဘွဲ့ရရှိသူများနှင့် အမွေခံများ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီ တပ်ဖွဲ့တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်သူ့စစ်နှင့် နယ်ခြားစောင့်ဗဟိုအကြံပေးကွပ်ကဲရေး အဖွဲ့ဝင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေး တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ တက္ကသိုလ် လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ ရေကြောင်းနှင့် လေကြောင်း လူငယ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအဖွဲ့ဝင်များ၊ အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည် တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတို ပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့်ဇနီးတို့က (၇၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ညှော်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနား တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့် ဇနီးတို့သည် အခမ်းအနားကျင်းပသည့် ဥပစာရင်ပြင်သို့ ရောက်ရှိပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ဂုဏ်ပြုညစာစားပွဲ စတင်ကျင်းပစဉ်တွင် (၇၃)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် တပ်မတော်နေ့စစ်ရေးပြကွင်းနှင့် ဘုရင့်နောင်ရိပ်သာတို့မှ မီးရှူးမီးပန်းများ ပစ်ဖောက်ဂုဏ်ပြုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးတို့က တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

(၇၃)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ညှော်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ အနုပညာရှင်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ညစာစားပွဲအပြီးတွင် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ဇေယျာသီရိဗိမာန်သဘင်ဆောင်ခန်းမ၌ ယဉ်ကျေးမှုပဒေသာကပွဲများဖြင့် ကပြဖျော်ဖြေသည်။ ကပြဖျော်ဖြေမှုအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ကပြဖျော်ဖြေကြသည့် အနုပညာရှင်များ၊ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများမှ စစ်သည်၊ စစ်သမီးများနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များအား ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ကြသည်။

**သတင်းစဉ်**

# (၇၃)နှစ်မြောက်တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ကြသည့် အငြိမ်းစား တပ်မတော်အရာရှိကြီးများအား ဂါရဝပြု

**နေပြည်တော် မတ် ၂၇**

(၇၃)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ခဲ့ကြသော တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစား တပ်မတော်အရာရှိကြီးများအား တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက ဂါရဝပြုကန်တော့သည့် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပသည်။

**ဂါရဝပြုကန်တော့**

အဆိုပါ ဂါရဝပြုကန်တော့သည့် အခမ်းအနားသို့ အငြိမ်းစား တပ်မတော် အရာရှိကြီး ၃၁ ဦးနှင့် ဇနီး ၁၂ ဦးတို့ ကန်တော့ခံ တက်ရောက်ကြပြီး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့်ဇနီး၊ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ တက်ရောက်လာကြသူများက တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား အငြိမ်းစား တပ်မတော်အရာရှိကြီးများအား မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာနှင့်အညီ ရိုသေစွာ ဂါရဝပြုကန်တော့ကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အငြိမ်းစားတပ်မတော်အရာရှိကြီးများအား ဂါရဝပြုကန်တော့စဉ်။ သတင်းစဉ်

ထို့နောက် ကန်တော့ခံအငြိမ်းစား တပ်မတော်အရာရှိကြီးများ ကိုယ်စား ဗိုလ်ချုပ် သူရစောဖြူ(ငြိမ်း)၊ ဗိုလ်ချုပ်မောင်မောင် (ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည်(ငြိမ်း)တို့က သြဝါဒစကား ပြောကြားကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများက အငြိမ်းစားတပ်မတော်အရာရှိကြီးများထံ ဂါရဝပြု လက်ဆောင်ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျ ရိုသေစွာ ပေးအပ်ကြသည်။

ထို့အတူ မွန်းလွဲပိုင်းကလည်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီးနှင့် အဖွဲ့သည် ဘုရင့်နောင်ရိပ်သာတွင် ခေတ္တ တည်းခိုနေထိုင်လျက်ရှိသော (၇၃) နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်လာကြသည့် တပ်မတော် အငြိမ်းစား အရာရှိများထံ သွားရောက်၍ တစ်ဦးချင်းစီ လိုက်လံတွေ့ဆုံပြီး ခင်မင်ရင်းနှီးစွာ ဂါရဝပြုနှုတ်ဆက်စကား ပြောကြားသည်။

**ဂါရဝပြုတွေ့ဆုံ**

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ခဲ့သည့် ဗမာ့လွတ်လပ်ရေးတပ်မတော်(BIA)မှ လွတ်လပ်ရေး မော်ကွန်းဝင် ပထမအဆင့် ရရှိပြီး ကမာရွတ်မြို့နယ် လှည်းတန်းလမ်းဆုံနှင့် အခြားနေရာများတွင် ယာဉ်ထိန်း တာဝန်အဆင့်ဆင့်ကို ကျွမ်းကျင်ပိုင်နိုင်စွာ တာဝန်ထမ်းဆောင်နိုင်ခဲ့သဖြင့် ပြည်သူအများချစ်ခင်လေးစားကြသောလက်ရှိ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပ မြို့နယ်နေ အသက် ၉၇ နှစ်အရွယ်ရှိ ဘဘဦးညွန့်တင်(လက်ကောက်ညွန့်တင်) အပါအဝင် လွတ်လပ်ရေးမော်ကွန်းဝင် ပထမအဆင့်ရရှိသူ ခုနစ်ဦး၊ ဒုတိယအဆင့်ရရှိသူ ရှစ်ဦးနှင့် တတိယအဆင့်ရရှိသူ ငါးဦး စုစုပေါင်း ၂၀ တို့အား ဘုရင့်နောင်ရိပ်သာ၌ ဂါရဝပြုတွေ့ဆုံပြီး အားဖြည့်ဂှက်သိုက် အာဟာရများနှင့် ဂါရဝပြုငွေများအား တစ်ဦးချင်း ဂါရဝပြုပေးအပ်၍ ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၃)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိသော စစ်ရေးပြတပ်ခွဲများအား ဆုချီးမြှင့်

**နေပြည်တော် မတ် ၂၇**

(၇၃)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိကြသော စစ်ရေးပြတပ်ခွဲများအား ဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စုရပ်သစ်တပ် စစ်ရေးပြကွင်း၌ ကျင်းပသည်။

**ဆုများချီးမြှင့်**

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် (၇၃)နှစ်မြောက်တပ်မတော် နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးမောင်မောင်အေးက စစ်ရေးပြ ဂုဏ်ပြုဆုများ ရရှိကြသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအထူးတပ်ဖွဲ့နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုတပ်ဖွဲ့တို့အား လည်းကောင်း၊ အထူးတာဝန်တပ်ဖွဲ့ (အမျိုးသမီး) တပ်ခွဲဂုဏ်ပြုဆုကို အထူးတာဝန်တပ်ဖွဲ့(အမျိုး သမီး)တပ်ခွဲ အားလည်းကောင်း၊ ဗဟိုစစ်တီးဝိုင်းအဖွဲ့ဂုဏ်ပြုဆု ကို ဗဟိုစစ်တီးဝိုင်းအဖွဲ့အားလည်းကောင်း၊ အလံကိုင်အဖွဲ့ ဂုဏ်ပြုဆုကို တပ်မတော်(ကြည်း)အမျိုးသမီး အလံကိုင်အဖွဲ့အား လည်းကောင်း၊ မြင်းစီးစစ်ရေးပြတပ်စု ဂုဏ်ပြုဆုကို မြင်းစီး စစ်ရေးပြတပ်စုအား လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းဂုဏ်ပြုဆုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းအဖွဲ့အား လည်းကောင်း၊ အလံကိုင်အဖွဲ့အကောင်းဆုံးဆုကို ဘုရင့်နောင် စစ်ကြောင်း ကိုယ်စားပြု အလံကိုင်အဖွဲ့အားလည်းကောင်း၊ စစ်တီးဝိုင်းအဖွဲ့အကောင်းဆုံးဆုကို အနော်ရထာစစ်ကြောင်း ကိုယ်စားပြုစစ်တီးဝိုင်းအဖွဲ့အား လည်းကောင်း ဆုများပေးအပ် ချီးမြှင့်သည်။

ဆက်လက်၍ အကောင်းဆုံးစခန်း တတိယဆုရရှိသော အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ချီသီချင်း အကောင်းဆုံးတတိယဆုရရှိသော အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်စည်းကမ်း အကောင်းဆုံး တတိယဆုရရှိသော စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ရေးပြ အကောင်းဆုံး တတိယဆုရရှိသော လျှပ်စစ်နှင့်စက်မှု အင်ဂျင် နီယာညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။



ညို့နိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး စံပြတပ်ခွဲ ပထမဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုစစ်ရေးပြ ဂုဏ်ပြုတပ်ခွဲအား ဆုပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်

ထို့နောက် အကောင်းဆုံးစခန်း ဒုတိယဆုရရှိသော လေကြောင်းရန်ကာကွယ်ရေး တပ်ဖွဲ့အရာရှိချုပ်ရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ ၊ စစ်ချီသီချင်းအကောင်းဆုံး ဒုတိယဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)ကိုယ်စားပြုစစ်ရေးပြ တပ်ခွဲ(၁)၊ စစ်စည်းကမ်းအကောင်းဆုံး ဒုတိယဆုရရှိသော သံချပ်ကာ ယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ရေးပြ အကောင်းဆုံး ဒုတိယဆုရရှိသော အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့(အမျိုးသမီး) စစ်ရေးပြတပ်ခွဲ ဒုတိယဆုရရှိသော မြန်မာ နိုင်ငံရဲတပ်ဖွဲ့(အမျိုးသမီး)စစ်ရေးပြဂုဏ်ပြုတပ်ခွဲ ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ (အမျိုးသား)စစ်ရေးပြတပ်ခွဲ ဒုတိယဆုရရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အမျိုးသား) စစ်ရေးပြတပ်ခွဲ(၂)၊ တပ်မတော် (ကြည်း) (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ ဒုတိယဆု ရရှိသော တပ်မတော်(ကြည်း) (အမျိုးသမီး) စစ်ရေးပြဂုဏ်ပြု တပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ ပထမဆုရရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့(အမျိုးသမီး) စစ်ရေးပြ တပ်ခွဲ(၁)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(အမျိုးသား) စစ်ရေးပြတပ်ခွဲ ပထမဆုရရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့(အမျိုးသား) စစ်ရေးပြ တပ်ခွဲ( ၃ )၊ တပ်မတော်(ကြည်း) (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ ပထမဆုရရှိသော တပ်မတော်(ကြည်း) (အမျိုးသမီး)စစ်ရေးပြ တပ်ခွဲ( ၁ )တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

**စစ်ချီသီချင်းအကောင်းဆုံးပထမဆု**

ဆက်လက်၍ အကောင်းဆုံးစခန်း ပထမဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ချီသီချင်းအကောင်းဆုံး ပထမဆုရရှိသော ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုစစ်ရေးပြ တပ်ခွဲ၊ စစ်စည်းကမ်းအကောင်းဆုံး ပထမဆုရရှိသော ကာကွယ်ရေး ပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ရေးပြအကောင်းဆုံး ပထမဆုရရှိသော ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ညို့နှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးက စံပြတပ်ခွဲ တတိယဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြု စစ်ရေးပြ ဂုဏ်ပြု တပ်ခွဲ ၊ စံပြတပ်ခွဲ ဒုတိယဆုရရှိသော စစ်အင်ဂျင်နီယာညွှန်ကြား ရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စံပြတပ်ခွဲ ပထမဆု ရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြ ဂုဏ်ပြုတပ်ခွဲတို့အား ဆုများပေးအပ်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာ စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# (၇၃)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် အနုပညာရှင်များနှင့် စစ်ချီတေး၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူ ဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုပေးအပ်

နေပြည်တော် မတ် ၂၇

**(၇၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် စစ်ကိုမုန်း၍တိုက်ခဲ့သည် ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် အနုပညာရှင်များနှင့် စစ်ချီတေး၊ စစ်သည် တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူ ဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ညှော်ခန်းမဆောင်၌ ကျင်းပသည်။**

အခမ်းအနားတွင် ညို့နှိုင်းကွပ်ကဲရေး မှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး က တပ်မတော်နေ့ဂုဏ်ပြု စစ်ကိုမုန်း၍ တိုက်ခဲ့သည် ဇာတ်လမ်းတွင်ပါဝင်ခဲ့သည့် ဝတ္ထုနှင့် ဒါရိုက်တာ ဗိုလ်မှူး တင်အောင်စိုး၊ တည်းဖြတ်နှင့် တွဲဖက်ဒါရိုက်တာ ဗိုလ်ကြီး ဗညားအောင်၊ တွဲဖက်ဒါရိုက်တာ မယွန်း၊ ဇာတ်ညွှန်း မင်းခိုက်စိုးစန်၊ တည်းဖြတ် စည်သူ၊ ကွန်ပျူတာအထူးပြုလုပ်ချက် သန်းဆွေ၊ ရုပ်ရှင်သရုပ်ဆောင်များ ဖြစ် ကြသည့် ညီမင်းလွင်၊ နေမင်း၊ ထူးခန့် ကျော်နှင့် ထူးအောင်၊ တိုက်ပွဲများတွင် လည်းပါဝင်ခဲ့ပြီး စစ်ကိုမုန်း၍တိုက်ခဲ့သည် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းတွင် ကိုယ်တိုင်ပါဝင် သရုပ်ဆောင်ခဲ့ကြသော ဗိုလ်ကြီး ဟိန်းထက်နိုင်၏ဇနီး ဒေါ်သက် နှင်းဝေ၊ တပ်ခွဲတပ်ကြပ်ကြီး ကျော်သိန်း ခိုင်၏ဇနီး ဒေါ်ခင်ဝင်းအေး၊ တပ်ခွဲတပ်ကြပ် ကြီး ကျော်ဌေး၏ ဇနီး ဒေါ်နန်းထွေးခင်၊ တပ်ကြပ်ကြီးစာရေး ညီညီဦး၏ ဇနီး ဒေါ်မေဖူးခိုင်နှင့် တပ်ကြပ်ကြီးမြလှိုင်၏ ဇနီး ဒေါ်ထုဆိုင်တို့ကို လည်းကောင်း၊ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင် အေးက ရုပ်ရှင်သရုပ်ဆောင်များ ဖြစ်ကြ သည့် ကျော်ထက်အောင်၊ အကယ်ဒမီ စိုးမြတ်သူဇာ၊ အကယ်ဒမီ စိုးမြတ်နန္ဒာ၊ အကယ်ဒမီ စိုးပြည့်သဇင်၊ ခိုင်နှင်းဝေ၊ အိချောပို၊ သွန်းဆက်၊ ဆောင်းဝတ်ရည်မေ နှင့် ယဉ်လတ်၊ တိုက်ပွဲများတွင်လည်း ပါဝင်ခဲ့ပြီး စစ်ကိုမုန်း၍တိုက်ခဲ့သည် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းတွင် ကိုယ်တိုင်ပါဝင်သရုပ်ဆောင်ခဲ့ကြသော တပ်ကြပ် မင်းထိုက်၏ဇနီး ဒေါ်စန်းဝင်းရီ၊ တပ်ကြပ် မောင်တိုင်း၏ဇနီး ဒေါ်နန်းလှိုင်၊ တပ်ကြပ် အောင်နိုင်လင်း၏ဇနီး ဒေါ်ယေ နန်းကပ်၊ တပ်ကြပ် ကျော်သောင်း၏ဇနီး ဒေါ်တင်ယုံနှင့် တပ်သားသက်နောင်ဦး ၏ ဇနီး ဒေါ်ကြူကြူယဉ်တို့အား လည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်သည်။



ဆက်လက်၍ တပ်မတော်နေ့ကျင်းပ ရေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ် မြင့်မော်က (၇၃)နှစ်မြောက် တပ်မတော်နေ့စစ်ချီတေးသီချင်းပြိုင်ပွဲ တွင် ပထမဆုရရှိသော ဦးဝေလင်း (ဝေလင်း-သုခုမ)၊ ဒုတိယဆုရရှိသော တပ်ကြပ်ကြီး စောစဲနေကနဲစော၊ တတိယ ဆုရရှိသော ဗိုလ်ကြီး ဖုန်းမြင့်(အငြိမ်း စား)၊ နှစ်သိမ့်ဆုရရှိသော တပ်ကြပ်ကြီး ဇော်မျိုးထွန်း၊ စစ်သည်တေးသီချင်းပြိုင်ပွဲ တွင် ပထမဆုရရှိသော ဒေါ်ခင်စန္ဒီစိမ့် (အလင်္ကာမေ)၊ ဒုတိယဆုရရှိသော ဗိုလ်ကြီး ညဏ်ပိုင်စိုး(စစ်သူ)၊ တတိယ ဆုရရှိသော ဗိုလ်ကြီး ထွန်းထွန်းလတ် (ဘခက်)၊ နှစ်သိမ့်ဆုရရှိသော တပ်ကြပ် ကြီး စောစဲနေကနဲစော၊ နှစ်သိမ့်ဆုရရှိ သော ဒုတိယရဲမှူးကြီး သက်နောင်၊ ကဗျာတိုပြိုင်ပွဲတွင် ပထမဆုရရှိသော ဦးတင့်ထွန်း(တင့်ထွန်း-ချောက်)၊ ဒုတိယ ဆုရရှိသော ဗိုလ်ကြီး အောင်မျိုးထွန်း (မျိုးစစ်သည်)၊ တတိယဆုရရှိသော ဦးမင်းရွှေ(မင်းရွှေမင်း-တောင်ကုတ်)၊ နှစ်သိမ့်ဆုရရှိသော ဦးကျော်ဝင်းမောင် (ကျော်ဝင်းမောင်-ကျောက်မဲ) တို့အား လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် စာမူပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ် ထွန်းထွန်းညီ က ကဗျာရှည်ပြိုင်ပွဲတွင် ပထမဆုရရှိသော ဦးကျော်အေး(ပွင့်သစ်ဦး- ကလေးဝ)၊ ဒုတိယဆုရရှိသော တပ်ကြပ်ကြီး ဘိုသန်း (ဘုန်းရဲနိုင်-ဂန့်ဂေါ)၊ တတိယဆုရရှိသော ဦးမျိုးဌေး (ဝင်းနွယ်-သစ်တော)၊ နှစ်သိမ့် ဆုရရှိသော ဦးအောင်ကျော်မင်း (ကောင်းခြိမ့်ကျော်)၊ နှစ်သိမ့်ဆု ရရှိသော ဒေါ်ခိုင်သူဇာဝင်း(ခင်လယ်လယ်ချစ်-မြန် /ဂုဏ်)၊ ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆု ရရှိသော ဒုတိယဗိုလ်မှူးကြီး မြင့်ထွန်း (အန်ကယ်ပညာ)၊ ဒုတိယဆုရရှိသော ဗိုလ်ကြီး ယဉ်ထွန်း (ယဉ်ထွန်းအောင်- ထီလာ)၊ တတိယဆုရရှိသော ဦးစိုးမြင့် (ရဲမင်းစိုး)၊ နှစ်သိမ့်ဆု ရရှိသော ဒေါ်စန်း စန်းလှ (သွေးနီနီ)၊ ဝတ္ထုရှည်ပြိုင်ပွဲတွင် ပထမဆုရရှိသော တပ်ကြပ်ကြီး ထွန်းထွန်း(ယိမ်းနွဲ့လှုံ)၊ ဒုတိယဆုရရှိ သော တပ်ကြပ် တင်ဇော်လတ် (တေဇ လွှမ်း)၊တတိယဆုရရှိသော ဒေါ်မြင့်မြင့် သိန်း(တက္ကသိုလ် မြမဥ္စူ)၊ နှစ်သိမ့်ဆု ရရှိသော ဗိုလ်မှူး အောင်စိုးဝင်း (ကိုမြိုင်- အညာသား)နှင့် တပ်ကြပ်ကြီး ဘိုသန်း (ဘုန်းရဲနိုင်-ဂန့်ဂေါ) တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြ သည်။

အခမ်းအနားအပြီးတွင် ညို့နှိုင်း ကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)ဗိုလ်ချုပ် ကြီး မြထွန်းဦးက တက်ရောက်လာကြသူ များအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်း ဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၃)နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့အခမ်းအနား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးချုပ်၌ ကျင်းပ

**ရန်ကုန် မတ် ၂၇**

(၇၃)နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (ဗဟိုဌာနချုပ်) တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းနှင့် ဒီမိုကရေစီ အရေးတော်ပုံတွင် ကျဆုံးခဲ့ကြသော ရဟန်းရှင်လူ ကျောင်းသားပြည်သူများအား ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် ရှစ်စက္ကန့်ငြိမ်သက်ခြင်းတို့ကို ပြုလုပ်ကြသည်။

သဘာပတိဖြစ်သူ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် ဦးဟံသာမြင့်က အမှာစကားပြောကြားသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာမျိုးညွန့်က အချက်ခုနစ်ချက်ပါရှိသည့် (၇၃)နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့ ကြေညာချက်ကို ဖတ်ကြားပြီး နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များ၊ အဖွဲ့အစည်းများမှ ပေးပို့လာသော သဝဏ်လွှာများကို မှတ်တမ်းတင်သည်။

အဆိုပါ အခမ်းအနားကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကျင်းပခြင်းဖြစ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့ရှိ သံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ အဖွဲ့ချုပ်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး**




# မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုဖွင့်ပွဲကျင်းပ

**မန္တလေး မတ် ၂၇**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် NLD ပါတီမှကြီးမှူး၍ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သံလျက်မော်တောင် ရပ်ကွက် ၄၄၉ ကန်တော်ကြီး ကန်ပတ်လမ်းကန်တော်ကြီး ပန်းခြံအတွင်းရှိ ဗိုလ်ချုပ်ပန်းခြံ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ မန္တလေးမြို့တော်ဝန် ဒေါက်တာ ရဲလွင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တောင်သာမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစစ်အေး(မြို့နယ် NLD ပါတီ ဥက္ကဋ္ဌ)၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များဖြစ်သော ဦးတင်အောင် (ချမ်းမြသာစည်မြို့နယ် ၁)၊ ဦးမြင့်အောင်မိုး (ချမ်းမြသာစည်မြို့နယ် ၂) နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး NLD ပါတီဥက္ကဋ္ဌ ဦးတင်ထွဋ်ဦး၊ ခရိုင်NLD ပါတီဥက္ကဋ္ဌ ဦးခင်မောင်မြင့် (ခ)မောင်ကံ၊ မြို့နယ် NLD ပါတီဒုဥက္ကဋ္ဌ ဦးကျော်သန်းနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်တို့မှ NLD ပါတီဝင်များ၊ အလှူရှင်များဖြစ်ကြသော ဦးတင့်လွင်၊ ဦးတင်မောင်ဝင်း၊ ဦးအောင်ကျော်မိုး၊ ဦးသိန်းတန်၊ ဒေါက်တာထွန်းအောင် (စိမ်းရတနာကျောက်မျက်ရောင်းဝယ်ရေးနှင့် ဘိုညွန့် ကျောက်မျက်ကုမ္ပဏီမိသားစု) နှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၃၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။



**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အဆိုပါ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစစ်အေး၊ မြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် အလှူရှင်မိသားစုဝင်များက မင်္ဂလာအချိန်တွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက်ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က အမှာစကားပြောကြားပြီး အလှူရှင်ဒေါက်တာ ထွန်းအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

**အထူးစည်ကား**

ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ကန်တော်ကြီးပန်းခြံအတွင်းရှိ ဗိုလ်ချုပ်ပန်းခြံ၌ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲများ၊ ကဗျာရွတ်ပွဲ၊ စာပေဟောပြောပွဲများ ကျင်းပခဲ့ကြကြောင်း၊ ယနေ့ဖွင့်လှစ်ခဲ့သည့် အဆိုပါဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုရှေ့၌ ပွဲတော်လာရောက်ကြသူများ အမှတ်တရဓာတ်ပုံရိုက်ကြသူများဖြင့် ဗိုလ်ချုပ်ပန်းခြံတွင် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (ပထမနေ့) ကျင်းပ

**တောင်ကြီး မတ် ၂၇**

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (ပထမနေ့)ကို မတ် ၂၆ ရက် နံနက် ၁၀ နာရီက တောင်ကြီးမြို့သစ်တော်ရပ်ကွက်ရှိ ရှမ်းပြည်နယ် လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးမှ ကြယ်ပွင့်ပြမေးခွန်း ၁၅ ခုမေးမြန်းခြင်းနှင့် အဆို နှစ်ခု တင်သွင်းခြင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းကြသည့် မေးခွန်းများကို သက်ဆိုင်ရာအစိုးရအဖွဲ့ဝင် ပြည်နယ်ဝန်ကြီးများက ပြန်လည်ဖြေကြားကြသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၈ ခု ပြည်နယ်၏ ဘဏ္ဍာငွေအရသုံးဆိုင်ရာ ဥပဒေကြမ်းအား ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံးက ပြည်နယ်လွှတ်တော်သို့ လည်းကောင်း၊ ၂၀၁၈ ခု ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ ပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)အား ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဦးစိုးညွန့်လွင်က ပြည်နယ်လွှတ်တော်သို့ လည်းကောင်း၊ ၂၀၁၈ ခုနှစ် အသေးစားချေးငွေလုပ်ငန်းဥပဒေမူကြမ်းအား ပြည်နယ် ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံးက ပြည်နယ်လွှတ်တော်သို့ လည်းကောင်း တင်သွင်းရာ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက ပြည်နယ်လွှတ်တော်ရုံး ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာပြီး ဒုတိယအကြိမ် ပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



(၇၃) နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ဝင်းဦးဆောင်ပြီး သထုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်နှင့် တပ်ဖွဲ့ဝင်များ၊ ဘီးလင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ မတ် ၂၇ ရက် နံနက်က ခရိုင်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ဆောင်အနီးတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြစဉ်။

၁၃၈

# (၇၃)နှစ်မြောက်တပ်မတော်နေ့အခမ်းအနား မြိတ်၌ကျင်းပ

**မြိတ် မတ် ၂၇**

မတ် ၂၇ ရက်တွင် ကျရောက်သည့် (၇၃) နှစ်မြောက်တပ်မတော်နေ့ အခမ်းအနားကို နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် မြို့ကြီးများ၌ ကျင်းပလျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းအားကစားကွင်းတွင်လည်း နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လင်းအောင်နှင့် စစ်ရေးပြတပ်ခွဲများက နိုင်ငံတော်အလံအား အလေးပြုခဲ့ကြပြီး ကျဆုံးလေပြီးသော ခေါင်းဆောင်များနှင့် တပ်မတော်သား အပေါင်းအား အလေးပြုခဲ့ကြကာ သစ္စာလေးချက် ရွတ်ဆိုခဲ့ကြသည်။

ထို့နောက် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးက တပ်မတော်နေ့ဂုဏ်ပြုမိန့်ခွန်း ပြောကြားခဲ့သည်။ ဆက်လက်၍ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်း တပ်စု စစ်တီးဝိုင်းသရုပ်ပြသခဲ့ကြပြီး မြန်မာ့သိုင်းသင်တန်းကျောင်းမှ သင်တန်းသားများက မြန်မာ့သိုင်း၊ ဗန်တို၊ ဗန်ရှည် ပညာရပ်များဖြင့် သရုပ်ပြ တင်ဆက်ခဲ့ကြရာ တိုင်းမှူးက သရုပ်ပြအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။ အခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများက ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်ရှိ တိုင်းသမိုင်းပြခန်းအား ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

**လူကုန်ကူးမှုမှုန်သမျှ ဝိုင်းဝန်းပူးပေါင်းဆန့်ကျင်ကြ**

# အာဆီယံဘေးအန္တရာယ် အရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်ရေးအဖွဲ့၏ (၉)ကြိမ်မြောက် လုပ်ငန်းဝင်သင်တန်းဖွင့်




နေပြည်တော် မတ် ၂၇

**မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပသည့် အာဆီယံဘေးအန္တရာယ်အရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာရေးအဖွဲ့၏ (၉)ကြိမ်မြောက် လုပ်ငန်းဝင်သင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ ရက် နံနက်ပိုင်းက နေပြည်တော် ရွှေနန်းတော်ဟိုတယ်၌ ကျင်းပရာလူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။** (ယာပုံ)

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်မျိုးစုံ ဖြစ်ပွားလျက်ရှိပြီး မျှားမကြာမီနှစ်များအတွင်း လေပြင်းဘေး၊ ကမ်းပြိုဘေးနှင့် မိုးကြိုးဘေးတို့ကို ဒေသအများစုတွင် မကြာခဏ တွေ့ကြုံနေရပါကြောင်း၊ အဆိုပါဘေးများသည် ဒေသအလိုက်ဖြစ်ပွားသည့် ဘေးများဖြစ်သော်လည်း ဖြစ်ပွားသည့် အကြိမ်ရေများပြားသည့်အတွက် မိမိဝန်ကြီးဌာနအနေဖြင့် ထိခိုက်မှုလျှော့ချရေးလုပ်ငန်းများကို အထူးအလေးပေး၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ဒေသတွင်းအဆင့် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များကို ဖွဲ့စည်းထားခြင်းအားဖြင့် အာဆီယံဒေသတွင်းနှင့် ဒေသပြင်ပတို့၌ ဘေးအန္တရာယ်ကျရောက်ချိန်များတွင် တစ်ခုတည်းသော အာဆီယံရပ်တည်ချက်ဖြင့် အရေးပေါ်တုံ့ပြန်မှုများကို လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

အာဆီယံအရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာရေးအဖွဲ့၏ လုပ်ငန်းဝင် သင်တန်းများကို စင်ကာပူ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မလေးရှား၊ ထိုင်းတို့တွင် အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်ခဲ့ပြီး (၉)ကြိမ်မြောက် သင်တန်းကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ခြင်း ဖြစ်သည်။

**သတင်းစဉ်**




# မြန်မာ့စားသောက်ကုန်ဖွံ့ဖြိုးတိုးတက်ရေး ဟောပြောဆွေးနွေးပွဲကျင်းပ မြန်မာ့ရိုးရာအစားအသောက် ဈေးရောင်းပွဲတော်ဖွင့်

**မန္တလေး မတ် ၂၇**

စားသောက်ကုန်တိုင်းသည် အရည်အသွေးပြည့်ဝပြီး အာဟာရဓာတ်နှင့် ပြည့်စုံသော အမြဲတမ်းအလုံအလောက်ရှိနေရန်နှင့် လက်လှမ်းမီနေရန်လည်း လိုအပ်ကြောင်း၊ ထိုအချက်များ ပြည့်စုံနေရန်အတွက် လိုအပ်သော ဌာနပေါင်းစုံက ဝိုင်းဝန်းပါဝင်ဆောင်ရွက်နေကြရန်လည်း အထူးအရေးကြီးပါကြောင်းဖြင့် မတ် ၂၇ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၁ လမ်းရှိ မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည့် မန္တလေးတိုင်းဒေသကြီး စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက ကြီးမှူး၍ မြန်မာ့စားသောက်ကုန်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဟောပြောဆွေးနွေးပွဲ၊ ကုန်စည်ပြပွဲ ဈေးရောင်းပွဲတော်နှင့် မြန်မာ့ရိုးရာ အစားအသောက်ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ဟောပြောဆွေးနွေးပွဲတွင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က စားသုံးသူရေးရာဗဟိုကော်မတီဝင် ပါမောက္ခ ဒေါက်တာအောင်မြင့် (ဆေး/မန်း)၊ မန္တလေးနည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဆင့်စိုးနှင့် တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှု ဦးစီးဌာနမှ တာဝန်ရှိသူတို့က "ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များ ထုတ်လုပ်ရောင်းချမှုဆိုင်ရာ နိုင်ငံတော်မှ ဆောင်ရွက်ထားရှိမှုများ" ကိုလည်းကောင်း၊ မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိန်သောင်းဦးနှင့် မြန်မာနိုင်ငံ အစာအာဟာရဆိုင်ရာ သိပ္ပံနှင့် နည်းပညာအသင်းဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းကြည်တို့က "ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များ ထုတ်လုပ်ရောင်းချမှုဆိုင်ရာ အသင်းအဖွဲ့များမှ ဆောင်ရွက်ထားရှိမှုများ" ကိုလည်းကောင်း ဆွေးနွေးဟောပြောကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းမှုကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ပြပွဲတွင် ဌာနဆိုင်ရာပြခန်းများ၊ အစားအသောက်ထုတ်ကုန်များနှင့် စားသောက်ကုန်ထုတ်စက်ပစ္စည်းများ၊ မြန်မာ့ရိုးရာ အစားအသောက်များ စသည်ဖြင့် ပြခန်းပေါင်း ၇၅ ခန်းပါရှိပြီး မတ် ၂၈ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၈ နာရီအထိ ဖျော်ဖြေရေးအစီအစဉ်များနှင့်အတူ ဖွင့်လှစ်ပြသ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ကမ်းလွန်လုပ်ကွက် M-9 ၌ တွင်းတူးဖော်လုပ်ကိုင်မည်ဖြစ်သည့်အတွက် ရေကြောင်းသတိပေးချက်ကြေညာ

**နေပြည်တော် မတ် ၂၇**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M-9 ၌ Appraisal Drilling Campaign တွင် တွင်းတူးဖော်ခြင်းလုပ်ငန်းများကို Semi-Submersible Drilling Rig, NOBLE CYLDE BOUDREAUX ဖြင့် Restricted Area Boundary တည်နေရာများဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၁ မိနစ် ၀၈ ဒသမ ၆၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၁ မိနစ် ၄၄ ဒသမ ၉၁ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၁ မိနစ် ၁၀ ဒသမ ၅၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၂ မိနစ် ၄၀ ဒသမ ၃၉ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၀ မိနစ် ၀၄ ဒသမ ၉၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၂ မိနစ် ၃၉ ဒသမ ၇၇ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၀ မိနစ် ၀၄ ဒသမ ၈၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၀ မိနစ် ၄၇ ဒသမ ၅၀ စက္ကန့်၊ Point E မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၄ မိနစ် ၂၇ ဒသမ ၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၀ မိနစ် ၄၅ ဒသမ ၃၃ စက္ကန့်နှင့် Point F မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၄ မိနစ် ၂၄ ဒသမ ၄၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၁ မိနစ် ၄၉ ဒသမ ၃၇ စက္ကန့်တွင် လည်းကောင်း၊

Individual Surface Location of Well တည်နေရာများဖြစ်သော Point KKN-57 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၆ မိနစ် ၂၈ ဒသမ ၃၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၅ မိနစ် ၁၆ ဒသမ ၂၄ စက္ကန့်၊ Point KKN-66 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၆ မိနစ် ၁၁ ဒသမ ၃၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၅ မိနစ် ၁၄ ဒသမ ၅၅ စက္ကန့်၊ Point KKN-74 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ် ၀၅ ဒသမ ၈၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၃ မိနစ် ၁၇ ဒသမ ၁၁ စက္ကန့်၊ Point KKN-82 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၂ မိနစ် ၃၉ ဒသမ ၀၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၅ မိနစ် ၁၅ ဒသမ ၃၈ စက္ကန့်၊ Point KKN-25 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၁ မိနစ် ၄၃ ဒသမ ၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၉ မိနစ် ၅၃ ဒသမ ၁၈ စက္ကန့်၊ Point KKN-44 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၄ မိနစ် ၀၁ ဒသမ ၃၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၈ မိနစ် ၁၄ ဒသမ ၂၇ စက္ကန့်၊ Point GTK-19 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၉ မိနစ် ၁၃ ဒသမ ၂၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၉ မိနစ် ၁၀ ဒသမ ၉၉ စက္ကန့်၊ Point ZTK-23 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၉ မိနစ် ၅၂ ဒသမ ၆၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၇ မိနစ် ၅၃ ဒသမ ၂၇ စက္ကန့်၊ Point GTK-11 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၄ မိနစ် ၅၇ ဒသမ ၇၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၂ မိနစ် ၃၃ ဒသမ ၄၄ စက္ကန့်၊ Point GTK-21 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၁ မိနစ် ၀၈ ဒသမ ၅၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၀ မိနစ် ၂၁ ဒသမ ၀၄ စက္ကန့်နှင့် New Play 1 (Exploration Well) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၆ မိနစ် ၀၇ ဒသမ ၈၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၇ မိနစ် ၅၉ ဒသမ ၇၇ စက္ကန့်အတွင်းတွင် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၉ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M-9 ၌ Appraisal Drilling Campaign တွင် တွင်းတူးဖော်ခြင်းလုပ်ငန်းများကို Semi-Submersible Drilling Rig, NOBLE CYLDE BOUDREAUX ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါတွင်းတူးဖော်မည့် တည်နေရာများမှ ၄ ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သိရသည်။

**မြန်မာ့အလင်း**

● *ကျော့ဖုံးမှ*

## နှစ်ကျော့စလုံးနိုင်

မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအပြီးတွင် နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရှုံးမှတ်ရခဲ့ပြီး မကာအိုအသင်းမှာမူ ခြောက်ပွဲစလုံး ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ခြေစစ်ပွဲတွင် မကာအိုအသင်းကို နှစ်ကျော့စလုံး အနိုင်ရခဲ့ပြီး အိန္ဒိယနှင့် ကာဂျစ္စတန်အသင်းကို တစ်ပွဲသရေ၊ တစ်ပွဲရှုံးခဲ့သည်။

## ခြေစစ်ပွဲအောင်မြင်အသင်း

အာရှဖလားခြေစစ်ပွဲ တတိယအဆင့် ပွဲများပြီးဆုံးသွားပြီဖြစ်ရာ အုပ်စု(က)မှ အိန္ဒိယနှင့်ကာဂျစ္စတန်၊ အုပ်စု(ခ)မှ လက်ဘနွန်နှင့် မြောက်ကိုရီးယား၊ အုပ်စု(ဂ)မှ ဂျော်ဒန်နှင့် ဗီယက်နမ်၊ အုပ်စု(ဃ)မှ ပါလက်စတိုင်းနှင့် အိုမန်၊ အုပ်စု(င)မှ ဘာရိန်းနှင့် တာ့ခ်မင်နစ္စတန်၊ အုပ်စု(စ)မှ ဖိလစ်ပိုင်နှင့် ယီမင်တို့ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။နောက်ဆုံးအဆင့်ကို ၂၀၁၉ ခုနှစ် နှစ်ဆန်းတွင် ယူအေအီးနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင် ယူအေအီးအသင်း အပါအဝင် ကာတာ၊ တောင်ကိုရီးယား၊ ဂျပန်၊ ထိုင်း၊ ဆော်ဒီ၊ ဩစတြေးလျ၊ ဥဇဘက်ကစ္စတန်၊ အီရန်၊ ဆီးရီးယား၊ အီရတ်၊ တရုတ်၊ ပါလက်စတိုင်း၊ အိုမန်၊ အိန္ဒိယ၊ လက်ဘနွန်၊ တာ့ခ်မင်နစ္စတန်၊ ဂျော်ဒန်၊ ဘာရိန်း၊ ဗီယက်နမ်၊ ကာဂျစ္စတန်၊ မြောက်ကိုရီးယား၊ ဖိလစ်ပိုင်နှင့် ယီမင် စုစုပေါင်း ၂၄ သင်းဖြင့် ကျင်းပမည် ဖြစ်သည်။

**ညီမြတ်သော်တာ**

မြန်မာအသင်းသည် ဂိုးရရန်အတွက် ဒုတိယပိုင်းတွင် ကစားသမားအပြောင်းအလဲပြုလုပ်ခဲ့ပြီး ကြည်လင်းဝင်လာပြီး နောက်ပိုင်းတွင် တိုက်စစ်ကစားပုံ ပိုကောင်းလာခဲ့သည်။ ကြည်လင်းက မြန်မာအသင်း ညာတောင်ပံမှ အဓိက တိုက်စစ်ဆင်ခဲ့ပြီး မကာအိုအသင်း၏ ခံစစ်ကစားပုံကြောင့် မိနစ် ၇၀ ကျော်မှ အနိုင်ဂိုးရခဲ့သည်။ မြန်မာအသင်းတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို၇၄ မိနစ်တွင် ကြည်လင်းက သွင်းယူပေးခဲ့သည်။ မြန်မာအသင်းသည် ဂိုးရပြီးနောက်ပိုင်းတွင် အခွင့်အရေးများ ထပ်ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ တစ်ဂိုးတည်းဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

# ကချင်ပြည်နယ်တွင် ယခုနှစ်နွေရာသီ အပူချိန်လျော့နည်းနိုင်

မြစ်ကြီးနား မတ် ၂၇

**ကချင်ပြည်နယ်တွင် လာနီညာရာသီဥတုကြောင့် ယခုနှစ်နွေရာသီတွင် ပြီးခဲ့သည့်နှစ်များ၏ နွေရာသီအပူချိန်ထက် အပူချိန်လျော့နည်းနိုင်ကြောင်း ကချင်ပြည်နယ် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ သိရသည်။**

ယခု မတ်လမှ လာမည့်မေလအတွင်း အပူချိန်မှာ ယခင်နှစ်များနှင့် မတူဘဲ အပူချိန်လျော့နည်းနိုင်ကြောင်း အဆိုပါ အပူချိန်လျော့နည်းခြင်းကြောင့် ကချင်ပြည်နယ်အတွင်းရှိ ပြည်သူလူထုအတွက် ကောင်းကျိုးများ ရရှိနိုင်သော်လည်း အချိန်အခါမဲ့ မိုးရွာသွန်းမှုများကြောင့် စိုက်ပျိုးတောင်သူများ၏ နွေစပါး၊ ပြောင်းနှင့် ငရုတ် စသည့်သီးနှံများအတွက် ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်ကြောင်း ယင်းဌာနမှ သိရသည်။

"ဒီနှစ်နွေရာသီက လာနီညာနှစ်ဖြစ်တဲ့အတွက် ပြီးခဲ့တဲ့နှစ် အပူချိန်ထက် လျော့မယ်၊ အရင်တုန်းက အယ်နီညာဖြစ်ခဲ့ပြီး အလွန်ပူခဲ့တဲ့ အပူချိန်တွေနဲ့ ပြောင်းပြန်ချိန်ခွင်ညာ ပြန်ညှိတဲ့ အနေအထားမျိုးဆိုတော့ မနှစ်က ပူခဲ့တဲ့အခါ ဒီနှစ်က အအေးဘက်ကို နည်းနည်း ဆန်လာတာပါ၊ အခု မတ်လကာလတွေက ကချင်ပြည်နယ်က လာနီညိုအဖြစ် အကျိုးကို ခံစားနေရတာပါ၊ တကယ်တမ်း မတ်လက ပူရမယ့်ဟာကို အေးလာတယ်၊ မိုးတွေရွာနေတယ်"ဟု ပြည်နယ် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးတင်ထိုက်က ပြောသည်။

ကချင်ပြည်နယ်၏ ရာသီဥတုအနေအထားအရ ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာလ စသည့်လများသည် အပူချိန်အမြင့်ဆုံး လများဖြစ်ပြီး ယခုနှစ် ၂၀၁၈ ၏ အမြင့်ဆုံးအပူချိန်ကို ခန့်မှန်း၍ မရသေးသော်လည်း အနိမ့်ဆုံးအပူချိန်မှာ ၂၀၁၈ ၏ ဇန်နဝါရီလအတွင်း တိုင်းတာချက်အရ ၇ ဒသမ ၀ ဒီဂရီစင်တီဂရိတ်ရှိကြောင်း သိရသည်။

**မင်းမင်းဦး**

# ပြည်ပပို့ကုန်သီးနှံတိုးမြှင့်ထုတ်လုပ်ရေး

K ဇင်သစ်(မန်းတက္ကသိုလ်)

၇၀ ရာခိုင်နှုန်းသော ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားရေးအတွက် အစိုးရ၏ ကြိုးစားအားထုတ်ပေးမှုသည် ရှေ့သို့ရောက်လာပြီဟု ဆိုချင်ပါသည်။ ကျေးလက်နေ တောင်သူ ဦးကြီးများ မိုးရော၊ နွေပါ အခါမလပ် စိုက်ပျိုးနေကြသည့် စပါးဈေးနှုန်းကို တင်း ၁၀၀ လျှင် ငွေကျပ် ငါးသိန်း အခြေခံဝယ်ယူပေးရန် မြန်မာနိုင်ငံ ဆန်စပါးအသင်း ချုပ်၏ ကြေညာချက်ကလည်း တောင်သူဦးကြီးများ ပီတိဖုံးစေမှာ အမှန်ပါ။ စိုက်ပျိုး ရေးဦးစီးဌာနက GAP စနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ သဘာဝဓာတ်မြေသြဇာ- ပိုးသတ် ဆေးများ စနစ်တကျသုံးစွဲရေး၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများဖြင့် စိုက်ပျိုး ထုတ်လုပ်နိုင်ရေးတို့ကို တောင်သူဦးကြီးများအား အသိပညာဖြန့်ဖြူးပေးလျက် ရှိသကဲ့သို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနကလည်း မြန်မာ့ လယ်ယာထွက်ကုန် သီးနှံများ ဈေးကွက်ရရှိရေး အာရှ-ဥရောပ-အာဖရိကနယ်ချဲ၍ ပို့ကုန်မဟာဗျူဟာ စီမံချက်နှင့်အညီ တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိခြင်းကလည်း အားရကျေနပ်ဖွယ် ရှိလှပါသည်။ မြန်မာ့ဆန်ဖောက်သည် ယခင်နှစ်က နိုင်ငံ ၄၀ သာ ရှိနေခြင်းထက် ဒီဘက်နှစ်တွင် ၆၂ နိုင်ငံအထိ ဈေးကွက်ထိုးဖောက် စွမ်းဆောင် နိုင်ခဲ့မှုနှင့် မြန်မာ့ဆန်ဈေးကွက်တန်းဝင်မှုကြောင့် နှစ်ပေါင်း ၇၀ ကျော်ကာလအတွင်း ဆန်ပြည်ပတင်ပို့မှု စံချိန်တင်နိုင်ခဲ့ခြင်းကိုလည်း ဂုဏ်ယူနေမိပါသည်။

**လယ်ယာကဏ္ဍဖွံ့ဖြိုးရေးသည် အပြောလွယ်သလောက် လုပ်ရခက်**

ပြည်တွင်းစားနပ်ရိက္ခာအတွက်လည်း ပူပန်ရန်မလိုသကဲ့သို့ ပြည်ပသို့ ဆန်တန်ချိန် သုံးသန်းကျော် တင်ပို့နိုင်ခဲ့ခြင်း၏ အဓိကကျေးဇူးရှင်သည် ကျေးလက်နေ တောင်သူ ဦးကြီးများ၏ ဆန်စပါးကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှုတွင် အားတက်သရော ခွန်အား စိုက်ထုတ်ခဲ့ခြင်းကြောင့်ဟုဆိုလျှင် မှားမည်မထင်ပါ။ သို့သော် တောင်သူလယ်သမား များ၏ လူမှုစီးပွားဘဝ မြင့်မားလာမှုကတော့ ထင်သလောက် မပေါက်ရောက်သေးပေ။ လယ်ယာသီးနှံထွက်ကုန်များ အရည်အသွေးမီမီဖြင့် ထုတ်လုပ်နိုင်ပြီး ပြည်ပသို့ များများတင်ပို့နိုင်မှသာလျှင် Trade Deficis ကုန်သွယ်မှုလိုငွေ လျှော့ချရေးတွင် တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပေသည်။ လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးတွင် အဓိကရင်ဆိုင်နေရသည့် ရင်းနှီးမြှုပ်နှံမှုနှင့် ငွေကြေးထောက်ပံ့မှု တို့တွင် ပြည်တွင်းရော ပြည်ပကပါ ရင်းနှီးမြှုပ်နှံရန် လက်တွန့်နေကြသည့်အတွက် တိုင်းပြည် GDP ၏ ၃၀ ရာခိုင်နှုန်း ပါဝင်လျက်ရှိသည့် လယ်ယာထွက်ကုန်နှင့် ဝန်ဆောင်မှုတန်ဖိုးများ တည်ငြိမ်တိုးတက်လာစေရေးကို အဟန့်အတားသဖွယ် ရှိနေသည်ကို မေ့လျော့ထားလို့ရမည်မထင်ပါ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများတွင် လယ်ယာကဏ္ဍ ရင်းနှီးမြှုပ်နှံမှုက အောက်ဆုံးအဆင့်တွင်ရှိနေပြီး ပြည်တွင်းငွေကြေး ချမ်းသာသူ ကုမ္ပဏီများကလည်း သူတို့အတွက် မြိုးမြိုးမြက်မြက်ရမှာ မသေချာတော့ မသိချင်ဟန်ဆောင်နေကြသည်ဟုလည်း ရဲရဲမဆိုဝံ့ပေ။ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်ဆီသို့ ဦးတည်ခုတ်မောင်းနေသည့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေး သည် အပြောလွယ်သလောက် လုပ်ရခက်နေသည်က လက်တွေ့တွင် ကြုံနေရသည်။ စက်မှုလယ်ယာစနစ်သို့ မကူးပြောင်းပြန်ရင်လည်း လုပ်သားရှားပါးမှု၊ သီးနှံ အရည် အသွေးကောင်းမွန်မှု၊ စိုက်ပျိုးစရိတ်မြင့်မားမှုတွေကို ကျော်လွှားဖို့ မြေပြင်မှာ ရင်ဆိုင် နေကြရသည်က ကျေးလက်နေ တောင်သူဦးကြီးများပင် ဖြစ်ကြပါသည်။

အစိုးရကထုတ်ပေးသော စိုက်ပျိုးစရိတ်ချေးငွေနှင့် မလုံလောက်၍ ပြင်ပ ချေးငှားသူတွေထံက စိုက်ပျိုးရာသီအမီ ချေးယူပြီး လယ်စရိတ်မှာ စိုက်ထည့်သုံးလိုက် ပြန်တော့လည်း အတိုးနှုန်းက ခေါင်ခိုက်နေတာကိုသိသိကြီးဖြင့် လှည့်လည်ချေးယူ နေကြသည့် တောင်သူဦးကြီးများ၏ ဘဝကလည်း ရင်မောစရာ ကောင်းလှပါသည်။ သမဝါယမအသေးစား အရင်းအနှီးချေးငွေဆိုတာကလည်း လယ် ၁၀ ကေပိုင်လည်း ချေးငွေကျပ် တစ်သိန်း၊ နှစ်ကေ၊ သုံးကေပိုင်လည်း အသင်းသားဖြစ်ပါမှ ငွေကျပ် တစ်သိန်းသည်လည်း ဆင်ပါးစပ် နှမ်းပက်သလောက်သာ ပမာရှိပါသည်။ သမဝါယမ ဘက်ကို ကြည့်ပြန်တော့လည်း ငွေကလုံလောက်စွာမရှိ၊အစိုးရအာမခံစာနှင့် နိုင်ငံခြား က ချေးငွေဖြင့် ဆောင်ရွက်ပေးနေရှာတော့လည်း အပြစ်မဖို့သာ။ ဘာပဲပြောပြော သမဝါယမချေးငွေကတစ်လ တစ်ရာကျပ်ပေါ် ၁.၅၀ ကျပ်တိုးနှုန်းဆိုတော့ ပြင်ပငွေတိုး ချေးစားသည့်သူတွေထက် သက်သာလို့ အပြောခံ၊ အဆိုခံ၊ အပင်ပန်းခံနေရသည့် သမဝါယမကို ကျေးဇူးတင်နေမိပြန်သည်။ ဒီဘက်ခေတ်တွင် ပို၍ကျယ်လောင်စွာ ဝေဖန်ခံနေရသော သမဝါယမများကို နိုင်ငံတော်အစိုးရကလည်း ဘယ်လိုစီမံကိန်း တွေ လုပ်ဆောင်ဖို့၊ ပရောဂျက်(Project) အလိုက် ငွေလုံးငွေရင်း အသုံးစရိတ်တွေ ချထားပေးဖို့ ဆိုတာလည်း စဉ်းစားခံဘဝတောင် ရောက်မလာနိုင်။ သမဝါယမက လယ်ယာကဏ္ဍဖွံ့ဖြိုးဖို့ စိုက်ပျိုးစရိတ်ချေးငွေတွေကို တောင်သူဦးကြီးများ လက်ဝယ် အရောက် ထုတ်ချေးပေးနေခြင်းသည်လည်း ပြည်ပသို့ ဆန်တင်ပို့နိုင်ရေးတွင် အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ ရှိနေသည်ကို တွေ့နေရပါသည်။

**မျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်ရေး အရေးကြီး**

လွှတ်တော်အစည်းအဝေးတစ်ခုတွင် စက်မှုလယ်ယာစနစ်ကျ အဆင့်မြင့် လယ်ယာမြေများ ဖော်ထုတ်ဖို့ ကိုယ်စားလှယ်တော်ကြီးများမှ မိမိမဲဆန္ဒနယ်မြေရှိ တောင်သူဦးကြီးများ၏ လူမှုစီးပွားဘဝ မြင့်မားရေးအတွက် ပြည့်ပြည့်စုံစုံ ဆွေးနွေး အကြံပြုခဲ့သည်များကိုလည်း ကြားသိလိုက်ရပါသည်။ အမှန်လည်း ဖော်ဆောင်သင့် သည့်လုပ်ငန်း ဖြစ်ပါသည်။ အဆင့်မြင့်စက်မှု လယ်ယာစနစ်ဘက်ပေါင်းစုံမှ အကောင် အထည်ဖော်ဖို့ လယ်ယာမြေများကို စနစ်တကျ ဖော်ထုတ်ပေးရမည်လည်း ဖြစ်ပါ သည်။ သမဝါယမဦးစီးဌာနနှင့် ဗဟိုသမဝါယမအသင်းတို့၏ ဦးဆောင်မှုဖြင့် သမဝါယမအသင်းသား လယ်သမားများအတွက်လည်း ဦးစားပေးအဆင့်အတန်း သုံးမျိုးခွဲခြားပြီး စက်မှုလယ်ယာမြေဖော်ထုတ်ခြင်းကို နိုင်ငံပိုင်သတင်းစာများတွင် ကြော်ငြာခေါ်ယူပြီး ဆန္ဒရှိသူ လယ်သမားများအတွက် စက်မှုလယ်ယာဦးစီးဌာန၏ အကူအညီရယူကာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် လယ်ယာမြေ ၃၅၇၀၀ ကေ ကျော်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် လယ်ယာမြေ ၂၈၀၀၀ ကေကျော်ကို စနစ်တကျ စက်မှုလယ်ယာမြေများဖြစ်အောင် ဖော်ထုတ်ပေးခဲ့၍လည်း စိုက်ပျိုးသီးနှံ များ အထွက်နှုန်း တိုးမြင့်လာခဲ့သည်ဟုဆိုလျှင်လည်း ရနိုင်ပါသည်။ စိုက်ပျိုးသီးနှံ အထွက်နှုန်း တိုးတက်မြင့်မားစေရေးတွင် မျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ် ရေးကလည်း လွန်စွာမှအရေးကြီးလှပါသည်။ မျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူဦးကြီးများအား ၎င်းတို့၏ ဆန္ဒနှင့်အညီ မျိုးစေ့ထုတ်သမဝါယမအသင်း များ ဖွဲ့စည်းပေးပြီး တစ်ကေလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ဖွဲ့စည်းပြီး မျိုးစေ့ထုတ် သမဝါယမအသင်း ၁၀၀၊ အသင်းသား ၂၂၅၀ ပိုင် လယ်ကေ ၈၂၆၀ အတွက် ငွေကျပ် ၂၄၇၈ သန်းကို သမဝါယမက ထုတ်ချေးပေးထားလျက်ရှိနေခြင်းသည်လည်း ပြည်ပသို့တင်ပို့သည့် လယ်ယာထွက်ကုန်သီးနှံများ ပိုမိုထွက်ရှိလာနိုင်ရေးတွင် အမှန်လည်း အထောက်အကူပြုနေသည်မှာ မြေကြီးလက်ခတ်မလွဲပေ။

စပါးသီးနှံအတွက် မျိုးစေ့ထုတ် သမဝါယမအသင်းများ ဖွဲ့စည်းထူထောင်ပေးသလို အခြားသောသီးနှံများအတွက်လည်း တောင်သူဦးကြီးများ ဆန္ဒနှင့်အညီ မျိုးစေ့ထုတ် သမဝါယမအသင်းများ ဖွဲ့စည်းထူထောင်ပေးပြီး သမဝါယမချေးငွေများ ထောက်ပံ့ ပေးနိုင်ပါက အရည်အသွေးမီ၊ အဆင့်အတန်းမီ လယ်ယာထွက်ကုန်သီးနှံများကို ပြည်ပသို့ များများတင်ပို့နိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။ နှစ်ရှည်သီးနှံနှင့် ဥယျာဉ်ခြံ စိုက်ပျိုးရေးတို့တွင် သမဝါယမချေးငွေ လက်လှမ်းမမီနိုင်သေးသည်ကိုလည်း တွေ့နေ ရ၍ ထပ်မံ၍ နိုင်ငံခြားချေးငွေများရယူပြီး သမဝါယမလမ်းကြောင်းဖြင့် ထောက်ပံ့ ပေးနိုင်လျှင်လည်း ပို၍ပို၍ လယ်ယာထွက်ကုန်သီးနှံများ ပြည်ပသို့ တင်ပို့နိုင်လိမ့်မည် ဟု ယုံကြည်နေမိပါသည်။

**အစိုးရအနေဖြင့် ဘတ်ဂျက်သုံးစွဲမှုအရ တတ်စွမ်းသလောက် ဖော်ထုတ်ပေး**

ဆည်ရေသောက် စိုက်ပျိုးမြေကေအားလုံးကို အဆင့်မြင့်စနစ်တကျ စက်မှု လယ်ယာမြေဖော်ထုတ်ရန် အစိုးရအနေဖြင့် ဘတ်ဂျက်သုံးစွဲမှုအရ တတ်စွမ်း သလောက် ဖော်ထုတ်ပေးလျက် ရှိသည်မှာလည်း တောင်သူဦးကြီးများအတွက် ဝမ်းမြောက်ဖွယ် ရှိနေသည်ကိုလည်း တွေ့ရမည်ဖြစ်ပေသည်။ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့ အစည်းများ၏ အကူအညီဖြင့် ပံ့ပိုးပေးမှုတွေလည်း တစ်စတစ်စ တိုးတက်လာနေ သည့်အတွက် လယ်သမားအချင်းချင်း ပိုင်ဆိုင်မှု အငြင်းပွားခြင်းမျိုးကဲ့သို့ တောင်သူ တစ်ဦး၊ နှစ်ဦးစတို့ကလည်း ငြင်းခုံ၊ ကန့်ကွက်ခြင်းမျိုး မလုပ်ကြဖို့လည်း လိုအပ် လှပါသည်။

စက်မှုလယ်ယာစနစ် ထွန်းကားလာခြင်းနှင့်အတူ လယ်ယာထွက်ကုန်သီးနှံများ အရည်အသွေးကောင်းကာ အထွက်တိုးလာ၍ အချိန်ကုန်သက်သာ၊ လေလွင့်မှု နည်းပါးလာမှာ သေချာပါသည်။ လယ်ယာမြေများကို စနစ်တကျ အဆင့်မြင့် ဧကကွက်များ ဖော်ထုတ်ခြင်းကို နေ့ချင်း၊ ညချင်း ဖော်ထုတ်ပေးရန် စိန်ခေါ်မှုတွေ ကြုံတွေ့နေရသော်လည်း လယ်ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ ကောက်စိုက်စက် ကဲ့သို့ လယ်ယာသုံးစက်ကိရိယာများ သုံးစွဲမှုအနေဖြင့် ဒီရေပမာ မြင့်တက်လာမှုက မျက်ဝါးထင်ထင် တွေ့မြင်နေရပေသည်။ တောင်သူဦးကြီးများကလည်း လယ်ယာ သုံးစက်ကိရိယာ ဝယ်ယူသုံးစွဲမှု ပိုမိုများပြားလာသည်မှာ ငြင်းဖွယ်မရှိပေ။ စက်ကိရိယာ တန်ဖိုးတွေကလည်း ငွေကျပ် သိန်း ၂၀၀ - ၃၀၀ ကျော်ရှိနေသည်မို့ လက်ငင်းငွေပေးချေစနစ်ဖြင့် ဝယ်ယူဖို့ ဆိုတာ လုံးဝနီးပါးမဖြစ်နိုင်သည်ကို သတိ ထားမိပါသည်။ စက်မှုလယ်ယာဦးစီးဌာနမှ ပုဂ္ဂလိကဘဏ်များနှင့် ချိတ်ဆက်၍ လယ်ယာသုံး စက်ကိရိယာများကို Downpayment ၁၀ ရာခိုင်နှုန်း သွင်းစေကာ သုံးနှစ်အရစ်ကျဆပ်စနစ်ဖြင့် ရောင်းချပေးနေမှုကလည်း တောင်သူဦးကြီးတို့၏ လိုအပ်ချက်ကို ပြည့်ပြည့်ဝဝ မဖြည့်နိုင်သေးသည်ကိုလည်း ကြားသိနေရပါသည်။

**စက်မှုလယ်ယာစနစ်ထွန်းကားလာရေး**

မျက်မှောက်ခေတ်တွင် တောင်သူဦးကြီးများသည် စက်ကိရိယာများ သုံးစွဲ ရခြင်း၏ အကျိုးကျေးဇူးကို ကောင်းကောင်းသိမြင်လာကြပြီ ဖြစ်ပါသည်။ တောင်သူ များကို လယ်ယာသုံး စက်ကိရိယာများအား အကြွေးအရစ်ကျ ရောင်းချပေးနေခြင်းကို ငွေကြေးချမ်းသာသည့် ကုမ္ပဏီများက လက်ရှောင်နေကြသော်လည်း မစားရဝခမန်း လက်ညှိုးထိုးခံဘဝက မလွတ်မြောက်နိုင်သေးသည့် သမဝါယမများကတော့ တုံးတိုက် တိုက်၊ ကျားကိုက်ကိုက်ဆိုပြီး ကျေးလက်နေ တောင်သူဦးကြီးများ လယ်ယာ လုပ်ငန်းခွင် အဆင်ပြေချောမွေ့စေရန်နှင့် စက်မှုလယ်ယာစနစ်ထွန်းကားလာရေး ဦးတည်ချက်ဖြင့် အရစ်ကျငွေချေစနစ်(Hire Purchase System) ဖြင့် လယ်ယာ သုံး၊ လုပ်ငန်းသုံး၊ ရေလုပ်ငန်းသုံး စက်ကိရိယာများကို ရောင်းချပေးလျက် ရှိနေ ပါသည်။ တောင်သူလယ်သမားများ စိတ်ကြိုက်ဝယ်ယူနိုင်သည့် စက်ကိရိယာများ ကို ပြည်တွင်းကုမ္ပဏီများထံမှ တိုက်ရိုက်ဝယ်ယူရရှိနိုင်ရေး သမဝါယမက ကြားခံ ကူညီ စိုက်ထုတ်ငွေပေးချေပြီး တောင်သူဦးကြီးများက နှစ်လတ်သုံးနှစ် အရစ်ကျ ပြန်ဆပ်စေခြင်းကိုလည်း ဆောင်ရွက်ပေးခဲ့သလို တောင်ကိုရီးယားနိုင်ငံထုတ် ဒေဒုံ (Daedong)လယ်ယာသုံးစက်ကိရိယာ ၃၇၃၉ စီး၊ ငွေကျပ် ၉၆၄၁၂.၇၃၃ သန်း တန်ဖိုးကိုလည်း တစ်နှစ်ဆိုင်းငံ့ ခြောက်နှစ်အရစ်ကျပေးချေစနစ်ဖြင့် ရောင်းချပေးခဲ့ သည်ကိုလည်း ကြားသိရပါသည်။ ၂၈-၂-၂၀၁၈ ရက်နေ့အထိ စက်ကိရိယာအစီးရေ ၆၃၇၉၀ တန်ဖိုး ငွေကျပ် ၁၀၆.၂၂၀ ဘီလီယံဖိုး တောင်သူစိတ်ကြိုက် ကြိုက်ရောင်း/ ဝယ်စနစ်ဖြင့် ရောင်းချပေးခဲ့ခြင်းမှ ငွေကျပ် ၂၅.၄၇၁ ဘီလီယံတန်ဖိုးရှိ စက်ကိရိယာ စီးရေ ၃၅၃၀၂ မှာ တောင်သူဦးကြီးများ အပြည့်အဝ ငွေအကျေပေးဆပ်ပြီး၍ ၎င်းတို့ အပိုင် စက်ကိရိယာပစ္စည်းများဖြစ်အောင် ကြိုးစားလုပ်ဆောင်ပေးနိုင်သည့် သမဝါယမလောကသားများကိုလည်း ဂုဏ်ယူကျေးဇူးတင်နေမိပါသည်။

> “ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများတွင် လယ်ယာကဏ္ဍ ရင်းနှီးမြှုပ်နှံမှုက အောက်ဆုံးအဆင့် တွင် ရှိနေပြီး ပြည်တွင်းငွေကြေးချမ်းသာသူ ကုမ္ပဏီများကလည်း သူတို့အတွက် မြိုးမြိုး မြက်မြက်ရမှာ မသေချာတော့ မသိချင်ဟန်ဆောင်နေကြသည်ဟုလည်း ရဲရဲမဆိုဝံ့ပေ၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်ဆီသို့ ဦးတည်ခုတ်မောင်းနေသည့် လယ်ယာ ကဏ္ဍဖွံ့ဖြိုးရေးသည် အပြောလွယ်သလောက် လုပ်ရခက်နေသည်က လက်တွေ့တွင် ကြုံနေရသည်၊ စက်မှုလယ်ယာစနစ်သို့ မကူးပြောင်းပြန်ရင်လည်း လုပ်သားရှားပါးမှု၊ သီးနှံ အရည်အသွေးကောင်းမွန်မှု၊ စိုက်ပျိုးစရိတ်မြင့်မားမှုတွေကို ကျော်လွှားဖို့ မြေပြင်မှာ ရင်ဆိုင်နေကြရသည်က ကျေးလက်နေ တောင်သူဦးကြီးများပင်ဖြစ် ”

**သမဝါယမအသင်းများမှ လယ်ယာကဏ္ဍဖွံ့ဖြိုးရေး ကူညီပေးမှုအခြေအနေ**

ကျပ်သန်း

| စဉ် | အကြောင်းအရာ | တန်ဖိုး |
|---|---|---|
| ၁။ | စိုက်ပျိုးစရိတ်ချေးငွေ(MF) | ၄၆၈၅၁၀.၇၈၂ |
| ၂။ | စက်မှုလယ်ယာအဆင့်မြှင့်တင် (၆၄၅၇၅.၆၂)ကေ | ၁၉၃၅၃.၂၄၇ |
| ၃။ | စက်ကိရိယာအရစ်ကျရောင်း (၆၃၇၉၀ )စီး | ၁၀၆၂၂၀.၉၄၉ |
| ၄။ | စက်ကိရိယာအရစ်ကျရောင်း(Dedong)(၃၇၃၉)စီး | ၉၆၄၁၂.၇၃၃ |
| ၅။ | လယ်ယာသွင်းအားစုထောက်ပံ့ | ၁၀၂၅၄.၄၇၂ |
| ၆။ | မျိုးစေ့ထုတ်သမဝါယမအသင်း (၈၂၆၀)ကေ | ၂၄၇၈.၀၀၀ |
| | စုစုပေါင်း | ၇၀၃၂၁၀.၁၈၃ |

(ဇာစ်မြစ်။ ။ သမဝါယမဦးစီးဌာန)

**ပို့ကုန်ဝင်ငွေ တိုးတက်လာမည်**

ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေး စသည့် လယ်ယာ သွင်းအားစုတွေကို သီးနှံပေါ်ပေးစနစ်ဖြင့် ကြိုတင်ရောင်းချပေးခဲ့သည့် သမဝါယမ သွင်းအားစု အရောင်းဆိုင်လုပ်ငန်းများကြောင့် လယ်ယာထွက်ကုန်သီးနှံတွေ အရည် အသွေးမီမီဖြင့် အထွက်နှုန်း ပိုမိုလာသည်ကလည်း လယ်သမားကြီးများ ဝင်ငွေတိုး စေခဲ့သည်မှာ အမှန်ပါ။ လယ်ယာထွက်ကုန် သီးနှံများများထွက်ရှိ၍ ပြည်ပသို့ တင်ပို့နိုင်ခဲ့ခြင်းသည် သမဝါယမအသင်းများကဲ့သို့ NGO အဖွဲ့အစည်းများက စိတ်ရောကိုယ်ပါ ထဲထဲဝင်ဝင် လုံ့လစိုက်ထုတ်ကြမည်ဆိုပါက လယ်ယာထွက်ကုန် သီးနှံများ ယခုထက် ပိုမို၍ ပြည်ပသို့ တင်ပို့နိုင်တော့မည် ဖြစ်ပါသည်။ သို့ဆိုရာ ပြည်ပပို့ကုန် သီးနှံတိုးမြှင့်ထုတ်လုပ်ရေး တစ်ထောင့်တစ်နေရာမှ ကူညီပံ့ပိုးပေးလျက် ရှိသည့် သမဝါယမလုပ်ငန်းများကို လက်ရှိအနေအထားထက် ပိုမို၍ အရှိန်အဟုန် ကောင်းကောင်းဖြင့် တိုးမြှင့် လုပ်ဆောင်လိုက်မည်ဆိုပါက ကျေးလက်နေတောင်သူ ဦးကြီးများ ပြုံးပျော်ပီတိဖုံးမှာဖြစ်သကဲ့သို့ နိုင်ငံ့အတွက်လည်း ပို့ကုန်ဝင်ငွေ တိုးတက် လာမည်ဆိုတာကို ယုံကြည်နေမိပါတော့သည်။ ။

# ပြည်ထောင်စုဝန်ကြီးဦးဟန်ဇော် မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်အတွင်းရှိ လမ်း၊တံတားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှု

**နေပြည်တော် မတ် ၂၇**

ဆောက်လုပ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် မတ် ၂၆ ရက် နံနက်ပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းတံတား (ဘီလူးကျွန်း)သို့ရောက်ရှိပြီး မော်လမြိုင်ဘက်ကမ်းရှိ တံတားပြတိုက်တွင် ပြသထားသည့် မှတ်တမ်းဓာတ်ပုံများ၊ တံတားတည်ဆောက်မှုအဆင့်ဆင့် သရုပ်ပြပုံစံငယ်များ၊တံတားတည်ဆောက်မှုဆိုင်ရာ နည်းပညာအချက်အလက်ဆိုင်ရာ မှတ်တမ်းများထားရှိမှုနှင့်ပတ်သက်၍ တံတားဦးစီးဌာနအင်ဂျင်နီယာချုပ် ဦးသိန်းမြင့်မွန်က ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးသည် တံတားတည်ဆောက်မှု အင်ဂျင်နီယာနည်းပညာအချက်အလက်များ၊ တံတားတည်ဆောက်ပုံအဆင့်ဆင့် မှတ်တမ်းများကို ပြည်သူပြည်သားများ၊ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာသည့်အခါ ရှင်းလင်းပြသနိုင်ရေးဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တံတားတည်ဆောက်မှုမှတ်တမ်း ဗီဒီယိုပြခန်းတွင် တံတားတည်ဆောက်ရန် လျာထားနေရာရွေးချယ်မှုမှ စတင်ကာ တံတားတည်ဆောက်ပြီးစီးသည့်အထိ ဗီဒီယိုမှတ်တမ်းပြသမှုကို ကြည့်ရှုသည်။ ဆက်လက်၍ မော်လမြိုင်ဘက်ကမ်းတွင် ပြည်သူများအပန်းဖြေနားနေရန် ဆောင်ရွက်ထားရှိမှု၊ တံတားကြီး၏ကြံ့ခိုင်မှုအား ကြည့်ရှုစစ်ဆေးပြီး တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တာဝန်ရှိသူများက အမြဲမပြတ် စစ်ဆေးပေးရန်မှာကြားသည်။

ယင်းနောက်တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး ဘီလူးကျွန်းဘက်ကမ်းသို့ရောက်ရှိကာ လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း၊ ရွာလွတ်ရွာတွင် မြန်မာမှုလက်ရာဆေးတံနှင့် အခြားပြည်တွင်းဖြစ်လက်မှုပစ္စည်းများ ရောင်းချနေမှုကို ကြည့်ရှုလေ့လာအားပေးသည်။

ထို့နောက် အိန္ဒိ-ကော့ကရိတ်လမ်းပေါ်ရှိ အတ္တရံတံတား ကြံ့ခိုင်မှု ၊ဂျိုင်း(ဇာသပြင်)တံတားကြံ့ခိုင်မှု အခြေအနေကိုလည်းကောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)ချေးငွေဖြင့် အိန္ဒိ-ကော့ကရိတ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် အာရှလမ်းမကြီး ကော့ကရိတ်-မြဝတီလမ်းပိုင်းအခြေအနေကိုလည်းကောင်း၊ ဇာသပြင်-ကျုံဖဲ-ကျားတလေး လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် အဆိုပါလမ်းပေါ်ရှိ တံတားများ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဆွာမြို့ ဘိုးဘွားရိပ်သာ မီးလောင်ခဲ့မှုအခြေအနေ တိုင်းဒေသကြီးဝန်ကြီးချုပ် လာရောက်ကြည့်ရှု

**နေပြည်တော် မတ် ၂၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့ရန်ကုန်-မန္တလေး ပုံမှန်ကားလမ်းမကြီးနှင့် သုံးမိုင်ခန့်အကွာ အုန်းခြံရပ်ကွက်ရှိ Y.G.W ပရဟိတ ခိုကိုးရာမဲ့ ဘိုးဘွားများ ရာသက်ပန် စောင့်ရှောက်ရေးရိပ်သာအား မတ် ၂၆ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က တောမီးကူးစက် လောင်ခဲ့ခြင်းကြောင့် အဆိုပါ ရိပ်သာရှိ အဘိုးသုံးဦး မီးလောင်သေဆုံးခဲ့ပြီး တစ်ဦးဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားမှုနှင့်ပတ်သက်၍ မတ် ၂၇ ရက် ညနေပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းဦးဆောင်သော တိုင်းဒေသကြီး အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်၊ မြို့အုပ်ချုပ်ရေးမှူးများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များသည် မီးလောင်မှုဖြစ်ပွားခဲ့သည့်နေရာအား လာရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညွှန်ကြားမှုပေးကာ ဘိုးဘွားများအား နှစ်သိမ့်အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။



အဆိုပါရိပ်သာကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလက စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ယင်းရိပ်သာ၏ တစ်နေ့တာ ဆွမ်းပဒေသာပင်အဖြစ် ငွေကျပ်တစ်သိန်းကုန်ကျ ကျွေးမွေးလှူဒါန်း စောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

# ပုဂံတွင် နိုင်ငံခြားသူတစ်ဦး ဘုရားပေါ်သို့တက်၍ ရှုခင်းကြည့်ရာမှ ပြန်အဆင်းတွင်ခြေချော်ပြုတ်ကျ

**ညောင်ဦး မတ် ၂၇**

ညောင်ဦးတွင် မတ် ၂၇ ရက် နံနက် ၇ နာရီခန့်က မြင်းကပါကျေးရွာ ရှင်အရဟံဘုရားအနီး ရှေးဟောင်းဘုရားအမှတ် ၁၂၉၁ ပေါ်သို့ ဂျာမနီနိုင်ငံခြားသူ Mrs. Yulia Krylova (၂၂နှစ်)သည် ၎င်း၏ သူငယ်ချင်းငါးဦးနှင့်အတူ ရှုခင်းတက်၍ ကြည့်ပြီးနောက် ပြန်အဆင်းတွင် အမြင့်ငါးပေခန့်မှ မတော်တဆခြေချော်ပြုတ်ကျခဲ့ရာ ဒဏ်ရာများ(မစိုးရိမ်ရ) ရရှိခဲ့ပြီး ကမ္ဘာလှည့်ခရီးသွားလုံခြုံရေး ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံ ပြင်ပလူနာဌာနသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူနိုင်ရန် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဒဏ်ရာရရှိခဲ့သည့် ဂျာမနီနိုင်ငံသူအား ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံမှ ပြင်ပလူနာဌာနတွင် လိုအပ်သည့်ဆေးကုသမှုများဆောင်ရွက်ပေးခဲ့ရာ နံနက် ၉ နာရီ မိနစ် ၄၀ တွင် ၎င်းတို့တည်းခိုရာ ပုဂံမြို့သစ် OSTELLO BELLO ဟိုတယ်သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

◆ *ကျော့ဖုံးမှ*

လင်းယုန်မေ အနိုင်ရရှိခဲ့သည်။ အမျိုးသမီးပွဲစဉ် ဒုတိယပွဲဖြစ်သည့် နော်ဥမ္မာစိုး (ရွှေချောင်းသာ)နှင့် ရွှေနဒီ (ရွှေဘားလား)တို့ သုံးချီပြည့်တစ်ဦးနှင့် တစ်ဦး အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

အမျိုးသား ၆၀ ကီလိုတန်းသုံးချီ အထူးစိန်ခေါ်ပွဲတွင် မင်းဆစ်(မောင်တော)နှင့် စည်သူ(ရွှေဘားလား)တို့ပွဲစဉ်တွင် စည်သူက နောက်ဆုံးအချီတွင် အလဲထိုးဖြင့် အနိုင်ရခဲ့သည်။ ၅၇ ကီလိုတန်း သုံးချီအထူးစိန်ခေါ်ပွဲတွင် အင်းသား(မောင်တော)နှင့် စောထက်လင်း(ရွှေချောင်းသာ)တို့ အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ကြပြီး ဒုတိယအချီတွင် အင်းသား(မောင်တော)က အလဲထိုးဖြင့် အနိုင်ရရှိခဲ့ကာ မောင်တောဒေသခံများ အကြိုက်တွေ့ခဲ့သည့် ပွဲစဉ်တစ်ပွဲဖြစ်ခဲ့သည်။

အမျိုးသား ၅၁ ကီလိုတန်း သုံးချီ အထူးစိန်ခေါ်ပွဲအဖြစ် ဝေယံကျော်(ရွှေချောင်းသာ)နှင့် အောင်မျိုးလတ်(ရွှေဘားလား)တို့ပွဲစဉ်တွင် နောက်ဆုံးအချီတွင် ဝေယံကျော်ကလည်းကောင်း၊ ဒုတိယပွဲစဉ်ဖြစ်သည့် ဘာမထီ(ရွှေအောင်မြေ)နှင့် ရဲမာန်(ရွှေဘားလား)တို့ပွဲတွင် ရဲမာန်က ဒုတိယအချီ၌ လည်းကောင်း၊ ရွှေရန်ရှင်း(ရွှေမည်းမြေ)နှင့် ရှိုင်းနေဇာ(ရွှေချောင်းသာ)တို့ပွဲစဉ်တွင် ရှိုင်းနေဇာက ဒုတိယအချီ၌လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။



မောင်တောဒေသ၌ ပထမဆုံးအကြိမ် ကျင်းပသည့် မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကို အားပေးသည့် ပရိသတ်များအား တွေ့ရစဉ်။

အမျိုးသား ၄၈ ကီလိုတန်း သုံးချီ အထူးစိန်ခေါ်ပွဲတွင် စိုးဦး(ရွှေဘားလား) နှင့် နိုင်လင်းထွန်း (ရွှေချောင်းသာ) တို့ပွဲတွင် သရေရလဒ်ဖြင့်လည်းကောင်း၊ ဇွဲမောင်မောင် (ရွှေအောင်မြေ)နှင့် စောမောင်လေး (ရွှေဘားလား)တို့ပွဲစဉ်တွင် ဇွဲမောင်မောင်က တတိယအချီ၌ပင် အနိုင်ရရှိခဲ့သည်။ အမျိုးသား ၄၆ ကီလိုတန်း သုံးချီအထူးစိန်ခေါ်ပွဲအဖြစ် သက်ထက်အောင်(ရွှေမည်းမြေ)နှင့် ရွှေငါး(ရွှေအောင်မြေ)တို့ပွဲစဉ်တွင် အနိုင်အရှုံး ရလဒ်မပေါ်ဘဲ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

အဆိုပါ ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ရခိုင်ပြည်နယ် မောင်တောမြို့၌ မတ် ၂၇ ရက် မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီတို့ ပူးပေါင်းစီစဉ်သည့် (၇၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကို မောင်တောမြို့မြို့နယ် အားကစားခန်းမ၌ ကျင်းပရာ အမျိုးသား၊ အမျိုးသမီးအထူးစိန်ခေါ်ပွဲ တွဲဆိုင်း ၁၄ ဆိုင်းဖြင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။

**သတင်းနှင့်ဓာတ်ပုံ-ကျော်သူဝင်း၊ အေးမင်းသူ**



နော်ဥမ္မာစိုး (ရွှေချောင်းသာ)နှင့် ရွှေနဒီ (ရွှေဘားလား)တို့ ယှဉ်ပြိုင်ထိုးသတ်နေစဉ်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၂၇**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှငါးပေခန့်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ




# ရွှေကျင်ရေလှောင်တမံ ရေဝပ်ဧရိယာအတွင်း ကျရောက်ခဲ့သည့် ကျေးရွာမြေများအတွက် ထောက်ပံ့ငွေ ပေးအပ်

**နေပြည်တော် မတ် ၂၇**

ရွှေကျင်ရေလှောင်တမံ ရေဝပ်ဧရိယာအတွင်း ကျရောက်ခဲ့သည့် ကျေးရွာမြေများအတွက် ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ တိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးသန်းဝင်းနှင့် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပွယ်စေး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ကျေးရွာများမှ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပွယ်စေးက ထောက်ပံ့ငွေပေးအပ်ပွဲနှင့်ပတ်သက်၍ ပြောကြားခဲ့ပြီး ဒေသခံပြည်သူများကိုယ်စား တောင်သူ ဦးချိုဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနက ရွှေကျင်တမံရေဝပ်ဧရိယာအတွင်း ကျရောက်ခဲ့သည့် အောက်မဲဇောင်းနှင့် ကျောက်နဂါးကျေးရွာများမှ ဒေသခံပြည်သူများအတွက် နစ်နာကြေးငွေပေးအပ်နိုင်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေတွင် တင်ပြ တောင်းခံခဲ့ပြီး စုစုပေါင်း အိမ်ထောင်စု ၁၁၅ စုနှင့် ဘုန်းတော်ကြီး ကျောင်းသုံးကျောင်း၊ လယ်ယာနှင့် ဥယျာဉ်ခြံမြေစုစုပေါင်း ၂၆၈ ဒသမ ၇၅ ဧကတို့အတွက် စုစုပေါင်းထောက်ပံ့ငွေကျပ် ၁၂၁၁ ဒသမ ၀၃၅ သန်းအား ထိခိုက်နစ်နာခဲ့ရသည့် ဒေသခံပြည်သူ ၄၃၉ ဦးသို့ တစ်ဦးချင်းစီ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






# စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

**ရန်ကုန် မတ် ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ပြဇာတ်စာပေ ပထမဆုရရှိသည့် ဝဇီရာဝင်းကြည်၏ "ရာမာယဏ ဆို၊ ငို၊ ပြော ဇာတ်တော်ကြီး" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ဆို၊ ငို၊ ပြော ဇာတ်တော်ကြီးကို အခန်း ၂၆ ခန်းဖြင့် သရုပ်ဖော်ရေးသားထားပြီး ဇာတ်တော်ဖွင့် လေပြေနှင့် ဇာတ်သိမ်းသီချင်းတို့ ပါဝင်အောင် ရေးသားထားသည်။ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများတွင် ယဉ်ကျေးမှု အနုပညာတစ်ရပ်အဖြစ် ကပြလေ့ရှိသည့် ရာမဇာတ်တော်အတွက် ခိုင်မာသော ဇာတ်ညွှန်းပညာဖြစ်သည့်အပြင် သုတနှင့်မုတပါပြည့်ပြည့်စုံစုံဖန်တီးရေးသားထားသည့်အတွက် ပြဇာတ်ကိုစိတ်ဝင်စားသည့် စာဖတ်ပရိသတ်များ ဖတ်ရှုသင့်သည့် စာအုပ်တစ်အုပ်ဖြစ်ပါကြောင်း တိုက်တွန်းလိုက်ပါသည်။




အဆိုပါစာအုပ်ကို ရောင်းဈေးငွေကျပ် ၇၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၃၀၁၈၆နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သင်္ကြန်ကာလအတွင်း မူးခင်းကျဆင်းရေး ဝမ်းတွင်းမြို့၌ ဆေးဆိုင်များအား စစ်ဆေး

**ဝမ်းတွင်း မတ် ၂၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်တွင် မတ် ၂၇ ရက် နံနက် ၉ နာရီက သင်္ကြန်ကာလအတွင်း မူးခင်းကျဆင်းရေး လျော့နည်းစေရေးအတွက် မူးယစ်ဆေးဝါးနှင့် ကာမစိတ်ကြွဆေးများ ရောင်းချခြင်း ရှိ မရှိ ရှောင်တခင်စစ်ဆေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ၂၀၁၈ မဟာသင်္ကြန်ကာလမှာ မူးခင်းလျော့နည်းစေဖို့အတွက် ဝမ်းတွင်းမြို့မှာရှိတဲ့ ဆေးဆိုင်တွေနဲ့ ကွမ်းယာဆိုင်တွေမှာ မူးယစ်ဆေးဝါး ရောင်းချခြင်း ရှိ မရှိ စစ်ဆေးတာပါ၊ ဒီနေ့ မြို့ပေါ်မှာရှိတဲ့ ဆေးဆိုင်တွေနဲ့ ကွမ်းယာဆိုင်တွေ ရှောင်တခင်ဝင်စစ်ဆေးတာပါ၊ ဒီလို ရှောင်တခင်စစ်ဆေးခြင်းတွေကို ဆက်လက်လုပ်ဆောင်သွားဖို့လည်း ရှိပါတယ်၊ မူးယစ်ဆေးဝါးရောင်းချခြင်း ရှိ မရှိစစ်ဆေးပြီး ရောင်းချခြင်း မပြုလုပ်ဖို့လည်း မှာကြားထားတယ်"ဟု ဝမ်းတွင်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဇေယျာမိုးမြင့်ထံမှ သိရသည်။



ယင်းသို့ စစ်ဆေးခြင်းများကို ဝမ်းတွင်းမြို့မရဲစခန်းမှ ဒုရဲအုပ်ဇေယျာမိုးမြင့် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ ဝမ်းတွင်းပြည်သူ့ဆေးရုံမှ ကျန်းမာရေးမှူး ဦးသိန်းထိုက်အောင်၊ ဆေးဝါးကျွမ်းကျင် ဦးမင်းမင်းထွန်း၊ ဆေးဝါးကြီးကြပ်-၂ ဦးဝေဠုကျော်၊ အမှတ် ၂ အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်တို့က ဝမ်းတွင်းမြို့နယ်အတွင်းရှိ ဆေးဆိုင်များနှင့် ကွမ်းယာဆိုင်များအား ရှောင်တခင်စစ်ဆေးရာတွင် ပါဝင်ခဲ့ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# ရေကူးအသံလွှင့်စက်ရုံဝင်းအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မီးကြိုရှို့စနစ်ဆောင်ရွက်မည်

**နေပြည်တော် မတ် ၂၇**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်)၊ ရေကူးအသံလွှင့်စက်ရုံ(ဝေဇယန္တာလမ်း၊ အမှတ် ၈ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်)သည် ဧက ၁၀၀ ကျော် ကျယ်ဝန်းပြီး မြက်ပင်၊ ကိုင်းပင်များ ထူထပ်စွာ ပေါက်ရောက်နေသဖြင့် သဘာဝကြောင့်လည်းကောင်း၊ လူ့ပယောဂကြောင့်လည်းကောင်း အချိန်မရွေး မီးဘေးအန္တရာယ် ကျရောက်နိုင်သည်။

ရေကူးအသံလွှင့်စက်ရုံမှ မြန်မာ့အသံရေဒီယိုအစီအစဉ်များကို နေ့စဉ်နံနက် ၅ နာရီခွဲမှ ည ၁၁ နာရီခွဲအထိ အဆက်မပြတ်ထုတ်လွှင့်လျက်ရှိသည်။ မီးဘေးအန္တရာယ်ကျရောက်ပါက နိုင်ငံပိုင်စက်ပစ္စည်းနှင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးနိုင်သည့်အပြင် ရေဒီယိုအစီအစဉ်ထုတ်လွှင့်နေမှုလည်း ပြတ်တောက်နိုင်သည်။

သို့ဖြစ်ရာ စက်ရုံဝင်းအတွင်းရှိ ကိုင်းပင်၊ မြက်ပင်ခြောက်များကို ရန်ကုန်တိုင်းဒေသကြီး တိုင်းမီးသတ်ဦးစီးဌာန၏ အကူအညီ၊ အကြံပြုချက်များဖြင့် စနစ်တကျ မီးကြိုရှို့ခြင်းနည်းလမ်းအားအသုံးပြု၍ မီးဘေးအန္တရာယ်ကျရောက်ခြင်းမှ ကာကွယ်နိုင်ရေးဆောင်ရွက်မည်ဖြစ်သည်။ စက်ရုံဝင်းအတွင်း အကျယ်ပေ ၃၀ ရှိ မီးတားလမ်းများပတ်လည် ဖောက်လုပ်ခြင်းကို ကြိုတင်ဆောင်ရွက်ထားပြီးဖြစ်၍ မီးကြိုရှို့ခြင်းကို မတ် ၂၉ ရက်နှင့် ၃၀ ရက်များတွင် နံနက် ၇နာရီခွဲမှ စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။ စက်ရုံအဆောက်အအုံနှင့် ပြင်ပရပ်ကွက်များသို့ မီးမကူးစက်စေရေးအတွက် မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ် ခြောက်စီးနှင့် မီးသတ်ဝန်ထမ်းအင်အား ၄၀၊ ရေကူးစက်ရုံဝန်ထမ်းအင်အား ၃၅ ဦး၊ လုံခြုံရေး ၁၁ ဦးတို့ဖြင့် အနီးကပ်စောင့်ကြပ်၍ ဧရိယာအပိုင်းအလိုက် မီးကြိုရှို့ခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မန္တလေးရတနာပုံတိရစ္ဆာန်ဥယျာဉ်တွင် ကမ္ဘာ့ရှားပါးစာရင်းဝင်တိုက်လိပ်ကို ပထမဆုံးသားစပ်မွေးမြူနိုင်

**မန္တလေး မတ် ၂၇**

ကမ္ဘာ့ရှားပါး စာရင်းဝင် မျိုးသုဉ်းမည့်အခြေအနေရှိသည့် တိုက်လိပ်များကို မြန်မာတစ်နိုင်ငံလုံးအနေဖြင့် မန္တလေးရတနာပုံတိရစ္ဆာန်ဥယျာဉ်တွင် သားစပ်မွေးမြူနိုင်ပြီဖြစ်ကြောင်း ရတနာပုံတိရစ္ဆာန်ဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးသိန်းမင်းအောင်က ပြောသည်။

"ကမ္ဘာမှာ မျိုးသုဉ်းလုနီးပါးဖြစ်နေတဲ့ တိုက်လိပ်တွေကို သားစပ်မွေးမြူနိုင်တာဆိုလို့ မြန်မာနိုင်ငံအတွင်းမှာ ရတနာပုံတိရစ္ဆာန်ဥယျာဉ်မှာပဲ လုပ်နိုင်သေးတယ်၊ အခုလက်ရှိအကောင်ရေ ၁၆၀ ကို သားစပ်မွေးမြူထားရှိပြီး ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ရတနာပုံ တိရစ္ဆာန်ဥယျာဉ်တွင် နို့တိုက်သတ္တဝါ ၃၁၄ ကောင်၊ ကျေးငှက် ၄၁၅ ကောင်နှင့် တွားသွားသတ္တဝါ ၃၇၁ ကောင် စုစုပေါင်း ၁၁၀၀ ကျော်ရှိသည်။ မြန်မာနိုင်ငံတွင် တိုက်လိပ်များကို ဧရာဝတီမြစ်တစ်လျှောက်နှင့် ဒုဋ္ဌဝတီမြစ်တစ်လျှောက်တို့တွင် တွေ့ရှိရပြီး ချင်းတွင်းမြစ်ရိုးတစ်လျှောက် သုတေသနပြုခဲ့ရာတွင် ခန္တီးမြို့နှင့် မိုင် ၂၀ အကွာရှိ လင်ဖားကျေးရွာတွင် တိုက်လိပ်များ တွေ့ရှိရပြီး ဥများမှ အကောင်ပေါက်များ အရွယ်ရောက်ချိန်တွင် ရှင်သန်ထိန်းသိမ်းရေးအတွက် ရတနာပုံတိရစ္ဆာန်ဥယျာဉ်သို့ ပို့ဆောင်ပေးကြောင်း သိရသည်။

"ကမ္ဘာ့တိရစ္ဆာန်များအား ကျန်းမာရေး စောင့်ရှောက်မှုပေးနေသည့် Dr. Paul P Call က "တိရစ္ဆာန်ကျန်းမာသန်စွမ်းရေး မျိုးရိုးဗီဇကောင်းမွန်ရေးတွေ လုပ်ဆောင်ပေးဖို့ မြန်မာနိုင်ငံကိုလာရောက်ခဲ့ပါတယ်၊ ရတနာပုံတိရစ္ဆာန်ဥယျာဉ်က တိုက်လိပ်တွေ အကောင်ရေများစွာ ပေါက်ပွားလာပြီး မြစ်ထဲကိုပြန်လွှတ်ပေးမှာဖြစ်တဲ့အတွက် ကျန်းမာဖို့လိုတယ်၊ ဒါကြောင့် တိုက်လိပ်တွေကို ကျန်းမာရေး စစ်ဆေးပေးတာပါ" ဟု ပြောသည်။

ကမ္ဘာပေါ်တွင် တိုက်လိပ်(ခေါ်) လိပ်ခုံးများမှာ လုံးဝမျိုးသုဉ်းတော့မည့်အဆင့်ဟု ယူဆထားပြီး WCS နှင့် လိပ်မျိုးစိတ်များ ရှင်သန်ရေးအဖွဲ့တို့ ပူးပေါင်း၍ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ခိုးမှုများကျူးလွန်ထားကြောင်း သတင်းရရှိထားသူကို ဖမ်းဆီးရမိ စစ်ဆေးရာမှ ခိုးမှု ၁၀ မှုနှင့်တရားခံပြေး နှစ်မှုတို့အား ထပ်မံဖော်ထုတ်နိုင်

**ရန်ကုန် မတ် ၂၇**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး မှုခင်းဖော်ထုတ်ရေးတပ်ဖွဲ့ဝင်များသည် သတင်းအရ လှိုင်သာယာမြို့နယ် နေ အောင်ခန့်ပိုင်(ခ)ဝတုတ်(ခ)ဝေဟင်လင်းထက် (၁၉ နှစ်)နှင့် ၎င်း၏သူငယ်ချင်း ဖြစ်သူ ဝေယံအောင်(ခ)ဝီဂျေး (၂၀နှစ်)တို့အား Gionee လက်ကိုင်ဖုန်းတစ်လုံး၊ Huawei လက်ကိုင်ဖုန်းတစ်လုံးတို့နှင့်အတူ မတ် ၁၅ ရက် ည ၉ နာရီခွဲခန့်က မရမ်းကုန်းမြို့နယ် အမှတ် -၂ ရပ်ကွက်အတွင်းမှ တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးရာ အဆိုပါဖုန်းများကို အင်းစိန်မြို့နယ်၊ ပေါက်တောဝရပ်ကွက်ရှိ ဆိုင်တစ်ဆိုင်မှ ခိုးယူလာကြောင်း ပေါ်ပေါက်ခဲ့သဖြင့် အင်းစိန်မြို့မရဲစခန်း၌ အမှုဖွင့် အရေးယူဆောင်ရွက်ခဲ့သည်။

၎င်းတို့နှစ်ဦးအား အခြားခိုးမှုများဖြင့်တိုက်ဆိုင်စစ်ဆေးခဲ့ရာ အောင်ခန့်ပိုင်(ခ)ဝတုတ်(ခ)ဝေဟင်လင်းထက်သည် ၂၀၁၇ ခုနှစ် မေ၊ အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလများအတွင်းက မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီးပန်းခြံအတွင်း၌ အမျိုးသားတစ်ဦး၏ ဘေးတွင်ချထားသော Oppo လက်ကိုင်ဖုန်း၊ ကျောက်တံတားမြို့နယ် ဆူးလေမှတ်တိုင်တွင် အမျိုးသမီးတစ်ဦး၏ ဆွဲခြင်းအတွင်းမှ Huawei လက်ကိုင်ဖုန်း၊ ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေး(အေ)ရုံအတွင်းမှ Samsung လက်ကိုင်ဖုန်း၊ မရမ်းကုန်းမြို့နယ် အမှတ် -၂ ရပ်ကွက်ရှိ ဆိုင်တစ်ဆိုင်အတွင်းမှ Mi Note 4 လက်ကိုင်ဖုန်းနှင့်အင်းစိန်မြို့နယ် ဈေးကုန်းရပ်ကွက် ကြက်သားသုပ်ဆိုင်မှ Huawei GR5 လက်ကိုင်ဖုန်းတို့အား ခိုးယူရောင်းချထားကြောင်း ပေါ်ပေါက်ခဲ့သည်။

ယင်းအပြင် အောင်ခန့်ပိုင်(ခ)ဝတုတ်(ခ)ဝေဟင်လင်းထက်သည် ၂၀၁၈ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ နှင့်မတ်လများအတွင်းက မရမ်းကုန်းမြို့နယ် အမှတ်-၂ ရပ်ကွက် အောင်မေတ္တာလမ်းရှိ ဆိုင်တစ်ဆိုင်အတွင်းမှ Kenbo လက်ကိုင်ဖုန်း ၊ အမှတ် - ၁ ရပ်ကွက် ဘုရင့်နောင်လမ်းရှိ ဆိုင်တစ်ဆိုင်အတွင်းမှ Vivo Y53 ဖုန်းနှင့် Samsung ON 7 လက်ကိုင်ဖုန်း၊ လှိုင်သာယာမြို့နယ် ရန်ကုန်-ညောင်တုန်း ကားလမ်းမဘေး၌ ရပ်ထားသော Canda CZI - 125 ဆိုင်ကယ်နှင့်မြိုင်လမ်းဘေးရှိ အဆောင်တစ်ဆောင်အတွင်းမှ Samsung လက်ကိုင်ဖုန်း၊ အမှတ် - ၃ ရပ်ကွက် မင်းရဲကျော်စွာလမ်းဘေးရှိ ဖုန်းအရောင်းဆိုင်တစ်ဆိုင်အတွင်းမှ Huawei P10 ဖုန်းနှင့် Samsung Note 5 ဖုန်းတို့အားလည်းကောင်း အသီးသီးခိုးယူရောင်းချထားကြောင်းနှင့် လှိုင်သာယာမြို့နယ် အမှတ် - ၃ ရပ်ကွက်ရှိ ဖုန်းဆိုင်အတွင်းမှ လက်ကိုင်ဖုန်းများနှင့် Canon Eas 700D ကင်မရာတစ်လုံးတို့ ပျောက်ဆုံးသဖြင့် လှိုင်သာယာမြို့မရဲစခန်း၌ ဖွင့်ထားသော အမှုအားကျူးလွန်သူဖြစ်ကြောင်း ဖော်ထုတ်ရရှိခဲ့သည့်အပြင် လှိုင်မြို့မရဲစခန်းနှင့် ကော့မှူးမြို့နယ် ကျိုက်ထော်နယ်မြေရဲစခန်းများတွင် ဖွင့်လှစ်ထားသည့် ခိုးမှုနှင့် လိမ်လည်မှုများမှ တရားခံပြေးတစ်ဦးဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။

ဖော်ထုတ်ချက်များအရ အောင်ခန့်ပိုင်(ခ)ဝတုတ်(ခ)ဝေဟင်လင်းထက်အား အရေးယူဆောင်ရွက်လျက်ရှိပြီး အမှုများမှ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ဟိုပင်၌ ဆီဘောက်ဆာယာဉ်တိမ်းမှောက်

**ဟိုပင် မတ် ၂၇**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့မြောက်ဘက် လေးမိုင်ခန့်အကွာ ကြာကြီးကွင်းရွာတောင်ဘက်အနီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် မတ် ၂၇ ရက် မွန်းတည့် ၁၂ နာရီခန့်က ၂၂ ဘီး ဆီဘောက်ဆာ ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်း၏ညာဘက်ဘေးသို့ ထိုးကျတိမ်းမှောက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဟိုပင်မြို့မြောက်ဘက် ကြာကြီးကွင်းရွာအနီး မိုင်တိုင် အမှတ်-၂၀၂/၅ အနီးရှိ ကွန်ကရစ်တံတားအရောက်တွင် ဟိုပင်ဘက်မှ မြစ်ကြီးနားဘက် သို့ ယာဉ်မောင်း ရဲနိုင်ထွန်း(၂၆နှစ်) မန္တလေးမြို့နေမောင်းနှင်လာသော 3N/---- Sino Trark ၂၂ ဘီးယာဉ်သည် မြစ်ကြီးနားဘက်မှ မန္တလေးဘက်သို့မောင်းနှင်လာသော ၂၂ ဘီးတွဲယာဉ်အား တိမ်းရှောင်ရာမှ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ညာဘက် တံတားလက်ရန်းအကာကွန်ကရစ်ခုံကို တိုက်မိပြီး လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။ အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် လူထိခိုက်ဒဏ်ရာရမှုမရှိကြောင်းနှင့် ယာဉ်မောင်း ရဲနိုင်ထွန်းအား ဟိုပင်ရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **မင်းမင်းဦး**



# လေထိုးကျွတ်ဖာရာမှ လေဇာ၏တွန်းကန်အားကြောင့် သံခွေနှစ်ခြမ်းလွင့်စဉ်ကာ လေထိုးသူ ဦးခေါင်းထိမှန်သေဆုံး

**ကြာအင်းဆိပ်ကြီး မတ် ၂၇**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့ ဝါးဘိုးကုန်းကျေးရွာအုပ်စု ရေတံခွန်ကွက်သစ် ကောင်းစံ လေထိုးကျွတ်ဖာဆိုင်တွင် မတ် ၂၆ ရက်က လေထိုးကျွတ်ဖာရာမှ လေ၏ တွန်းကန်အားကြောင့် တာယာ၌ တပ်ဆင်ထားသော သံခွေနှစ်ခြမ်းမှာ လွင့်စဉ်သွားပြီး လေထိုးနေသူဦးခေါင်းအား ထိမှန်၍ သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၆ ရက် မွန်းလွဲ ၁ နာရီခန့် ကြာအင်းဆိပ်ကြီးမြို့ ဝါးဘိုးကုန်းကျေးရွာအုပ်စု ရေတံခွန်ကွက်သစ် ကောင်းစံ လေထိုးကျွတ်ဖာဆိုင်ရှင် ဦးအောင်သူ(၃၀နှစ်)သည် အလုပ်သမားသုံးဦးနှင့်အတူ ထမင်းစားနေစဉ် စောလုကွေး(၂၇ နှစ်) ထီးထောပလဲကျေးရွာ ကြာအင်းဆိပ်ကြီးမြို့နယ် နေသူမှာ ထော်လာဂျီဖြင့် ရောက်ရှိလာပြီး ရှေ့ဘီးတာယာဖာခိုင်းရာ ဦးအောင်သူက ဘီးဖာပေးခဲ့ကြောင်း၊ ဘီးဖာအပြီး တာယာခွေအား ပြန်တပ်ရာတွင် ခွေထိန်းသည့်နတ်တိုင်မှာ ရှစ်လုံးပါရှိရမည့်အစား ငါးလုံးသာပါရှိပြီး သုံးလုံးသာကောင်းသဖြင့် လေထိုး၍ မရသေးကြောင်း၊ ထမင်းစားပြီးပါက နတ်တိုင်အသစ်သွားရောက်ဝယ်ယူ၍ တပ်ဆင်ပေးမည်ဖြစ်ကြောင်း ပြောကြားကာ အလုပ်သမားများနှင့်အတူ ဆက်လက်ထမင်းစားနေစဉ် စောလုကွေးက လေထိုးဂေါက်တံဖြင့် ကိုယ်တိုင်လေဖြည့်စဉ် လေ၏တွန်းကန်အားကြောင့် တာယာ၌ တပ်ဆင်ထားသော သံခွေနှစ်ခြမ်းမှာ လွင့်စဉ်သွားပြီး လေထိုးနေသည့် စောလုကွေး၏ မျက်နှာနှင့် ဦးခေါင်းတို့အား ထိမှန်ကာ ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စောလုကွေး သေဆုံးခြင်းအပေါ် ဆက်လက်စုံစမ်းစစ်ဆေးနိုင်ရန် ကြာအင်းဆိပ်ကြီးမြို့မရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ဖားကန့်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား သုံးသိန်းကျော်နှင့် ဘိန်းဖြူမှုန့် ၁၁၀ ဂရမ် သိမ်းဆည်းရမိ

**ဖားကန့် မတ် ၂၇**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်၌ မတ် ၂၆ ရက် မွန်းလွဲ ၁ နာရီက ငွေကျပ်သိန်းပေါင်း ၁၆၀၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၃၈၀၀ နှင့် ဘိန်းဖြူ ၁၁၀ ဂရမ်ကို သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု ၃ မှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဘွမ်နန်ကျေးရွာအနီး ဆိုင်းအောင်-ဘွမ်နန်သွားကားလမ်းတွင် စောင့်ဆိုင်းနေစဉ် အိုက်ပလောင်(ခ)ဇော်ကလန်း(၃၆)နှစ် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ အား ရှာဖွေတွေ့ရှိခဲ့၍ မေးမြန်းရာ ယင်းပစ္စည်းများမှာ လီအားချန် (ခ) ရဝေအောင်(၁၉)နှစ်ထံမှ တစ်ဆင့်ဝယ်ယူရောင်းချသည့် ပစ္စည်းများဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။ ကွင်းဆက်သတင်းအား ဆက်လက်စုံစမ်းဖော်ထုတ်ရာ ယင်းနေ့ညနေ ၅ နာရီတွင် လီအားချန်(ခ)ရဝေအောင်အား ဆိပ်မူကျေးရွာတံတားထိပ်တွင် ဖမ်းဆီးရမိပြီး ၎င်းနေထိုင်သည့် မော်ရှန်ရပ်ကွက်နေအိမ်ကို ရှာဖွေစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၂၀၀၀၊ ရောင်စုံဆပ်ပြာခွက် ၁၀ ခွက်နှင့် ထည့်ထားသည့် ဘိန်းဖြူမှုန့် ၁၁၀ ဂရမ်အား ထပ်မံသိမ်းဆည်းရမိခဲ့ရာ ယင်းနေ့ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးတန်ဖိုးငွေကျပ်သိန်းပေါင်း ၁၆၇၈၇ ဒသမ ၇ သိန်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အိုက်ပလောင်(ခ)ဇော်ကလန်းနှင့် လီအားချန်(ခ)ရဝေအောင်တို့ကို ဖားကန့်မြို့မရဲတပ်ဖွဲ့စခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဝင်းနိုင် (ကချင်မြေ)**

# မရမ်းချောင်ပူးပေါင်းစစ်ဆေးရေးအဖွဲ့ ရှောင်ကွင်းလမ်းများစစ်ဆေးစဉ် လိုင်စင်မဲ့ယာဉ်ငါးစီး စစ်ဆေးတွေ့ရှိ

**နေပြည်တော် မတ် ၂၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၂၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၇၃ စီး၊ သွင်းကုန် ၈၅၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၄ စီး ၊ သွင်းကုန် ၁၆၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၆ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၀၇၅ သန်းခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု ၁၁ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈ ဒသမ ၅၁၇ သန်းခန့် စုစုပေါင်း တားဆီးမှု ၁၃ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁ ဒသမ ၅၉၂ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၂၆ ရက်တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်ကွင်းလမ်းများသို့ လှည့်ကင်းလိုက်လံစစ်ဆေးစဉ် တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ Toyota Crown၊ Honda Airwave၊ Honda Odyssey၊ Honda Fit နှင့် Nissan Note စုစုပေါင်းမော်တော်ယာဉ်ငါးစီး၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆ ဒသမ ၅ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# တောင်ကြီးမြို့၌ အဲကွန်းအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

**တောင်ကြီး မတ် ၂၇**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့၌ အိမ်အမှတ် ၇-၂၄ နယ်မြေ ၁၂ နီလာလမ်း ရတနာသီရိရပ်ကွက်၌ မတ် ၂၆ ရက် ညနေ ၃ နာရီ ၁၅ မိနစ်က အဲကွန်းအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

**မီးငြိမ်းသွားခဲ့**

တောင်ကြီးမြို့၌ အိမ်အမှတ် ၇-၂၄ နီလာလမ်း နယ်မြေ ၁၂ ရတနာသီရိရပ်ကွက်နေ ဦးခင်မောင်ချစ်(၅၆ နှစ်) နှစ်ထပ်တိုက်အပေါ်ထပ် ရှေ့ခန်းတွင် အသုံးပြုသော အဲကွန်းအပူလွန်ကဲရာမှာ ဝိုင်ယာရှော့ဖြစ်ပြီး နေအိမ်အပေါ်ထပ် မျက်နှာကြက်များနှင့် နေအိမ်အိပ်ခန်း၊ ဘုရားခန်း၊ ဧည့်ခန်းတို့အား မီးကူးစက်လောင်ကျွမ်းခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ မီးသတ်ယာဉ်ရှစ်စီး၊ အုပ်ချုပ်ယာဉ်တစ်စီး၊ အယ်ပွားရေသယ်ယာဉ်နှစ်စီး၊ ထော်လာဂျီယာဉ်သုံးစီး၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် ညနေ ၃ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# ထောက်လှမ်းရေးအဖွဲ့ဝင်ဟောင်းအား အဆိပ်ခတ်မှုဖြင့် ရုရှားသံတမန် အယောက် ၆၀ ကို အမေရိကန်နှင်ထုတ်မည်

**ဝါရှင်တန် မတ် ၂၇**

အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် ရုရှားသံအမတ် အယောက် ၆၀နှင့် ထောက်လှမ်းရေးအာဏာပိုင်များကို ပြည်တွင်းမှနှင်ထုတ်ရန်နှင့် ဆီယက်တယ်ရှိရုရှားကောင်စစ်ဝန်ရုံးကို ပိတ်သိမ်းရန် အမိန့်ထုတ်ပြန်လိုက်ကြောင်း သိရသည်။ ယခုလအစောပိုင်းက ဗြိတိန်ရှိ ရုရှားထောက်လှမ်းရေးအဖွဲ့ဝင်ဟောင်းတစ်ဦးအား အဆိပ်ဖြင့် လုပ်ကြံသတ်ဖြတ်ရန် ကြိုးစားခဲ့မှုကိုတုံ့ပြန်အရေးယူသည့်အနေဖြင့် ထိုသို့ဆောင်ရွက်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ရုရှားအာဏာပိုင်များသည် ခုနစ်ရက်အတွင်း အမေရိကန်ပြည်ထောင်စုမှ ထွက်ခွာသွားကြရန် တိုက်တွန်းထားခြင်းခံရကြောင်း အမေရိကန်အကြီးတန်း အာဏာပိုင်များက တနင်္လာနေ့က အမည်မဖော်ဘဲ ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် ဗြိတိန်မြေပေါ်တွင် ရုရှားက စစ်သုံးဓာတုအဆိပ်လက်နက်ကို အသုံးပြုခဲ့သည့်အပေါ် တုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် ကမ္ဘာတစ်ဝန်းရှိ နေတိုးမဟာမိတ်များ၊ မိတ်ဖက်များနှင့်အတူ ယခုကဲ့သို့အရေးယူဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချလိုက်ခြင်းဖြစ်ကြောင်း အာဏာပိုင်အဖွဲ့က ပြောကြားခဲ့သည်။

အသက် ၆၆ နှစ်ရှိ ရုရှားထောက်လှမ်းရေးအရာရှိဟောင်း ဆာဂျီဆကရီပယ်နှင့် ၎င်း၏ သမီးဖြစ်သူ ယူလီရာတို့သည် ယခုလအစောပိုင်းက ဆာလစ်ဘာရီရှိ ဈေးဝယ်ကုန်တိုက်တစ်ခု၏ ခုံတန်းလျားတစ်ခုပေါ်တွင် သတိလစ်မေ့မျောနေသည်ကို တွေ့ခဲ့ရသည်။ ၎င်းတို့နှစ်ဦးသည် အာရုံကြောထိခိုက်စေသည့် အဆိပ်နှင့်ထိတွေ့ခဲ့ပြီးနောက် အရေးပေါ်အခြေအနေဖြင့်ကုသမှုခံယူခဲ့ရသည်။ ဗြိတိန်အာဏာပိုင်များ၏ ပြောပြချက်အရ ယင်းအဆိပ်သည် ရုရှားမှလာသည့်ဓာတုအဆိပ်ဖြစ်သည်ဟုဖော်ပြထားသည်။သို့သော်မော်စကိုက ယင်းဖြစ်ရပ်တွင် ပါဝင်ပတ်သက်မှုမရှိကြောင်း ငြင်းဆန်ထားသည်။

**ဆင်ဟွာ**



# ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့သည့်အတွက် အီရန်ကို လက်တုံ့ပြန်မည်ဟု ဆော်ဒီပြော

**ရီယာ့ဒ် မတ် ၂၇**

ယီမင်ဟူသီ လက်နက်ကိုင်များက ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့သည့်အတွက် အီရန်ကို လက်တုံ့ပြန်သွားမည်ဖြစ်ကြောင်း ဆော်ဒီဦးဆောင်သည့် မဟာမိတ်တပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ တာကီ အယ်လ်မာလီကီက မတ် ၂၆ ရက်က ပြောခဲ့သည်။

ဟူသီလက်နက်ကိုင်များ ပစ်ခတ်ခဲ့သည့် ဒုံးကျည်ကို ကာကွယ်ဖျက်ဆီးခဲ့ရာတွင် ကြွင်းကျန်သော ဒုံးကျည်အပိုင်းအစများတွင် အီရန် ပါးရှားဘာသာစကားဖြင့် ရေးထိုးထားသည်ကို တွေ့ရှိခဲ့ကြောင်း၊ အီရန်က ဟူသီလက်နက်ကိုင်များကို ဒုံးကျည်ထောက်ပံ့ပေးကာ ဆော်ဒီအား တိုက်ခိုက်ခြင်းမှာ ထင်ရှားကြောင်း၊ ဆော်ဒီအနေဖြင့် သင့်တော်သည့် အချိန်၊ သင့်တော်သည့်နေရာများတွင် အီရန်ကို တုံ့ပြန်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။



မတ် ၂၅ ရက် ညပိုင်းက ဟူသီလက်နက်ကိုင်များသည် ဆော်ဒီနိုင်ငံအတွင်းသို့ ဒုံးကျည်ခုနစ်စင်းဖြင့် တိုက်ခိုက်ခဲ့ရာ ၎င်းတို့အနက် သုံးစင်းမှာ ဆော်ဒီအာရေဗျနိုင်ငံ မြို့တော် ရီယာ့ဒ်ကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပစ်ခတ်ခဲ့သည့် ဒုံးကျည်များကို ဆော်ဒီ လေကြောင်းကာကွယ်ရေးတပ်ဖွဲ့က တားဆီးနိုင်ခဲ့သော်လည်း ကျန်ဒုံးကျည်တစ်စင်းကို ကာကွယ် ဖျက်ဆီးခဲ့ရာတွင် ဒုံးကျည်အပိုင်းအစများက လူနေအိမ် တစ်ခုပေါ်သို့ ကျရောက်ခဲ့ပြီး လူတစ်ဦး သေဆုံးခဲ့ကာ နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံထုတ် ပင်လယ်စာများအား ပိတ်ပင်ထားမှုကို ရုရှား ဖယ်ရှား

**မော်စကို မတ် ၂၇**

ရုရှားအစိုးရသည် ဂျပန်နိုင်ငံမှပင်လယ်စာများတင်ပို့မှုကို ကန့်သတ်ပိတ်ပင်မှုများ ပြုလုပ်ထားမှု ဖြေလျှော့ပေးခဲ့ကြောင်း သိရသည်။

၂၀၁၁ခုနှစ် ဖူကူရှီးမားနျူကလီးယား ဘေးအန္တရာယ်ကျရောက်ခဲ့ပြီးနောက် ရေဒီယိုသတ္တိကြွပစ္စည်းများပါဝင်မှုကို စိုးရိမ်ရသည့်အတွက် ဂျပန်နိုင်ငံမှ ပင်လယ်စာများအား ပိတ်ပင်မှုလုပ်ဆောင်ခဲ့သည်။



ရုရှား ကူးစက်ရောဂါဖြစ်ပွားမှုဆိုင်ရာ ထိန်းချုပ်ရေး အာဏာပိုင်များက ၎င်းတို့သည် ဖူကူရှီးမားခရိုင်အားပေးစက်ရုံအနီး တစ်ဝိုက် ဒေသများရှိ စီရင်စုခြောက်ခုတို့မှ တင်ပို့ကုန်များကို ခွင့်ပြုချက်ပေးခဲ့ကြောင်း ပြောကြားခဲ့သည်။ အာဏာပိုင်များသည် ဖူကူရှီးမားစီရင်စုမှ ပင်လယ်စာများအပေါ်ပိတ်ပင်ထားမှုကိုလည်း ဖယ်ရှားခဲ့ကြသည်။

ယင်းစားသောက်ကုန်များတွင် အဆိပ်သင့်ပစ္စည်းပါဝင်မှုမရှိကြောင်း တရားဝင် ဖော်ပြသည့် အထောက်အထားများပြသနိုင်မှုအပေါ် မူတည်၍ ဖယ်ရှားခဲ့ကြောင်း သိရသည်။

ရုရှားအာဏာပိုင်များ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီထံမှ အစီရင်ခံစာများနှင့် ရေဒီယိုသတ္တိကြွပစ္စည်းများကို ဂျပန်နိုင်ငံက စစ်ဆေးထိန်းချုပ်မှု အချက်အလက်များကို ထည့်သွင်းစဉ်းစားကာ ထိုသို့ ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်၏ မူဝါဒကို ပြောင်းလဲရန် မြောက်ကိုရီးယား တောင်းဆို

**ပြုံယမ်း မတ် ၂၇**

မြောက်ကိုရီးယား အကြီးတန်းအာဏာပိုင်တစ်ဦးသည် မြောက်ကိုရီးယားနိုင်ငံအပေါ် အမေရိကန်ကပိတ်ဆို့မှုများနှင့် ဖိအားပေးမှုများကို ရပ်ဆိုင်းရန်တောင်းဆိုခဲ့ကြောင်းသိရသည်။ မြောက်ကိုရီးယားပြည်သူ့ညီလာခံမှ ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ရီဂျွန်ဟော့ခ်သည် တနင်္လာနေ့က ဂျီနီဗာ၌ ပါလီမန်လွှတ်တော်တွင်း အစည်းအဝေး၌ ပြောကြားခဲ့သည်။

ရီသည် စနေနေ့ကကျင်းပခဲ့သည့် ငါးရက်ကြာအစည်းအဝေးသို့ တက်ရောက်ရသည့် မြောက်ကိုရီးယားကိုယ်စားလှယ်လေးဦးအနက်တစ်ဦး အပါအဝင်ဖြစ်သည်။ မြောက်ကိုရီးယားသည် တောင်ကိုရီးယားနှင့်ဆက်ဆံရေး အခြေအနေ တိုးတက်မှုရရှိရန်နှင့် ကိုရီးယားကျွန်းဆွယ်အရေးတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး၎င်းက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အရှေ့တောင်အာရှရှိ Uber ၏ စီးပွားရေးဝေစုများအား Grab ဝယ်ယူ

**စင်ကာပူ မတ် ၂၇**

စင်ကာပူနိုင်ငံအခြေစိုက် နည်းပညာကုမ္ပဏီဖြစ်သည့် Grab သည် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှဒေသအတွင်းရှိ Uber အင်တာနက်ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများအား ဝယ်ယူလိုက်ပြီး စီးပွားရေးလုပ်ငန်းဝယ်ယူမှုအကြီးဆုံးအဖြစ် စံချိန်တင်ခဲ့ကြောင်း မတ် ၂၆ ရက်က ပြောခဲ့သည်။

Uber ၏ သဘောတူညီချက်အရ Grab သည် အရှေ့တောင်အာရှနိုင်ငံ ရှစ်နိုင်ငံဖြစ်သော ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများရှိ Uber ၏ သယ်ယူပို့ဆောင်ရေးနှင့် အစားအသောက်ပို့ဆောင်ရေးစီးပွားရေးလုပ်ငန်းများအား ရရှိသွားပြီဖြစ်ကြောင်း သိရသည်။ ထို့အတူ Uber က Grab တွင် ၂၇ ဒသမ ၅ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံမှုပိုင်ဆိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

Uber Eats လုပ်ငန်းနှင့် စီးပွားရေးပေါင်းစည်းလိုက်ခြင်းအားဖြင့် ၂၀၁၈ခုနှစ် ပထမခြောက်လအတွင်းတွင် အရှေ့တောင်အာရှနိုင်ငံကြီးများအားလုံးတွင် Grab ဖုဒ်အားတွေ့မြင်ရမည်ဖြစ်ကြောင်း သိရသည်။

Uber Apps အား နောက်ထပ် သီတင်းပတ်နှစ်ပတ်အထိလည်းကောင်း၊ Uber Eats အား မေလကုန်အထိလည်းကောင်း ဆက်လက်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

Grab အုပ်စုအမှုဆောင်အရာရှိချုပ်နှင့် ပူးတွဲတည်ထောင်သူ အန်တိုနီတန်က Uber နှင့် ပူးပေါင်းလိုက်ခြင်းအားဖြင့် ၎င်းတို့၏ ဖောက်သည်များကို ကတိပေးထားသည်ထက် ပိုမိုကောင်းမွန်သော ဖြည့်ဆည်းပေးမှုများ လုပ်ဆောင်ပေးသွားနိုင်တော့မည်ဖြစ်ကြောင်း ပြောခဲ့သည်။

**ဆင်ဟွာ**



## နိုင်ငံတကာ သတင်းတိုထွာ

### အလက်ဇန်းဒရီးယား၌ ဗုံးကြဲမှုဖြင့် စစ်သွေးကြွခေါင်းဆောင်ဦးကို အီဂျစ်ရဲတပ်ဖွဲ့က သတ်ဖြတ်

**ကိုင်ရို မတ် ၂၇**

ဒေသဆိုင်ရာ လုံခြုံရေးအကြီးအကဲကို ပစ်မှတ်ထားလျက် ဗုံးခွဲတိုက်ခိုက်မှု လုပ်ဆောင်ခဲ့သည်ဟု သံသယရှိမှုဖြင့် အိုင်အက်စ်အစွန်းရောက် စစ်သွေးကြွအဖွဲ့ဝင် ခေါင်းဆောင်ဦးကို အီဂျစ်ရဲတပ်ဖွဲ့က သတ်ဖြတ်လိုက်ကြောင်း သိရသည်။

ဗုံးဖောက်ခွဲမှုသည် စနေနေ့က အလက်ဇန်းဒရီးယား မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရဲအရာရှိတစ်ဦး အပါအဝင် လူနှစ်ဦး သေဆုံးခဲ့သည်။ အီဂျစ် ပြည်ထဲရေးဝန်ကြီးဌာနက တိုက်ခိုက်မှုတွင် ဝရမ်းပြေးအဖြစ် သတ်မှတ်ထားသည့် Hasm လှုပ်ရှားမှုအဖွဲ့ ပါဝင်ပတ်သက်နေသည်ဟု ယူဆကြောင်း ပြောကြားခဲ့သည်။

လုံခြုံရေး အင်အားစုများသည် တနင်္ဂနွေနေ့က အဆိုပါ အုပ်စုထိန်းချုပ်ထားသည့် နေရာကို စီးနင်းတိုက်ခိုက်ခဲ့ပြီး အဖွဲ့ဝင်ခေါင်းဆောင်ဦးကို သတ်ဖြတ်ခဲ့သည်။ Hasm လှုပ်ရှားမှုအဖွဲ့သည် သမ္မတ အဗ္ဗဒယ်လ် ဖာတက်အယ်လ်စီစီ အစိုးရအဖွဲ့က မွတ်စလင်အင်အားစုများကို နှိမ်နင်းခဲ့မှုအပေါ် လက်တုံ့ပြန်သည့်အနေဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် အစိုးရရှေ့နေများကို တိုက်ခိုက်မှုအများအပြား လုပ်ဆောင်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

---

### စားသောက်ကုန်များ တင်ပို့မှုအား ပိတ်ပင်ထားမှု ဖယ်ရှားပေးရန် ဟောင်ကောင်ကို ဂျပန်တိုက်တွန်း

**တိုကျို မတ် ၂၆**

ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုသည် ၂၀၁၁ ခုနှစ် ဖူကူရှီးမား နျူကလီးယား ဖြစ်ရပ် ဖြစ်ပွားခဲ့ပြီးနောက် စတင်ချမှတ်လိုက်သည့် ဂျပန်နိုင်ငံထွက် စားသောက်ကုန်တင်ပို့မှုများအပေါ် စည်းမျဉ်းကန့်သတ်ချက်များကို ဖယ်ရှားပေးရန် ဟောင်ကောင်အစိုးရအဖွဲ့ခေါင်းဆောင်အား တိုက်တွန်းခဲ့ကြောင်း သိရသည်။

ကိုနိုသည် တရုတ်နယ်နိမိတ်ဆီသို့ အလည်အပတ်သွားရောက်ခဲ့စဉ်အတွင်း ဟောင်ကောင်အုပ်ချုပ်ရေးအကြီးအကဲ ကယ်ရီလမ်အား မေတ္တာရပ်ခံတိုက်တွန်းခဲ့ကြောင်း သိရသည်။ ဟောင်ကောင်အစိုးရသည် နျူကလီးယားဘေးအန္တရာယ်ကျရောက်မှုဖြစ်ပွားခဲ့ပြီးနောက် ဂျပန် စီရင်စု ငါးခုတို့မှ သစ်သီးများ၊ ဟင်းသီးဟင်းရွက်များနှင့် အခြားသော စားသောက်ကုန်ပစ္စည်းများကို ပိတ်ပင်ခဲ့သည်။

ကိုနိုသည် မြောက်ကိုရီးယားအရေးနှင့်ပတ်သက်၍လည်း ပြောဆိုခဲ့သည်။ ပြုံယမ်းအနေဖြင့် နျူကလီးယားလက်နက်လျှော့ချရေးကို ခြေလှမ်းမစသရွေ့ အဆက်မပြတ် ဖိအားပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

---

# ကျောင်းသားလူငယ်တွေ ဦးဆောင်တဲ့ သေနတ်ထိန်းချုပ်ရေး ဆန္ဒပြပွဲများ

**ကလျာမိုးမြင့်**




စနေနေ့နံနက်ခင်းရဲ့ ချမ်းစိမ့်စိမ့်ရာသီဥတုကို အန်တုရင်း နယူးယောက်မြို့က ဆယ်ကျော်သက်လူငယ်တွေ၊ ဆရာဆရာမတွေနဲ့ မိဘတွေပါဝင်တဲ့ ထောင်ပေါင်းများစွာသော လူအုပ်ကြီးဟာ အမေရိကန်ကွန်ဂရက်လွှတ်တော်က သေနတ်ကိုင်ဆောင်မှုကို ပိုမိုတင်းကျပ်စွာထိန်းချုပ်တဲ့ ဥပဒေကို အတည်ပြုပေးဖို့တောင်းဆိုတဲ့ ပြည်လုံးကျွတ် ကျောင်းသားများစုဝေးမှုကို ထောက်ခံပါဝင်တဲ့အနေနဲ့ လမ်းမတွေပေါ်မှာ နေရာယူထားကြပြီဖြစ်ပါတယ်။

ကျွန်ုပ်တို့ရဲ့ ဘဝတွေအတွက် စုဝေးမှု (March for our Lives) လို့ အမည်ပေးထားတဲ့ နယူးယောက် စုဝေးချီတက်မှုဟာ ဖလော်ရီဒါပြည်နယ် Parkland မှာ ကျောင်းအတွင်း သေနတ်ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရသူ ၁၇ ဦးရဲ့ နာမည်တွေကို ဖတ်ကြားလိုက်ရာက ငြိမ်သက်တိတ်ဆိတ်သွားခဲ့တဲ့ အခိုက်အတန့်ကလေးအတွင်းမှာ ဗဟိုပန်းခြံအနီး လူထုစုဝေးမှုကနေ စတင်ခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ ဆန္ဒပြသူတွေဟာ “တော်သင့်ပြီ”၊ “သေနတ်အကြမ်းဖက်မှုတွေက နာကျင်စေသည်”၊ “ကျွန်ုပ်သည် လုံခြုံရေးအစောင့်မဟုတ်၊ ကျောင်းဆရာတစ်ဦးသာဖြစ်သည်”စတဲ့ ဆောင်ပုဒ်တွေကို ကိုင်ဆောင်ပြီး မန်ဟက်တန်မြို့လယ်ကောင်ဆီ ချီတက်လျှောက်လှမ်းလာခဲ့ကြပါတယ်။

ကျောင်းတက်နေကြတဲ့ ကလေးတွေအတွက် ကျွန်ုပ်တို့ စုဝေးချီတက်ရတာပါ။ သူတို့မှာ အကာအကွယ်ရှိလာဖို့ မျှော်လင့်တယ်။ ပြီးတော့ ကျောင်းတက်နေရင်း သေနတ်စာမိပြီးသေမှာကို စိုးရိမ်နေရဖို့ မလိုလားဘူးလို့ နယူးအော်လိန်းက တက္ကသိုလ်ကျောင်းသူတစ်ဦးဖြစ်တဲ့ ဒေစီရိုင်မာက ဆင်ဟွာသို့ ဖြေကြားခဲ့ပါတယ်။ ဒေစီနဲ့ ၎င်းရဲ့ သူငယ်ချင်းတွေဟာ Central Park West Avenue ကနေ လူအုပ်နဲ့အတူ စတင်ချီတက် လျှောက်လှမ်းနေတာဖြစ်ပါတယ်။

### လူငယ်တွေရဲ့ သေနတ်ထိန်းချုပ်ရေး ကြိုးပမ်းမှု

အမေရိကန်က ဆယ်ကျော်သက်လူငယ်လူရွယ် တက်ကြွလှုပ်ရှားသူတွေဟာ ၎င်းတို့ရဲ့ မိဘတွေအဆက်ဆက်က အောင်မြင်အောင် လုပ်ဆောင်နိုင်ခဲ့ခြင်းမရှိတဲ့ သေနတ်ထိန်းချုပ်ရေးကြိုးပမ်းမှုတစ်ရပ်ကို အကောင်အထည်ဖော်ဖို့ အရှိန်ယူနေကြတယ်လို့ ကျွမ်းကျင်သူအမြောက်အမြားက သုံးသပ်ပါတယ်။ စနေနေ့က အမေရိကန်တစ်လွှားက မြို့ကြီးတွေမှာလည်း အလားတူ စုဝေးချီတက်မှုတွေ ၈၀၀ ကျော်လောက် ရှိခဲ့တယ်လို့ သိရပါတယ်။ ဝါရှင်တန်ဒီစီ၊ လော့အိန်ဂျလိစ်၊ ဘော်စတွန်၊ ဖီလာဒဲဖီးယား၊ နယူးယောက်စီးတီးနဲ့ ဖလော်ရီဒါ Parkland တို့မှာ ချီတက်စုဝေးဖို့ စီစဉ်ခဲ့ကြပြီး ဝါရှင်တန်ဒီစီတစ်ခုတည်းမှာတင် ချီတက်စုဝေးသူ ၅၀၀၀၀၀ လောက်က ချီတက်အင်အားပြကြလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။

Parkland မှာ ဖြစ်ခဲ့တဲ့ သေနတ်ပစ်ခတ်မှုအပြီး တစ်လတိတိအကြာ မတ် ၁၄ ရက် စနေနေ့က ဆန္ဒထုတ်ဖော်မှုတွေ လိုက်ပါလာတာဖြစ်ပြီး အဲဒီဆန္ဒထုတ်ဖော်မှုမှာ နိုင်ငံတစ်ဝန်းက ကျောင်းသားတွေဟာ Parkland ကျောင်းတွင်း သေနတ်ပစ်ခတ်မှုအတွင်းမှာ သေဆုံးသွားသူ ၁၇ ဦးကို ဂုဏ်ပြုတဲ့အနေနဲ့ ၁၇ မိနစ်ကြာအောင် အတန်းပြင်ကို ထွက်ခဲ့ကြပါတယ်။

နောက်ထပ် ကျောင်းသားများ သပိတ်မှောက်မှုကိုတော့ ၁၉၉၉ ခုနှစ် ကိုလိုရာဒို၊ ကိုလမ်ဘိုင်းမှာ ကျောင်းတွင်းသေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့တဲ့ နှစ်ပတ်လည်နေ့ဖြစ်တဲ့ ဧပြီ ၂၀ ရက်မှာ ပြုလုပ်ဖို့ စီစဉ်ထားပါတယ်။ လူအမြောက်အမြား သေနတ်ပစ်ခတ်ခံရမှုတွေ ဖြစ်ပွားပြီးနောက်မှာ ပိုမိုတင်းကျပ်တဲ့ သေနတ်ကိုင်ဆောင်ခွင့်ဥပဒေတွေ ချမှတ်ပေးဖို့ ပြည်သူလူထုရဲ့ တောင်းဆိုသံတွေ ထွက်ပေါ်လာသော်ငြားလည်းပဲ အမေရိကန်ပြည်ထောင်စုမှာ သေနတ်ကိုင်ဆောင်မှုနဲ့ပတ်သက်တဲ့ ဝေဖန်ဆွေးနွေးမှုတွေဟာ နောက်ထပ် ဝမ်းနည်းကြေကွဲစရာဖြစ်ရပ်တစ်ခု ပေါ်မလာမချင်း မေးမှိန်ပျောက်ကွယ်သွားမယ့် အနေအထား ရှိနေပါတယ်။

အမေရိကန်ပြည်သူတွေရဲ့ ၆၂ ရာခိုင်နှုန်းက လူထုစုဝေးချီတက်မှုတွေဟာ သေနတ်ထိန်းချုပ်ရေး ဥပဒေသစ်ကို အတည်ပြုနိုင်ဖို့ ထိရောက်မှုရှိလိမ့်မယ်လို့ မယုံကြည်ဘူးလို့ ပြောဆိုနေကြသော်လည်းပဲ ၆၃ ရာခိုင်နှုန်းသော အမေရိကန်မဲပေးသူတွေကတော့ လူထုစုဝေးလှုပ်ရှားမှုကို ထောက်ခံအားပေးကြတယ်လို့ ကွန်နက်တီကတ်ပြည်နယ် ဟမ်ဒင်မှာရှိတဲ့ Quinnipiac တက္ကသိုလ်မှာ မကြာသေးမီက ပြုလုပ်ခဲ့တဲ့ ဆန္ဒမဲကောက်ယူမှုတွေက ဖော်ပြနေပါတယ်။

နယူးဂျာစီရှိ မောင့်တ်ကလဲယားတက္ကသိုလ်မှ အသက် ၂၀ ရှိပြီဖြစ်တဲ့ ဆက်သွယ်ရေးကျောင်းသူ မော်လီဂျန်ကင်စ်ဟာ ၎င်းရဲ့ သူငယ်ချင်းနဲ့အတူ လူထုစုဝေးရာသို့ ရောက်ရှိလာပါတယ်။ သေနတ်ပစ်ခတ်မှုတွေအားလုံး အထူးသဖြင့် ကျောင်းတွင်းသေနတ်ပစ်ခတ်မှုတွေ ဖြစ်ပွားပြီးနောက်မှာ တစ်ခုခုလုပ်ဖို့ကတော့ လိုအပ်လာနေပြီ။ တစ်ပြည်လုံးအနှံ့ကို မက်ဆေ့ချ်တစ်ခုရောက်ရှိသွားဖို့ လိုအပ်နေပြီ။ ဒီမက်ဆေ့ချ်ကို ပိုပြီးဖော်ပြနိုင်လေလေ၊ အပြောင်းအလဲတစ်ခုကို လူတွေပိုပြီး လုပ်ဆောင်နိုင်လေလေပဲလို့ မော်လီက ပြောခဲ့ပါတယ်။

မော်လီက ၎င်းအနေနဲ့ ပြည်သူတွေကို ၂၀၁၈ ရွေးကောက်ပွဲအတွက် မဲထည့်ဝင်ဖို့ စာရင်းပေးစေချင်ပြီး ပြစ်မှုဆိုင်ရာတွေ ဖြစ်ပွားခဲ့တဲ့ ရိုင်ဖယ်သေနတ်ကိုင်ဆောင်မှုတွေအပေါ်မှာ ပိတ်ပင်တားဆီးစေချင်တယ်လို့ ဆိုပါတယ်။

### သေနတ်ထိန်းချုပ်မှုကို မကိုင်တွယ်နိုင်သည့် အကြောင်းများစွာရှိ

အမေရိကန်ပြည်ထောင်စုမှာ ဖြစ်ပွားခဲ့တဲ့ သေနတ်အကြမ်းဖက်မှုနဲ့ ဆက်စပ်နေတဲ့ သေဆုံးမှုတွေကို နောက်ဆုံးစစ်တမ်းကောက်ယူထားမှု အရေအတွက်အရ ယခုနှစ်မှာ သေနတ်ကြောင့် သေဆုံးရသူ ၂၈၈၃ ဦးရှိခဲ့ပြီး ၄၉၀၉ ဦး ဒဏ်ရာရရှိခဲ့တယ်လို့ ဖော်ပြနေတယ်လို့ အမေရိကန်ပြည်ထောင်စုမှာ ဖြစ်ပွားသမျှ သေနတ်အကြမ်းဖက်မှု ဖြစ်ရပ်တွေကို ခြေရာခံကာ အကျိုးအမြတ်မကြည့်သော အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ သေနတ်အကြမ်းဖက်မှုဆိုင်ရာ မှတ်တမ်းအဖွဲ့ (GVA) က ပြောခဲ့ပါတယ်။

ယခုနှစ်အတွင်းမှာပဲ ဒီလိုဖြစ်ရပ်တွေအတွင်းမှာ အသက် ၁၁ နှစ်အောက်ကလေးငယ် ၁၂၀ သေဆုံးဒဏ်ရာရရှိမှုတွေ ဖြစ်ခဲ့ပါတယ်။ သေနတ်နဲ့ဆက်စပ်နေတဲ့ အကြမ်းဖက်မှုတွေနဲ့ လူသတ်မှုဖြစ်ပွားနှုန်းတွေကို ကိုင်တွယ်ဆောင်ရွက်နိုင်ခြင်း မရှိမှုဟာ အကြောင်းရင်းတွေ အများကြီးရှိတယ်လို့ ကျွမ်းကျင်သူတွေက ဆိုပါတယ်။ လစ်ဘရယ်တွေနဲ့ ကွန်ဆာဗေးတစ်တွေ၊ ရီပတ်ဘလစ်ကန်နဲ့ ဒီမိုကရက်တစ်တွေကြားမှာ ကျယ်ပြန့်ကြီးမားလာတဲ့ ကွာဟမှုနဲ့အတူ သေနတ်ထိန်းချုပ်ရေးဆိုတာဟာ ပါတီစွဲစိတ်ပြင်းထန်တဲ့ ဘက်လိုက်မှုတွေရှိတဲ့ အကြောင်းအရာတစ်ခုဖြစ်လာပြီး ရီပတ်ဘလစ်ကန်တွေက တခဲနက် ပိုမိုဆန့်ကျင်ကန့်ကွက်လာတဲ့ ကိစ္စလည်း ဖြစ်နေပါတယ်။

ဒီကိစ္စထဲမှာ အမေရိကရဲ့ အချမ်းသာအကြွယ်ဝဆုံးနဲ့ ဩဇာလွှမ်းမိုးမှုအရှိဆုံး လော်ဘီအုပ်စုဖြစ်တဲ့ အမျိုးသားရိုင်ဖယ်အသင်း (NRA) ကလည်း အင်အားကြီးတဲ့ သေနတ်မဲဆွယ်မှုမှာ အများဆုံး ပါဝင်ပတ်သက်နေပါတယ်။ အမေရိကရဲ့ ရွေးကောက်ပွဲဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံဟာ NRA ထောက်ခံသူတွေကို လွှမ်းမိုးမှု ပိုမိုကြီးမားလာအောင် အထောက်အကူပေးနေပြီး သေနတ်ကိုင်ဆောင်ခွင့်ကို ထောက်ခံသူအများစုဟာ ကျေးလက်ဒေသတွေမှာ နေထိုင်ကြပြီး အဲဒီနေရာတွေမှာ မဲအနည်းငယ်လောက်က ကွန်ဂရက်လွှတ်တော် ရွေးကောက်ပွဲကို လွှဲဖယ်လိုက်နိုင်တယ်လို့ ကျွမ်းကျင်သူတွေက မှတ်ချက်ပေးခဲ့ပါတယ်။ ။

**ကိုးကား- ဆင်ဟွာ**

> **“လူထုစုဝေးချီတက်မှုတွေဟာ သေနတ်ထိန်းချုပ်ရေးဥပဒေသစ်ကို အတည်ပြုနိုင်ဖို့ ထိရောက်မှုရှိလိမ့်မယ်လို့ မယုံကြည်ဘူးလို့ ပြောဆိုနေကြသော်လည်းပဲ ၆၃ ရာခိုင်နှုန်းသော အမေရိကန်မဲပေးသူတွေကတော့ လူထုစုဝေးလှုပ်ရှားမှုကို ထောက်ခံအားပေးကြ”**

# အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဝန်းရံကြပါစို့

*ဝင်းသော်*

ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် SME အသေးစားနှင့် အလတ်စားလုပ်ငန်းများအပေါ် မှီတည်နေသဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါကိစ္စရပ်အပေါ် အလေးထားအာရုံစိုက် စီမံဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အတွင်းရှိ စီးပွားရေးလုပ်ငန်းများ၏ ၉၉ ဒသမ ၄ ရာခိုင်နှုန်းသည် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖြစ်သဖြင့် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် SME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအပေါ် မူတည်နေပြီး အလုံးစုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဝန်ကြီးဌာနအသီးသီးနှင့် ဆက်စပ်လျက်ရှိသော တာဝန်ရှိသူများအနေဖြင့် အလေးထားဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် လိုအပ်ပါသည်။

**အခြေခံစာရင်းဇယား ရေးဆွဲဖို့လို**

မိမိလုပ်ကိုင်နေသောလုပ်ငန်းတွင် စနစ်ကျသော ဝင်ငွေ၊ ထွက်ငွေစာရင်းထားရှိပြီး အိမ်သုံးနှင့် လုပ်ငန်းသုံး ရောထွေးမှုကို သတိပြုရမည်ဖြစ်ပါသည်။ မိမိလုပ်ငန်းသည် အမြတ်အစွန်းရသောလုပ်ငန်းဖြစ်သည်ကို အဆိုပါ ငွေစာရင်းဖြင့်သာ သက်သေပြနိုင်မည်ဖြစ်ပါသည်။ မိမိနိုင်ငံအတွင်း လုပ်ငန်းငယ်လေးများတွင် အမှန်တကယ်အလုပ်လုပ်ပြီး အမြတ်အစွန်းများရရှိသော လုပ်ငန်းများစွာရှိကြပါသည်။ သို့သော် စာရင်းဇယားနှင့် စနစ်ကျသူနည်းပါးသလို အခွန်ဆောင်သော အလေ့အထလည်း အားနည်းတတ်ကြပါသည်။ စနစ်တကျရှိသော လုပ်ငန်းဖြစ်စေရေးဟူသော ကိစ္စရပ်တစ်ခုကို ပထမဦးစွာ ထူထောင်ရမည်ဖြစ်ပါသည်။ (ဤသည်ကား စီမံချက်တစ်ခုအဖြစ် လုပ်ရမည်ဖြစ်ပါသည်) စနစ်တကျစာရင်းဇယားရှိသော အမြတ်အစွန်းရရှိနိုင်သော လုပ်ငန်းများကိုသာ ငွေချေးငှားမည့်ဘက်က စိတ်ဝင်စားပါသည်။ အခြေခံစာရင်းဇယားစနစ်တကျ ထားသူသည် မိမိလုပ်ငန်းကို အလေးထားသူဖြစ်သလို မိမိလုပ်ငန်းအခြေအနေကို စနစ်တကျဖော်ပြခြင်းဖြင့် အမြတ်အစွန်းရမည့် လုပ်ငန်းဟုတ်မဟုတ် သက်သေပြဖို့လိုမည် ဖြစ်ပါသည်။

လုပ်ငန်းရှင်တိုင်း မိမိလုပ်ငန်းချဲ့ထွင်ရန်အတွက် ချေးငွေရယူလိုကြပါသည်။ သို့သော် ချေးငွေရယူလိုသူတိုင်း လွယ်ကူစွာ ငွေချေး၍မရသော ကိစ္စရပ်သည် မိမိဘက်က ပြည့်စုံမှုမရှိသည့်အပေါ် အခြေခံပါသည်။ ထို့ကြောင့် ချေးငွေရယူလိုသူတိုင်းအခြေခံစာရင်းဇယား ရေးဆွဲမှုအား စနစ်တကျ ဆောင်ရွက်ကြရန်လိုအပ်ကြောင်း အကြံပြုလိုပါသည်။ အိမ်တွင်းလက်မှုလုပ်ငန်းငယ်များအနေဖြင့် စာရင်းစစ်ဆေးခံနိုင်သော အဆင့်အထိ ရေးဆွဲရန်မှာ လုပ်ငန်းအခြေအနေအရလည်းကောင်း၊ ဗဟုသုတအခြေခံအရလည်းကောင်း၊ အခက်အခဲရှိနိုင်သဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ အဆိုပါကိစ္စအား ဖြည့်ဆည်းကူညီရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာလုပ်ငန်းကော်မတီ၏ ကော်မတီအဖွဲ့ဝင်စာရင်းတွင် စာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန်နှင့် မြန်မာနိုင်ငံ စာရင်းကောင်စီဥက္ကဋ္ဌတို့အား ထည့်သွင်းဖွဲ့စည်းခဲ့ပါသည်။ သက်ဆိုင်ရာ မြို့နယ်စာရင်းစစ်ရုံးနှင့် စာရင်းကောင်စီတို့ပူးပေါင်း၍ ရှင်းလင်းလွယ်ကူသော ငွေကြေးစာရင်းရှင်းတမ်းနှင့် စာရင်းဇယားထိန်းသိမ်းမှုများ သင်ကြားပေးနေပြီဖြစ်ပါသည်။ သို့ဖြစ်၍ စာရင်းဇယားပြုစုထားသော SME များအားစိစစ်ချေးငွေထုတ်ပေးပြီး စာရင်းဇယားမတတ်သူများအား သင်ကြားကြပ်မတ်ပညာပေးခြင်းဖြင့် စနစ်တကျဖြစ်လာသော လုပ်ငန်းများအား ငွေချေးငှားနိုင်ရန် ဆောင်ရွက်ခြင်းများကို အဆင့်ဆင့်ပြုလုပ်ရမည်ဖြစ်ပါသည်။ အဆိုပါအဆင့်များကို သက်ဆိုင်ရာ တာဝန်ရှိသူများမှ စာရင်းဇယားယူ မှတ်တမ်းပြုစုခြင်း၊ တိုးတက်မှုနှုန်းအား စောင့်ကြည့်ခြင်းနှင့် လိုအပ်သည်များဖြည့်ဆည်းပြင်ဆင်ခြင်းစသည်တို့ကို စဉ်ဆက်မပြတ် စိတ်ဝင်တစားတာဝန်ကျေပွန်စွာဆောင်ရွက်ရန် အားလုံးတွင် တာဝန်ရှိပါသည်။

**ရရှိနိုင်သည့် ချေးငွေနှင့် အတိုးနှုန်း**

SME Loan ဆိုလျှင် အတိုးနှုန်း ၈ ဒသမ ၅ရာခိုင်နှုန်းနှင့် ယှဉ်တွဲမြင်လေ့ရှိပါသည်။ အစိုးရမှ သီးခြားအစီအစဉ်ဖြင့် ဆောင်ရွက်ပေးခြင်း၊ ပြည်ပမှရရှိသော Two Step Loan နှစ်ဆင့်ခံချေးငွေအား ဆောင်ရွက်ပေးခြင်းများမှလွဲ၍ အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းဖြင့် နိုင်ငံပိုင်ဘဏ်၊ ပုဂ္ဂလိကဘဏ်များမှ မရနိုင်ပါ။ ပုဂ္ဂလိကဘဏ်များအတွက် သတ်မှတ်သော မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အတိုးနှုန်းမှာ ၁၀ ရာခိုင်နှုန်းဖြစ်ပြီး အပ်ငွေအပေါ်တွင် ပေးရမည့်အနည်းဆုံးအတိုးနှုန်းကို ဗဟိုဘဏ်အတိုးနှုန်းအောက် ၂ ရာခိုင်နှုန်း (၁၀ ရာခိုင်နှုန်း - ၂ ရာခိုင်နှုန်း = ၈ ရာခိုင်နှုန်း) ထက် မနည်းစေရန်နှင့် ချေးငွေအပေါ်တွင် တောင်းခံနိုင်သည့် အမြင့်ဆုံးအတိုးနှုန်းကို ဗဟိုဘဏ်အတိုးနှုန်းထက် ၃ ရာခိုင်နှုန်း (၁၀ ရာခိုင်နှုန်း+၃ ရာခိုင်နှုန်း= ၁၃ ရာခိုင်နှုန်း) အထက် မကျော်လွန်စေရန် သတ်မှတ်ထားပါသဖြင့် အတိုးနှုန်း ၁၀ ရာခိုင်နှုန်းထက်လျှော့၍ မချေးနိုင်သော အခြေအနေဖြစ်ပါသည်။ ထပ်မံလိုသောငွေအား ပြင်ပမှ အတိုးနှုန်းမြင့်မားစွာဖြင့် ယူကြရသဖြင့် (အများအားဖြင့် ၃၆ ရာခိုင်နှုန်းမှ ၆၀ရာခိုင်နှုန်းအတွင်း) လုပ်ငန်းအတွက် ထင်သလောက်ခရီးမပေါက်သည်ကို တွေ့ရှိရပါသည်။ အကယ်၍ ပုဂ္ဂလိကဘဏ်များအနေဖြင့် risk base interest rates အဖြစ် လုပ်ငန်း၏ခိုင်မာမှုအား အဓိကစိစစ်၍ အပေါင်ပစ္စည်းပေါ်မူတည်ပြီး အတိုးနှုန်းကို ၁၃ ရာခိုင်နှုန်းနှင့် ၃၀ ရာခိုင်နှုန်းအတွင်း သတ်မှတ်တောင်းခံခြင်းဖြင့် အဆင်ပြေနိုင်မည်ဟု ယူဆပါသည်။ သို့မှသာ ဘဏ်များအနေဖြင့် အပေါင်ပစ္စည်းနှင့် လုပ်ငန်းအခြေအနေပေါ်မူတည်ပြီး ဆုံးရှုံးနိုင်ခြေကို အတိုးနှုန်းဖြင့် ကာကွယ်ပြီး ချေးငှားနိုင်မည်ဖြစ်ပါသည်။

ထို့အတူ လုပ်ငန်းရှင် လိုအပ်သော ချေးငွေပမာဏသိန်း ၁၀၀၀ မှ ၅၀၀၀ အတွင်း ရရှိနိုင်မည်ဖြစ်ပါသည်။ Two Step Loan (၈ ဒသမ ၅ ရာခိုင်နှုန်း) ဖြင့် ဆောင်ရွက်နေသော ချေးငွေအနေဖြင့် သိန်း ၂၀၀ မှ ၁၀၀၀ အတွင်းသာရရှိသော အခြေအနေက ပိုမိုများပြားသည်ကို တွေ့ရှိရပါသည်။

**SME လုပ်ငန်းရှင်များအတွက် သတင်းကောင်း**

နိုင်ငံတော်အစိုးရမှ ပြည်ပအဖွဲ့အစည်းများဖြင့် ပူးပေါင်း၍ လုပ်ငန်းရှင်များကို ကျပ်သိန်း ၁၀၀၀ အထိ ထုတ်ချေးတော့မည်ဖြစ်ကြောင်း သိရှိရပါသည်။ လက်ရှိအခြေအနေတွင် စက်မှုဝန်ကြီးဌာနအနေဖြင့် SME Sector Development အတွက် စီမံချက်ချမှတ်ပြီးဆောင်ရွက်လျက်ရှိရာ ဂျာမနီအခြေစိုက် KFW ဖွံ့ဖြိုးရေးဘဏ်နှင့် ပူးပေါင်းပြီးလုပ်ငန်းခိုင်မာမှုရှိပါက လုပ်ငန်းရှင်များအား အပေါင်ပစ္စည်းပါသည်ဖြစ်စေ၊ မပါသည် ဖြစ်စေထုတ်ချေးပေးသွားမည်ကြောင်း သိရှိရပါသည်။ ထို့ပြင် တိုင်းဒေသကြီး၊ ပြည်နယ်များ၌ရှိသော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများကို လုပ်ငန်းခိုင်မာမှုရှိပါက ချေးငွေထုတ်ချေးသွားမည် ဖြစ်ကြောင်း၊ နည်းပညာနှင့် ငွေကြေးအရင်းအနှီးရရှိရေးကို ဦးစားပေးပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်တွင်းအသေးစား၊ အလတ်စားလုပ်ငန်း SME များ ရပ်ဆိုင်းနှောင့်နှေးခြင်းမဖြစ်စေဘဲ ပိုမိုဖွံ့ဖြိုးတိုးတက်ခိုင်မာစေရန် အဓိကလိုအပ်ချက်များကို စတင်ပံ့ပိုး ကူညီဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း၊ စက်မှုကဏ္ဍအပြင် ဝန်ဆောင်မှုလုပ်ငန်းနှင့် အခြား SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ SME များ ရှင်သန်ရပ်တည်နိုင်မည့် ပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရန်၊ နည်းပညာ၊ ငွေကြေးအရင်းအနှီးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် စသည့် လုပ်ငန်းစဉ်များချမှတ်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းလည်း သိရှိရပါသည်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၏ ရှင်းလင်းတင်ပြချက်အရ SME လုပ်ငန်းများကို ချေးငွေထုတ်ချေးရန် စီမံကိန်း (၁) တွင် JICA ထံမှ ဂျပန်ယန်း ၅ ဒသမ ၀၃၃ ဘီလီယံ (မြန်မာကျပ်ငွေ ၆၁ ဒသမ ၆၅၄ ဘီလီယံခန့်) ရယူဆောင်ရွက်ခဲ့ကြောင်း၊ ယခုစီမံကိန်း (၂) တွင် ဂျပန်ယန်း ၁၄ ဒသမ ၉၄၉ ဘီလီယံ( မြန်မာကျပ်ငွေ ၁၈၀ ဘီလီယံခန့်) ချေးယူမည်ဖြစ်ပြီး လုပ်ငန်းရှင်တစ်ဦးလျှင် အများဆုံးကျပ်သန်း ၅၀၀ ထုတ်ချေးနိုင်တော့မည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် SME လုပ်ငန်းပေါင်း ၆၀၀၀၀ ကျော်ရှိသည့်အတွက် ချေးငွေပံ့ပိုးရန်လိုအပ်မှုများရှိနေကြောင်း၊ ထို့ကြောင့် နိုင်ငံတော်က အဆင့်(၂) စီမံကိန်းအဖြစ် ဆက်လက်အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း၊ ယခုထုတ်ချေးမည့် ချေးငွေသည်ဆိုင်းငံ့ကာလ ၁၀ နှစ်၊ ပြန်ဆပ်ကာလနှစ် ၃၀ ဖြစ်ကာ ချေးငွေသက်တမ်းနှစ် ၄၀ ဖြစ်ကြောင်း၊ အတိုးနှုန်းအနေဖြင့် တစ်နှစ်လျှင် ၀ ဒသမ ၀၁ ရာခိုင်နှုန်းဖြစ်ကြောင်း၊ အတိုးကျသင့်ငွေကို တစ်နှစ် နှစ်ကြိမ်ဆပ်ရမည် ဖြစ်ကြောင်း၊ အရင်းပြန်လည်ပေးဆပ်မှုအား ဆိုင်းငံ့ကာလကျော်ပါက တစ်နှစ် နှစ်ကြိမ်ပေးဆပ်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့ ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် (၂၆) ကြိမ်မြောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်အစည်းအဝေးတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးကျော်ဝင်းက SME လုပ်ငန်းများကို အတိုးနှုန်း ၈ ရာခိုင်နှုန်း၊ ၉ ရာခိုင်နှုန်းဖြင့် ချေးငွေများ ထုတ်ချေးရန် အသင့်ဖြစ်နေကြောင်း ပြောကြားခဲ့သည့်အတွက် SME လုပ်ငန်းရှင်များအတွက် သတင်းကောင်းပင်ဖြစ်ပါသည်။

**လုပ်ငန်းရှင်များသို့ ထုတ်ချေးနိုင်ခဲ့ပြီးအခြေအနေ**

၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း အသေးစားနှင့် အလတ်စားလုပ်ငန်းများသို့ ၁၄ ဒသမ ၅ ဘီလီယံထုတ်ချေးနိုင်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း လုပ်ငန်းအမျိုးအစားအလိုက် ထုတ်ချေးနိုင်မှု အခြေအနေမှာ ကုန်သွယ်မှုကဏ္ဍသို့ ၉ ဒသမ ၉ ဘီလီယံအများဆုံးထုတ်ချေးနိုင်ခဲ့ကြောင်းနှင့် စက်မှုလက်မှုကဏ္ဍသို့ ၄ ဒသမ ၁ ဘီလီယံ၊ ငှားဝယ် ရောင်းကဏ္ဍသို့ ၂၀၅ ဘီလီယံထုတ်ချေးနိုင်ခဲ့ကြောင်း တွေ့ရှိခဲ့ရပြီး မြန်မာ့စီးပွားရေးဘဏ်မှ JICA Two Step Loan ဖြင့် လုပ်ငန်းရှင် ၂၈၃ ဦးအား ၅၅ ဒသမ ၂၅ ဘီလီယံ၊ အခြားအဖွဲ့အစည်းများမှ ရရှိသော Fund ဖြင့် လုပ်ငန်းရှင် ၃၀၂ ဦးအား ၂၂ ဒသမ ၁၄ ဘီလီယံထုတ်ချေးခဲ့ပြီးဖြစ်ပါသည်။

**မည်သည့်ဘဏ်များဖြင့်ချိတ်ဆက်ဆောင်ရွက်ရမည်နည်း**

JICA မှ နှစ်ဆင့်ခံချေးငွေကို မြန်မာ့စီးပွားရေးဘဏ်မှ တစ်ဆင့် ပုဂ္ဂလိကဘဏ် ခြောက်ဘဏ်သို့ ထုတ်ချေးထားပြီးဖြစ်သည်။ ပုဂ္ဂလိကဘဏ်ခြောက်ဘဏ်ဖြစ်သော အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ ကမ္ဘောဇဘဏ်၊ သမဝါယမဘဏ်နှင့် ရောဝတီဘဏ်တို့မှ အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းဖြင့် SME လုပ်ငန်းရှင်များသို့ ချေးငွေများ ထုတ်ချေးလျက်ရှိပါသည်။ အခြားပုဂ္ဂလိကဘဏ်များမှလည်း လိုအပ်သော စာရင်း၊ ဇယားအထောက်အထားများ တင်ပြနိုင်သော SME လုပ်ငန်းရှင်များသို့ အတိုးနှုန်း ၁၃ ရာခိုင်နှုန်းဖြင့် ထုတ်ချေးလျက်ရှိပါသည်။

**အဘက်ဘက်မှ ဝိုင်းဝန်းဖြည့်ဆည်းကြရန်လို**

ထို့ကြောင့် SME လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတွင် ဖြစ်ပေါ်နေသောအဟန့်အတားအခက်အခဲများအားနိုင်ငံတော် အကြီးအကဲများ၏ ဆွေးနွေးပွဲများတွင်လည်းကောင်း၊ လွှတ်တော်ဆွေးနွေးပွဲများတွင်လည်းကောင်း၊ မီဒီယာအသီးသီးမှရေးသားချက်များဖြင့်လည်းကောင်း အမြဲမပြတ်ဆွေးနွေးဝေဖန်ရေးသားကြခြင်းဖြင့် SME ကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် အဘက်ဘက်မှ ဝိုင်းဝန်းဆောင်ရွက်လျက်ရှိပါသည်။ တစ်ဖက်တွင်လည်း ငွေချေးယူလိုသူများ အနေဖြင့် ငွေချေးငှားမည့်သူများ လက်ခံနိုင်ဖွယ်ဖြစ်စေရေး လိုအပ်ချက်များကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ရန် လိုအပ်သကဲ့သို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှပံ့ပိုးရန်လိုအပ်ချက်များကို ပြည့်စုံစွာပူးပေါင်း ဆောင်ရွက်ပေးစေလိုပါသည်။ ချေးယူသူနှင့် ချေးငှားသူအဆင်ပြေချောမွေ့မှသာ SME ကဏ္ဍ ပိုမိုပြီပြင်စွာပေါ်ပေါက်လာမည် ဖြစ်ကြောင်း အကြံပြုရေးသားလိုပါသည်။ ။

> **“၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း အသေးစားနှင့် အလတ်စားလုပ်ငန်းများသို့ ၁၄ ဒသမ ၅ ဘီလီယံ ထုတ်ချေးနိုင်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း လုပ်ငန်းအမျိုးအစားအလိုက် ထုတ်ချေးနိုင်မှုအခြေအနေမှာ ကုန်သွယ်မှုကဏ္ဍသို့ ၉ ဒသမ ၉ ဘီလီယံအများဆုံးထုတ်ချေးနိုင်ခဲ့ကြောင်းနှင့် စက်မှု လက်မှုကဏ္ဍသို့ ၄ ဒသမ ၁ ဘီလီယံ၊ ငှားဝယ် ရောင်းကဏ္ဍသို့ ၂၀၅ ဘီလီယံထုတ်ချေးနိုင်ခဲ့”**

## ခရီးသွားလာမှုအဆင်ပြေစေရေး ပြည်တွင်းရေယာဉ်များ အရှုံးခံပြေးဆွဲ

**ဖျာပုံ မတ် ၂၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဦးစီးဌာနသည် ခရီးသည်များ သက်သောင့်သက်သာ သွားလာနိုင်ရန်နှင့် ကုန်စည်များပို့ဆောင်ရာတွင် အပျက်အစီးအလေအလွင့်နည်းပါးပြီး ဈေးနှုန်းနည်းပါးစွာဖြင့် သယ်ယူနိုင်ရန်တစ်နိုင်ငံလုံးတွင် ရေယာဉ်လိုင်းပေါင်း ၂၀ ခန့်ဖြင့် ပို့ဆောင်ပြေးဆွဲလျက်ရှိသော်လည်း ရေယာဉ်လိုင်းအားလုံးလိုလိုမှာ အရှုံးပေါ်လျက်ရှိနေသည်ဟု သိရသည်။

ရန်ကုန်အခြေပြုရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲ အနေဖြင့်လည်း ဧရာဝတီတိုင်းဒေသကြီး အတွင်းတွင် တစ်ချိန်က ဝင်ငွေအလွန်ကောင်းခဲ့သည့်ပုသိမ်၊ လပွတ္တာ၊ ဖျာပုံနှင့် ဘိုကလေးစသည့် ရေယာဉ်လိုင်းများသည်ပင် အရှုံးပေါ်သဖြင့် ရေယာဉ်လိုင်းပိတ်ထားရကြောင်း မြစ်ဝကျွန်းပေါ်ဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက မတ် ၂၅ ရက်က ပြောသည်။

မြစ်ဝကျွန်းပေါ်ဌာနခွဲ၏ ပို့ဆောင်ရေးလုပ်ငန်းများအနက် အမြတ်ရပြီး ဝင်ငွေအကောင်းဆုံးလုပ်ငန်းမှာ ပန်းဆိုးတန်း (ရန်ကုန်)-ဒလချယ်ရီကူးတို့များနှင့် ဝါးတန်း(ရန်ကုန်)- ဒလကားကူး ဇက်ရေယာဉ်လုပ်ငန်းများဖြစ်ပြီး အဆိုပါလုပ်ငန်း နှစ်ခုမှတစ်ရက်လျှင်ပျမ်းမျှငွေကျပ် ၄၅ သိန်းခန့်ရရှိလျက်ရှိကြောင်း ဒလမြို့နယ်ရေကြောင်းပို့ဆောင်ရေးရုံးမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**အောင်ဝင်း(ဖျာပုံ)**



# ချင်းတွင်းသကြၤန်ရေကစားကွင်း ရေကစားဇုန်၌ ရေပန်းများတပ်ဆင်

**မုံရွာ မတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ချင်းတွင်း မြစ်ကမ်းသဲသောင်ပြင်တွင် ပထမအကြိမ် ကျင်းပမည့် ချင်းတွင်းသကြၤန်တွင် Dry zone၊ Play zone၊ Wet zone တို့ ပါဝင်ပြီး ပြင်ဆင်မှုလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိရာ ရေကစားဇုန်ဖြစ်သော Wet zone တွင် ရေကစားသူများအပူ ရှိန်ခံစားမှုလျော့ချပေးနိုင်ရန်အတွက် ရေပန်းများ တပ်ဆင်ပေးထားကြောင်း သိရသည်။



"ရေကစားတဲ့အချိန်မှာ သောင်ပြင် မှာဆိုတော့ အပူရှိန်များတဲ့အတွက် ရေကစားတဲ့သူတွေ အပူရှိန်သက်သာ အောင်လို့ရေကစားဖို့ သတ်မှတ်ပေးထား တဲ့အချိန်အတွင်းမှာ ရေပန်းတွေနဲ့ အမြဲ တမ်း ဖျန်းပေးထားမယ်၊ ရေပက်တဲ့စင် တွေကလည်း သတ်သတ်ပါဦးမယ်၊ ကလေးတွေ ကစားဖို့အတွက်က Wet zone ကွင်းအတွင်းကို ရေပေးဖို့အတွက် မြစ်အတွင်းကရေကို ရေသွယ်မြောင်း ကနေ စက်ကြီးတွေနဲ့ စုပ်ယူတဲ့အခါမှာ ရေစီးလာမယ်၊ အဲဒီရေစီးအရှိန်ကို ကလေးတွေ ဗောကွင်းတွေနဲ့ စီးလို့ရ အောင် စီစဉ်ပေးထားမယ်၊ ရေလျှောလျှော စီးတာ ကလေးတွေအတွက်တစ်ခုပါမယ်၊ လူကြီးတွေအတွက် တစ်ခုပါမယ်၊ အချိန်မီ ပြီးစီးဖို့အတွက် အရှိန်အဟုန်နဲ့ လုပ် ဆောင်နေပါတယ်၊ ဒီဇုန်မှာလာရောက် ရေကစားကြတဲ့ ပြည်သူတွေစိတ်ချမ်း သာစေရ မယ်လို့ အာမခံပါတယ်" ဟု Wet zone ကွင်းတွင် ရေရရှိရေးကို လုပ်ကိုင်ပေးသူ အောင်မြသန်း ရေယာဉ် အုပ်စုမှ ဦးမျိုးဝင်းက ပြောသည်။

ပထမအကြိမ်ကျင်းပမည့် ချင်းတွင်း သကြၤန်တွင်ပါဝင်သော Wet zone အတွင်းရှိ တစ်ဦးချင်းအဖွဲ့လိုက်ရေကစား နိုင်ရန် စီစဉ်ပေးထားသော ပေ (၅၀၀× ၁၅၀) ပတ်လည်တွင် နေပူရှိန်ကို လျှော့ချ ပေးနိုင်ရန်အတွက် ရေပန်းကြီး ၂၈ ခုကို ချင်းတွင်းသကြၤန်ကျင်းပသည့် ကွင်း တစ်ခုလုံး၏ ရေရရှိရေးကိုလုပ်ကိုင်ပေးသူ အောင်မြသန်း ရေယာဉ်အုပ်စုမှ တပ်ဆင် ပေးထားကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# အဘိဓမ္မာသင်တန်းသားများအား အောင်လက်မှတ်နှင့် ဆုများချီးမြှင့်

**မိတ္ထီလာ မတ် ၂၇**

မိတ္ထီလာမြို့နယ်၌ နိုင်ငံတော်အစိုးရမှ ကြီးမှူးကျင်းပသည့် စာမေးပွဲများတွင် ဝင်ရောက် ဖြေဆိုအောင်မြင်ကြသည့် ဓမ္မရိပ်အဘိဓမ္မာသင်တန်းမှ သင်တန်းသားများအား အောင်လက်မှတ်နှင့် ဆုများချီးမြှင့်ခြင်းကို မတ် ၂၅ ရက်က သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဓမ္မရိပ်အဘိဓမ္မာသင်တန်းမှ ဆရာကြီး ဦးစိုးမြင့်က အမှာစကားပြော ကြားပြီး ဓမ္မရိပ်အဘိဓမ္မာသင်တန်းဥက္ကဋ္ဌ ဦးဇော်ဝင်းမြင့်က သင်တန်းဖွင့်လှစ်သင် ကြားရခြင်းနှင့် ပတ်သတ်၍ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် အဘိဓမ္မာပြန့်ပွား ရေးအသင်းကြီး၏ အကြိမ် (၅၀) မြောက် အဘိဓမ္မာ ၇ ကျမ်း မာတိကာစာမေးပွဲတွင် အောင်မြင်သည့် သင်တန်းသားလေးဦး၊ နိုင်ငံတော်အစိုးရ သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် လူပုဂ္ဂိုလ်များဆိုင်ရာ အဘိဓမ္မာသင်တန်းတွင် အောင်မြင်သည့် သင်တန်းသားတစ်ဦး၊ အဘိဓမ္မာဂုဏ်ထူးဆောင် (ဋီကာကျော်)စာမေးပွဲနှစ်ချင်းပေါက် (၃) ဆင့် အောင်မြင်ကြသည့် သင်တန်းသားကိုးဦး၊ အဘိဓမ္မာဂုဏ်ထူးဆောင် (ဋီကာ ကျော်)စာမေးပွဲ နှစ်ချင်းပေါက်နှစ်ဆင့်အောင်မြင်ကြသည့် သင်တန်းသားသုံးဦး၊ အဘိဓမ္မာ ဂုဏ်ထူးဆောင် (ဋီကာကျော်) စာမေးပွဲ နှစ်ချင်းပေါက်တစ်ဆင့် အောင်မြင် ကြသည့် သင်တန်းသားကိုးဦးနှင့် အဘိဓမ္မာရိုးရိုးစာမေးပွဲတွင် အောင်မြင်ကြသည့် ငါးဦးတို့အား အောင်လက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

ဓမ္မရိပ် အဘိဓမ္မာသင်တန်းမှ သင်တန်းသူသင်တန်းသားများမှာ ၂၀၀၀ ပြည့်မှ စတင်၍ နှစ်စဉ်အဘိဓမ္မာ (ရိုးရိုး)၊ အဘိဓမ္မာ(ဂုဏ်ထူးဆောင်)၊ ဝိသုဒ္ဓိမဂ် အစိုးရ စာမေးပွဲများတွင် ဝင်ရောက်ဖြေဆိုခဲ့ရာ ယနေ့အထိ အဘိဓမ္မာ(ရိုးရိုး)တန်းတွင် ၄၃၄ ဦး၊ အဘိဓမ္မာ(ဂုဏ်ထူးဆောင်)တန်းတွင် ၁၇၆ ဦးနှင့် ဝိသုဒ္ဓိမဂ်တွင် ၆၂ ဦး စုစုပေါင်း ၆၇၂ ဦး အောင်မြင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ကျေးရွာများ ရေရရှိရေး ဇင်းချောင်းတစ်ဖက်ပိတ်ဆည်မှ ရေပိုက်များသွယ်တန်း

**ကျောက်ဖြူ မတ် ၂၇**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်၂၀၁၇- ၂၀၁၈ ခုနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်သော ကျောက်ဖြူမြို့နယ် ကုန်ဘောင်ကြီး၊ ကုန်ဘွေ၊ ဝက်တောပြင်၊ ကုန်ဘောင်၊ တောင်ရင်း၊ ကျီးတွေကျေးရွာများသို့ ဇင်းချောင်းတစ်ဖက်ပိတ်ဆည်မှ အရှည်ပေ ၁၀၁၅၀ ရှိ ရေပိုက်သွယ်တန်းနေမှုကို ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ကျေးလက်ဦးစီးမှူး ဦးနေထက်ရှိန်နှင့်အဖွဲ့က မတ်လတတိယပတ်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းကို ပြည်နယ်အစိုးရ ရန်ပုံငွေကျပ် ၅၆ ဒသမ ၃၅၉ သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ရေပိုက်သွယ်တန်းပြီးစီးပါက ကျောက်ဖြူ မြို့နယ်ရှိ ကျေးရွာ ခြောက်ရွာတွင် သောက်သုံးရေဖူလုံစွာ ရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# ဗျတ္တပန်းဆက်လမ်း အဆင်းချောက်နှုတ်ခမ်းနေရာများကို ကွန်ကရစ်တိုင်များအစား သံတိုင်ကာများဖြင့်အစားထိုး

**ကျောက်ပန်းတောင်း မတ် ၂၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပား- ညောင်ဦး ဗျတ္တပန်းဆက်လမ်း ပုပ္ပား အဆင်း (S) ကွေ့အဆင်းလမ်းဘေး ဝဲယာ ချောက်နေရာများတွင် ကွန်ကရစ် တိုင်များအစား သံတိုင်များ အစားထိုး ပြုပြင်ခြင်းကို မတ်လအတွင်း အပြီး ဆောင်ရွက်နေကြောင်း သိရသည်။



အဆိုပါ ကွန်ကရစ်တိုင်များအစား သံတိုင်ကာ အစားထိုးလဲလှယ်တပ်ဆင် ခြင်းလုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီး ဌာန လမ်းဦးစီးဌာနမှ ကြီးကြပ်၍ လုပ်ငန်းလုပ်ကိုင်ခွင့်ရသည့် ကုမ္ပဏီမှ ပုပ္ပားကျေးရွာနှင့် ညောင်ဦးမြို့သို့ ဆက် သွယ်ထားသောဗျတ္တပန်းဆက်လမ်းဘေး ဝဲယာအန္တရာယ်ရှိ ချောက်ကမ်းပါးနေရာ ၂၂ ဒသမ ၅၃ ကီလိုမီတာမှ ၀ ဒသမ ၉၂ မီတာအတွင်း ၄၀၂ ဒသမ ၃၄ မီတာ အရှည်ရှိကြောင်း လုပ်ငန်းလုပ်ကိုင်ခွင့်ရ သည့် ကုမ္ပဏီမှ ဦးဝေဖြိုးအောင်က ရှင်းပြသည်။ သံတိုင်များတစ်တိုင်ချင်း စီတွင် ရောင်ပြန်စတစ်ကာများ ပါဝင် တပ်ဆင်ထားခြင်းကြောင့် ညအချိန်ယာဉ် မောင်းစဉ်သတိပေးနေသကဲ့သို့ ဖြစ်စေ ကြောင်း မြို့နယ်လမ်းဦးစီးဌာနမှ လမ်းဦးစီး အရာရှိ ဒေါ်စန်းစန်းလွင်က ပြောပြ သည်။

**ကိုထိန်(ငါ့သရောက်)**

# အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် စာအုပ်ပြပွဲကျင်းပ



**မြောင်းမြ မတ် ၂၇**

(၇၃) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဘက်စုံထူးချွန်သော ကျောင်းသား ကျောင်းသူများပေါ်ထွက်လာစေရေးကို ရည်ရွယ်ပြီး ကျောင်းပေါင်းစုံ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ဆုပေးပွဲနှင့်စာအုပ်ပြပွဲကို မတ် ၂၅ ရက်က မြောင်းမြခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန Community Centre ၌ ကျင်းပသည်။

အဆိုပါ စာစီစာကုံးပြိုင်ပွဲကို 'တိုင်းချစ်၊ ပြည်ချစ်၊ အမျိုးချစ်သည့်တပ်မတော်' ခေါင်းစဉ်ဖြင့် မြောင်းမြမြို့ပေါ်ရှိ အလယ်တန်းကျောင်းအသီးသီးမှ ကျောင်းသား ကျောင်းသူ ၃၀ တို့က မတ် ၁၈ ရက်တွင် ယှဉ်ပြိုင်ဖြေဆိုခဲ့ကြပြီး မတ် ၂၅ ရက်တွင် ဆုရရှိသူများကို ခရိုင် Book Club အဖွဲ့ဥက္ကဋ္ဌ ဦးမော်မျိုးထွန်း၊ ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ ခွဲရုံးလက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းစိုး၊ ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာမိုးတို့က ဆုတံဆိပ်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

**အောင်မင်း (မြောင်းမြ)**

# မန္တလေးမြို့ သန့်ရှင်းသာယာရေး ပြည်သူပါဝင်မှုဖြင့် စုပေါင်းအမှိုက်ကောက်မည်

**မန္တလေး မတ် ၂၇**

မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း လူနေရပ်ကွက်များ၊ သမိုင်းဝင် နေရာများ၊ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်သောနေရာများ၊ မြစ်ချောင်း များ၊ ကျောင်းများစသည့် မြို့ပြနယ်နိမိတ်အတွင်းနေရာအသီးသီး၌ စုပေါင်းအမှိုက် ကောက်ခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်းများကို ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း မတ် ၂၄ရက်က မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ ခြောက်ထပ်ဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသော လူမှုရေးအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ တက္ကသိုလ်ကောလိပ်များနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့ တွေ့ဆုံဆွေးနွေးပွဲ၌ ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် ကော်မတီဝင်များ၊ သက်ဆိုင်ရာဌာနမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ ဆွေးနွေးပွဲတွင် မြို့တော်ဝန်က မန္တလေးမြို့ တော်စည်ပင်သာယာရေး ကော်မတီအနေဖြင့် မန္တလေးမြို့တော် သန့်ရှင်းသာယာလှပ ရေးအတွက် လက်ရှိဆောင်ရွက်နေမှုများ၊ မန္တလေးမြို့တော်နယ်နိမိတ်အတွင်း လူနေ ရပ်ကွက်များ၊ သမိုင်းဝင်နေရာများ၊ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်သော နေရာများ၊ မြစ်ချောင်းများ၊ ကျောင်းများ စသည့် နေရာအသီးသီး၌ စုပေါင်းအမှိုက် ကောက်ခြင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ပတ်ဝန်းကျင်ရှိ ပြည်သူများကို အသိပညာ ပေးခြင်းများ တစ်ပြိုင်နက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အမှိုက်များကို ခွဲခြား ထုပ်ပိုးစွန့်ပစ်သည့် အလေ့အကျင့်များ ပေါ်ထွန်းလာစေရန်လည်းဆောင်ရွက်သွား မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ပြည်သူလူထုပူးပေါင်း ပါဝင်လာစေရေး အနုပညာရှင်များက စည်းရုံးလှုံ့ဆော် ရေးအစီအစဉ်များကို ဆက်လက်ဆောင်ရွက်သွားရန်၊ မန္တလေးမြို့တော်သန့်ရှင်း သာယာလှပရေးဆောင်ရွက်ရန် စိတ်ပါဝင်စားသူများအနေဖြင့် သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့များနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရန်တို့ကို ဆွေးနွေး ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဥပဒေအထောက်အကူပြုသင်တန်း မင်္ဂလာတောင်ညွန့်၌ဖွင့်

**ရန်ကုန် မတ် ၂၇** - အုပ်ချုပ်ရေးတာဝန်ယူထားကြသူများသည် ဥပဒေများနှင့်ပတ်သက်၍ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားပြီး တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် သင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း မတ် ၂၄ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် U.K.M Legal Aid Service Co.,Ltd. တို့ ပူးပေါင်းဖွင့်လှစ်သော ဥပဒေအထောက်အကူပြုသင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးညီညီလင်းက ပြောကြားသည်။ ဆက်လက်၍ ဥပဒေအထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်း ကုမ္ပဏီတရားလွှတ်တော်ရှေ့နေ ဦးကျော်မြင့်က မြို့နယ်၊ ရပ်ကွက်အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ သိမှတ်ထားရမည့် ဥပဒေများကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဝန်ထမ်းများ၊ ရပ်၊ ကျေးစာရေးဝန်ထမ်းများ၊ ရပ်ကွက် ၂၀မှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# မွေးနေ့နှင့်အတူ စိုင်းစိုင်း ကုန်စည်သစ် ထုတ်လုပ်မိတ်ဆက်ဦးမည်

**ကိုလင်း**

**မွေးနေ့ရောက်တိုင်း ပရိသတ်များနှင့်အတူ တေးသီချင်းများ ဖျော်ဖြေကာ ဆန်းသစ်မှုများ ပြုလုပ်တတ်သည့် စိုင်းစိုင်းခမ်းလှိုင်က သူ၏ ၃၈ နှစ်ပြည့် မွေးနေ့ကိုလည်း သူငယ်ချင်းများနှင့်အတူ ဖျော်ဖြေပွဲကျင်းပသွားမည်ဖြစ်ပြီး သူ၏ အမျိုးသမီးပရိသတ်များအတွက် ရည်ရွယ်ထားသည့် မျက်တောင်ကော့ဆေးတစ်မျိုးကိုလည်း ထုတ်လုပ်ဖြန့်ချိ မိတ်ဆက်သွားရန် မွေးနေ့အမှတ်တရအဖြစ် ရည်ရွယ်ထားကြောင်း သိရသည်။**



စိုင်းစိုင်းခမ်းလှိုင်၏ မွေးနေ့ကို ဧပြီ ၁၀ရက်တွင် သုဝဏ္ဏဘုမိ ကွင်း၌ ကျင်းပမည်ဖြစ်ပြီး နန္ဒာစိုင်း၊ ဂျွန်၊ စနဲလ်၊ ဘန်နီဖြိုးနှင့် G Fatt တို့ကလည်း ပါဝင်ဖျော်ဖြေကြမည်ဖြစ်သည် ထို့ပြင် ဧပြီ ၁ ရက်တွင် Sai Sai is Sai Sai ဟု အမည်ရသည့် တေးစီးရီးကို စတင် မိတ်ဆက်မည်ဖြစ်ကြောင်း စိုင်းစိုင်းခမ်းလှိုင်က ပြောသည်။ Sis Love is in The Air အမည်နှင့် အမျိုးသမီးများအတွက် မျက်တောင်ကော့ဆေးကိုလည်း စတင်မိတ်ဆက်သွားမည်ဟု ၎င်းထံမှ သိရသည်။

**မေး ။ ။ မတ် ၃၀ မှာ မန္တလေးဖျော်ဖြေပွဲ ရှိတယ်နော်။ အဲဒီအကြောင်းလည်း ပြောပြပါဦး။**

ဖြေ ။ ။ ကျွန်တော် မန္တလေးမှာ ဖျော်ဖြေပွဲမလုပ်ဖြစ်တာ တစ်နှစ်ကျော်ပြီ။ ဒါကြောင့် ၅၃ လမ်း မှာရှိတဲ့ Golden Hotel ကွင်းပြင်မှာ မတ် ၃၀ ရက် ညနေ ဖျော်ဖြေပေးမှာပါ။ ကျွန်တော်အပြင် သူငယ်ချင်းတွေလည်း ပါဝင်မှာဖြစ်ပါတယ်။ သီချင်းတွေကို သေသေချာချာ remix ပြန်လုပ်ထားပါတယ်။ စုစုပေါင်း အပုဒ် ၃၀ လောက် ဆိုဖို့ ရှိပါတယ်။

**မေး ။ ။ တစ်ကိုယ်တော်အခွေအကြောင်းကိုလည်း ပရိသတ်ကို မိတ်ဆက်ပေးပါဦး။**

ဖြေ ။ ။Sai Sai is Sai Sai ကတော့ ကိုးခွေမြောက်လည်း ဖြစ်တယ်။ ကျွန်တော် နောက်ဆုံးထွက်ခဲ့တဲ့ ဒိတ်ဒိတ်ကြဲကနေ အခုအခွေဆိုရင် အချိန် ငါးနှစ်တိတိ ကွာသွားခဲ့တယ်။ ဒီ ငါးနှစ်အတွင်း ကိုယ်တိုင် ဘာတွေလုပ်နေမိလဲတောင်မသိတော့ပါဘူး။ အခွေထွက်ဖို့အကြောင်းအရာတွေ စာသားတွေ ရှာတယ်။ ဒီအခွေမှာ သီချင်း ၁၂ ပုဒ်ပါတယ်။ ရှစ်ပုဒ်က ကျွန်တော်ရေးတာ။ ကိုကျားပေါက် တစ်ပုဒ်၊ ကိုမောင်မောင်ပြည့်စုံက သုံးပုဒ်ရေးသားပေးပါတယ်။ သီချင်းအမျိုးအစားကတော့အစုံပါပဲ။ ဧပြီ ၁ ရက် နေ့လယ်မှာ Junction Square မှာ ပရိသတ်တွေဆုံပွဲလည်း လုပ်ဖို့ရှိပါတယ်။

**မေး။ ။ စိုင်းစိုင်းအမှတ် တံဆိပ်အသစ်ကရော။**

ဖြေ ။ ။ နှုတ်ခမ်းနီ အသစ်လေးလည်း မိတ်ဆက်ပေးဖို့ ရှိတယ်။ နွေရာသီ သင်္ကြန်ကာလနဲ့ လိုက်ဖက်မယ့် အရောင်တွေ ထွက်မယ်။ မျက်တောင်ကော့ဆေးလည်း မိတ်ဆက်ပေးမယ်။ ကျွန်တော့် ထုတ်ကုန်ကတော့ ကိုရီးယားနိုင်ငံဖြစ်တွေပါ။

**မေး ။ ။ မွေးနေ့ပြီးသွားရင် ကော ဘာတွေလုပ်သွားမယ်လို့ ရည်ရွယ်ထားလဲ။**

ဖြေ ။ ။ စိုင်းစိုင်းခမ်းလှိုင်ဆိုတဲ့ တရားဝင် Fan Club လုပ်ဖို့ ရည်ရွယ်ထားတယ်။ ပရိသတ်တွေထဲက ကျွန်တော့်ကို လမ်းပြပေးသူ၊ အလင်းပေးသူတွေကို ကြယ်ပွင့်လေးတွေလို့ တင်စားပြီး Sai Star Dom လို့အမည်ပေးထားတယ်။ ကြယ်လေးတွေအရောင်က ငွေရောင်၊ အဝါရောင်လေးတွေ သုံးမယ်။ ပရိသတ်နဲ့ ကျွန်တော် အကြား နှစ်ပေါင်းများစွာ သံယောဇဉ်ကို တင်စားပြီး လုပ်ချင်တာ။ အသင်းဝင်ကြေးကို တစ်နှစ်စာ ၆၅၀၀ လို့ မှန်းထားတယ်။ အသင်းဝင်တွေကို နောက်ဆုံးထွက်တဲ့အခွေ အိမ်အရောက်ပို့ပေးမယ်။ ဝင်ချင်တဲ့သူတွေက www.saisaionline.com ကို ဝင်ရောက်လေ့လာဖို့ ဖိတ်ခေါ်ပါတယ်။



# အကယ်ဒမီဆုရှင် မမတာရဲ့ မွှေချက်က လွန်လွန်းတယ် ကြည့်ရှုနိုင်မည်

အောင်တိုင်းကျော် ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်သည့် ဇာတ်လမ်းဂေါ်စိန်၊ ဇာတ်ညွှန်း ကိုကျော်၊ ဒါရိုက်တာကျော်ဇောလင်း(အတွေးပုံရိပ်) ရိုက်ကူးသည့် မွှေချက်ကတော့ လွန်လွန်းတယ် ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းပွဲကို သမ္မတ ရုပ်ရှင်ရုံတွင် မတ် ၂၆ ရက် နံနက်က ပြသခဲ့သည်။ ကြည့်ရှုသူမိဘပြည်သူများ ဘဝအမောများ ပြေပျောက်စေရန် ရည်ရွယ်ရိုက်ကူးထားသည့် ပျော်ရွှင်ဖွယ်ဇာတ်ကားတစ်ကားလည်း ဖြစ်သည်။

အဆိုပါ ဇာတ်ကားတွင် နေတိုး၊ သက်မွန်မြင့်၊ ယွန်းရွှေရည်၊ အောင်ခိုင်၊ ဝါဝါအောင်၊ ဟိန်းမင်း၊ ဇင်မျိုး၊ ကင်းကောင်၊ ငှက်ပျောကြော်၊ ညောင်ညောင်၊ ဦးအောင်လွင်စသည့် အနုပညာရှင်များစွာ ပါဝင်ပြီး ဖိုက်စတားအဖွဲ့လည်း ပါဝင်ရိုက်ကူးထားကာ မတ် ၃၀ ရက်တွင် တစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသသွားမည်ဖြစ်သည်။

"ကျွန်တော်က ပရိသတ်ကို အမြဲတမ်း ပျော်စေချင်တဲ့ ဆန္ဒကြောင့် အမြဲလိုလို ဟာသကားလေးတွေပဲ ရိုက်ပါတယ်၊ အခုကားမှာလည်း ပျော်စရာလေးတွေ ကျွန်တော်ဖန်တီးထားတယ်၊ မရယ်ရရင် ကြိုက်သလို ဝေဖန်နိုင်ပါတယ်၊ ဇာတ်ကားထဲမှာ ရွှေတိုး(နေတိုး)ဆိုတဲ့ လူငယ်လေးက ရွာရဲ့ ကာလသားတစ်ယောက်ပါ၊ အလုပ်ဆိုတာ သူ့အနေနဲ့ လက်ကြောတင်းအောင်လုပ်ကိုင်တတ်သူမဟုတ်ဘဲ ဘဝကို ပေါ့ပေါ့ပါးပါး ဖြတ်သန်းနေတဲ့သူ၊ တစ်ရွာထဲနေ ရွာလူကြီးရဲ့သမီး ဝတ်မှုံ(သက်မွန်မြင့်)ကို ချစ်ခွင့်ပန်၊ နောက်တစ်ရွာတည်းနေတဲ့ စုစု(ယွန်းရွှေရည်)ကလည်း ရွှေတိုးကို တိတ်တခိုးကြိုက်နေသူ၊ ရွာထဲမှာ ပတ်မွှေနေတတ်တဲ့ ရွှေတိုးကို ဘယ်မိဘကမှ သဘောမတွေ့၊ တစ်နေ့တော့ ရွာမှာ ဇာတ်ကားရိုက်ဖို့လာတဲ့ ရုပ်ရှင်အဖွဲ့ကို ရွှေတိုးက မွှေနှောက်လိုက်တာမို့ ရွာ မျက်နှာပျက်ရတယ်ဆိုပြီး ရွာတစ်ရွာလုံးက ပစ်ပယ်လိုက်ကြတယ်၊ ဒါပေမယ့် တစ်နေ့ ဒါရိုက်တာ တစ်ယောက် ရထားတိုက်မလိုဖြစ်တာကို ရွှေတိုးက ကယ်တင်ပေးခဲ့တယ်၊ အဓိကပြောချင်တာက လူငယ်တွေဆိုပေမယ့် ပတ်ဝန်းကျင်အပေါ် ကောင်းကျိုးပြုတဲ့ စိတ်ဓာတ်လေးတွေ ရှိနေတတ်တယ် ဆိုတာကို ပြချင်တာပါ"ဟု ဒါရိုက်တာ ကျော်ဇောလင်း(အတွေးပုံရိပ်)က ပြောသည်။ **ကိုလင်း**

# အကယ်ဒမီအခက်အခဲနှင့် အုပ်စုဖွဲ့ချက်တင်အကြောင်း ရှင်းလင်း



မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် Forever Group တို့ ဦးစီး ကျင်းပပြုလုပ်သည့် ၂၀၁၇ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲအခက်အခဲများ၊ အတွေ့အကြုံများနှင့်အတူ အနုပညာရှင်များ ပါဝင်ဖွဲ့စည်းထားသည့် အွန်လိုင်းလူမှုကွန်ရက် Group Chat အတွင်း ပြောဆိုသည့် အကြောင်းအရာများအပေါ် ပြန်လည်ရှင်းလင်းပြောကြားခြင်းကို မတ် ၂၆ ရက် နံနက်က မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် ကျင်းပသည်။

အနုပညာရှင်များ ဖိတ်ကြားသည့် ပုံစံအား အစည်းအရုံးအဖွဲ့ဝင်များက ရှင်းလင်းရာတွင် လက်မှတ် ၃၀၀၀ ခန့်ကို နိုင်ငံတော်အဆင့်အပါအဝင် အလွှာအသီးသီးမှ အနုပညာရှင်များ၊ အတတ်ပညာရှင်များအား စနစ်တကျ ဖိတ်ကြားခဲ့ကြောင်း ဖြေရှင်းခဲ့သည်။

"လူမှုကွန်ရက်က ကိစ္စကို ပြောရရင်တော့ အကောင့်တစ်ခုကိုများ Hack တာလားတော့ မသိဘူး။ ဒါမှမဟုတ်လည်း ဂရုဖ်ထဲက သူတစ်ဦးဦး လုပ်သလားပေါ့၊ အခုလိုပြဿနာဖြစ်အောင် သွေးဆူစေတဲ့အကြောင်း ပြောလာတဲ့ သူနှစ်ဦးရှိတယ်၊ သူတို့တွေ အခုအစည်းအဝေးမှာမပါဘူး၊ ဂရုဖ်ထဲက လူတွေက တရားစွဲပေးပါဆိုပြီး ပြောတယ်၊ ကျွန်တော်ကတော့ မလုပ်သင့်ဘူးလို့ ထင်ပါတယ်၊ အဲဒီလိုလုပ်မယ်ဆိုရင် ရှက်ရမ်းရမ်းတယ်လို့ ပြောလာကြမယ်၊ တရားစွဲခံရသူလည်း သူရဲကောင်းဖြစ်သွားမယ်၊ အကျိုးအမြတ်မရှိဘူး၊ ဘယ်သူ လုပ်တယ်ဆိုတာလည်း သိနေတာပဲ၊ သူတို့ အပေါ် ကောင်းတဲ့ ဆက်ဆံမှုမျိုးနဲ့ ဆက်ဆံပါလို့ ပြောလိုက်ပါတယ်၊ အမှန် တကယ်ပြောကြတဲ့သူတွေက သူတို့ ဟုတ်မှန်ကြောင်း တာဝန်မခံတာ သူတို့ကိစ္စပါ"ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်းကပြောသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေနှင့် ယခုဖြစ်ပေါ်နေသော ကိစ္စ များနှင့် ပတ်သက်ပြီး အနုပညာအလွှာအသီးသီးကို ဧပြီလပိုင်းတွင် ခေါ်ယူတွေ့ဆုံမည်ဖြစ်ကြောင်း၊ အစည်းအရုံးအနေဖြင့် NGO အဖွဲ့အစည်း တစ်ခု ဖြစ်တာမို့ ဩဇာအာဏာသက်ရောက်မှုအနေနှင့် အားနည်းမှုရှိကြောင်း၊ အသိပေး၊ အကြောင်းကြားရုံလောက်သာ ပြောဆိုမှုသာရကြောင်း သိရသည်။

**ကိုလင်း**

# လှိုင်ဦးမော်၏ အကောင်းဆုံးတေးသီချင်းများ မတ် ၂၈ ထွက်မည်

တေးသံရှင် ဒိုးလုံးနှင့်အတူ ၁၉၉၆ ခုနှစ်ကတည်းက ဂီတလောကကို စတင်ဝင်ရောက်ခဲ့သူ လှိုင်ဦးမော်က အကောင်းဆုံးတေးများကို စုစည်းကာ ပြန်လည်ထုတ်လုပ်မည့်အစီအစဉ်ကို အကောင်အထည် ဖော်နိုင်ခဲ့ပြီဖြစ်သည်။

အလှုပြင်ထားပါ တေးစီးရီးအပါအဝင် တစ်ကိုယ်တော်တေးစီးရီးပေါင်း လေးခွေခန့် ထွက်ရှိထားသည့် လှိုင်ဦးမော်၏ အကောင်းဆုံးတေးများကို The Sun တေးထုတ်လုပ်ရေးမှ ဖြန့်ချိမည်ဖြစ်သည်။

"ကျွန်တော်ထွက်ရှိထားတဲ့ တေးစီးရီး လေးခွေထဲက အကောင်းဆုံးတေးများဆိုပြီး ပြန်ဖန်တီးထားတာပါ၊ သီချင်းတော်တော်များများကတော့ ကျွန်တော်ကိုယ်တိုင် ရေးထားတာပါ၊ အခုလို အခွေပြန်လုပ်ဖြစ်တာကတော့ ကျွန်တော့် ပရိသတ်တွေအနေနဲ့ တစ်စုတစ်စည်းတည်း ပြန်လည်နားဆင်လို့ရအောင် ဆန္ဒပေါ်လာတာနဲ့ လုပ်ဖြစ်သွားပါတယ်၊ သီချင်းတစ်ပုဒ်စီတိုင်းမှာ ခံစားချက်တစ်ခုစီရှိပါတယ်၊ ပရိသတ် ကြိုက်နှစ်သက်မယ်လို့လည်း ယုံကြည်ပါတယ်" ဟု လှိုင်ဦးမော်က ပြောသည်။

အဆိုပါ သီချင်းခွေတွင် သီချင်း ၁၂ ပုဒ် ပါဝင်ပြီး တေးရေး လှိုင်ဦးမော်က ၁၁ ပုဒ်ရေးသားပြီး ဒိုးလုံးက တစ်ပုဒ်ရေးသားထားကာ Alternative ဂီတအမျိုးအစားများ ထည့်သွင်းထားကြောင်း သိရသည်။ အချစ် အလွမ်း အဆွေး ရသများအပြင် ကျောင်းသီချင်းတစ်ပုဒ် ပါဝင်ကာ ဂီတပိုင်းကို အကောင်းဆုံး ပြန်လည်တီးခတ်ထားကြောင်း သိရသည်။

**ကိုလင်း**

# မှန်သောနည်းဖြင့် အပြန်အလှန်ချစ်မြတ်နိုးပါ

**ရှိုလာ**

၂၀၁၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲကြီးလည်း အောင်မြင်စွာ ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။ ပြည်သူချစ်သော အနုပညာရှင်များ ထိုက်တန်သည့် အကယ်ဒမီရွှေစင်ရုပ်တုများကို အသီးသီးဆွတ်ခူးအောင်ပွဲခံနေချိန်တွင် ပရိသတ်များကလည်း လိုက်ပါစီးမျော ပျော်ရွှင်ကြသည်ပင်။ အနုပညာရှင်များသည် အားပေးသူ ပရိသတ်များအတွက် အတုယူစရာများပင်ဖြစ်သည်။ အနုပညာရှင်များ၏ နေထိုင်ပုံ၊ လုပ်ကိုင်ပုံများနှင့် အနုပညာဖန်တီး ဖော်ထုတ်မှုများသည် ပြင်ပလောကအတွင်းသို့ စီးမျောစမြဲပင်။ ပြည်သူချစ်သော အနုပညာရှင်များ၏ မှားယွင်းသောအတွေးအခေါ်၊ အယူအဆနှင့် ဟန်ပန်မူယာများသည် အနုပညာချစ်သူများအတွက် အတုယူမှားဖွယ်ရာများ မဖြစ်သင့်သည်ကိုလည်း သတိပြုသင့်ပါသည်။

ရွေးချယ်ရသည့် ဇာတ်ကားများ ပိုမိုများပြားလာခြင်းသည် ရုပ်ရှင်လောကအတွက် အားတက်စရာဖြစ်ပြီး အားလုံးသော ပြည်သူများ၏ ရုပ်ရှင်ချစ်မြတ်နိုးမှုကြောင့်ပင် မြန်မာ့ရုပ်ရှင်လောက ယခုကဲ့သို့ ဇာတ်ကားများစွာ ထွက်ပေါ်လာရခြင်းဖြစ်သည်ဟု ယုံကြည်ပါသည်။ သို့ရာတွင် အချို့သော အနုပညာရှင်များ၏ အတွေးအခေါ် အယူအဆများမှာမူ ရင့်ကျက်မှု အားနည်းနေသေးပြီး ပရိသတ်ကို ပေးလိုသည့် လိုရင်းအချက်အလက်များ ထိရောက်အောင် မစွမ်းဆောင်နိုင်သေးသည်ကိုလည်း မြင်တွေ့ရသည်များ ရှိသည်။

မကြာသေးမီက မြန်မာနိုင်ငံဖွား စုံတွဲ၏ အနုပညာဖော်ထုတ်ချက်များကို အားလုံးက အသိအမှတ်ပြု ဆွေးနွေးလျက်ရှိကြသည်ကို မြင်တွေ့ရသည်။ ပုံစံမတူ ကွဲပြားသည့် ရိုက်ကူးတင်ပြချက်များသည် ပရိသတ်ကြီးအတွက် အတော်ပင် သဘောကျကျေနပ်ဖွယ်ရာရှိနေပြီး ၎င်းတို့ကို ဝေဖန်ထောက်ပြသူများ၊ လက်ရှိ မြန်မာ့ရုပ်ရှင်လောကနှင့် နှိုင်းယှဉ်ကာ ပြောဆိုသံများ ကျယ်ကျယ်လောင်လောင် ကြားနေကြရသည်။ မည်သို့ပင်ဆိုစေ ယခုကဲ့သို့ ပုံသဏ္ဌာန်ကွဲပြားသည့် တင်ပြပုံများကြောင့် မြန်မာ့ရုပ်ရှင်သည် ယခုထက်ပို၍ အားပေးသူပရိသတ် များပြားလာနိုင်သည်ဟူသည့်အချက်ကို ဂုဏ်ယူဖွယ်မြင်တွေ့ရပြီး အဆင့်အတန်းမြင့်မားသည့် ရုပ်ရှင်ဇာတ်ကားများ၊ ဇာတ်လမ်းဇာတ်အိမ်နှင့် ရိုက်ကူးတင်ဆက်မှု အားကောင်းသည့် နိုင်ငံတကာအဆင့်မီ ဇာတ်ကားများကို အပြိုင်အဆိုင်များအကြားမှ ပေါ်ထွက်လာမည်ဟု ယုံကြည်ပါသည်။

ထို့ပြင် ပရိသတ်တို့ချစ်မြတ်နိုးကြသည့် အနုပညာရှင်များ နှုတ်မှ ကျေးဇူးတင်စကားများစွာအနက် ၎င်းတို့၏ Fan များကိုလည်း ကျေးဇူးတင်ကြောင်း ပြောဆိုသံများ ကြားသိရသည်။ စင်စစ် Fan များသည် အွန်လိုင်းပေါ်တွင် မိမိချစ်မြတ်နိုးရာ အနုပညာရှင်တစ်ဦးဦးကို ဝိုင်းဝန်းစုစည်း အားပေးကြသည့် ပရိသတ်များဖြစ်ပြီး အွန်လိုင်းမီဒီယာပေါ်တွင် မိမိချစ်သော အနုပညာရှင်များပုံကို အစဉ်တစ်စိုက် ဖြန့်ဝေခြင်း၊ အနုပညာရှင်များအား အားပေးခြင်းနှင့် အနုပညာရှင်များကလည်း ပြန်လည်လက်ခံကာ အရေးတယူဆက်ဆံခြင်းအားဖြင့် ပရိသတ်နှင့် အနုပညာရှင်တို့အကြား သတင်းအချက်အလက်များကို ကူးလူးပေးလျက်ရှိသည်။

အချို့သော အစွန်းရောက်ရှိသွားသည့် အားပေးသူများသည် အကယ်ဒမီရရှိပါက မည်သို့မည်ပုံ ဂုဏ်ပြုမည်ဟု အွန်လိုင်းမှတစ်ဆင့် အပြိုင်အဆိုင်အဆင့်သို့ ရောက်ရှိလာကြသည်။ ဥပမာပေးရလျှင် မိမိချစ်သည့် အနုပညာရှင် အကယ်ဒမီ ဆွတ်ခူးနိုင်ပါက မှားယွင်းသည့် လုပ်ဆောင်ချက်များ၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် မဆီလျော်သည့် အတွေးအခေါ်များ၊ အားပေးမှုများဖြင့် လုပ်ဆောင်ရန် ကြိုးပမ်းကြသူများ၊ ယင်းတို့ကို အားပေးကြသူများကိုလည်း ဝမ်းနည်းဖွယ်တွေ့ရသည်။

အမှန်စင်စစ် အနုပညာရှင်များသည် ပရိသတ်တို့၏ ရှေ့ဆောင်လမ်းပြများပင်ဖြစ်ရာ ကိုယ်ချစ်သော အနုပညာရှင်များ၏ ရွေးချယ်မှု၊ လုပ်ကိုင်မှု၊ ယုံကြည်မှု၊ အလေးသာမှုသည် ပရိသတ်ကြီးထံသို့လည်း တိုက်ရိုက်ထိခိုက်နိုင်သည်ဟု ယူဆရပါသည်။ ထို့ကြောင့် အနုပညာရှင်များသည် မိမိတို့၏ နိုင်ငံ၊ လူမျိုးနှင့် ပရိသတ်အားလုံးအတွက် မှန်ကန်သော အယူအဆများ၊ အတွေးအခေါ်များ၊ ပြုမူနေထိုင်မှုများဖြင့် နေထိုင်ကြရန်၊ ပရိသတ်များအား မှန်ကန်သောအသိ၊ မှန်ကန်သောအတွေး ပေးအပ်နိုင်ရန် ယခုထက် ပိုမိုမြင့်မားသည့် မြန်မာ့ရုပ်ရှင်လောကကြီး ဖြစ်လာစေရန် အကျိုးပြုကြခြင်းဖြင့် နိုင်ငံ၏ အဆင့်အတန်းနှင့် ပြည်သူများ၏ စိတ်ဓာတ်ခွန်အားကို မြှင့်တင်ပေးနိုင်ကြရန် မျှော်လင့်မိပါသည်။

## အဆိုတော် ဂျက်စီနယ်ဆန် လူမှုကွန်ရက်ကနေ ပျောက်ဆုံးနေတဲ့အတွက် ပရိသတ်များစိတ်ပူ



ဗြိတိန်အမျိုးသမီးအဆိုတော်အဖွဲ့ဖြစ်တဲ့ Little Mix အဖွဲ့ဟာ လက်ရှိမှာ ဂျပန်နိုင်ငံ တိုကျိုမြို့မှာ ဖျော်ဖြေပွဲပြုလုပ်နေတာပဲ ဖြစ်တယ်။ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဂျက်စီနယ်ဆန်ဟာ မီးရောင်အောက်ကနေ ပျောက်နေတဲ့အတွက် သူ့ရဲ့ပရိသတ်တွေဟာ သူ့အတွက် စိုးရိမ်နေကြတယ်လို့ သိရပါတယ်။ Little Mix အဖွဲ့ဟာ သူတို့ရဲ့ ကမ္ဘာလှည့် ဖျော်ဖြေမှုအတွက် တိုကျိုကိုရောက်ရှိနေတာပဲ ဖြစ်တယ်။ အဖွဲ့ဝင်တွေဖြစ်ကြတဲ့ ပါရီအက်ဒဝက်၊ လိဂ်ျအန်း ပင်နော့ခ်၊ ဂျိတ်သရက်ဝယ်တို့ဟာ တိုကျိုမှာပြုလုပ်တဲ့ ပါတီပွဲကို တက်ရောက်ခဲ့ကြပေမယ့် ဂျက်စီနယ်ဆန်ကတော့ တက်ရောက်ခဲ့ခြင်းမရှိပါဘူး။ ဒါ့အပြင် ဂျက်စီကို ဘယ်နေရာမှာမှလည်း မတွေ့ရပါဘူး။ တခြားသော အဖွဲ့ဝင်မိန်းကလေးတွေဟာ သူတို့ရဲ့ခရီးစဉ်ကို အင်စတာဂရမ်ပေါ်မှာ တင်ကြပေမယ့် ဂျက်စီကတော့ ဘာအကြောင်းမှ မတင်ပါဘူး။ သူ့ရဲ့ ဆိုရှယ်မီဒီယာအကောင့်ကိုလည်း အသုံးပြုတာ မတွေ့ရပါဘူး။ ဒါကြောင့်လည်း သူ့ရဲ့ပရိသတ်တွေဟာ စိုးရိမ်မှုတွေ ပိုလာခဲ့တာပဲ ဖြစ်တယ်။

သူ့ရဲ့အဖွဲ့သားတွေ အင်စတာဂရမ်ပေါ်မှာ ပုံတွေတင်ကြတဲ့အခါ ဂျက်စီရဲ့ပရိသတ်တွေဟာ ဂျက်စီအကြောင်း၊ သူဘယ်ရောက်နေသလဲဆိုတာကို စိုးရိမ်တကြီး ကွန်မန့်မှာ မေးကြပါတော့တယ်။ ပရိသတ်တစ်ဦးကဆိုရင် ဂျက်စီကို လွမ်းနေပြီ သူအဆင်ပြေသလား သိချင်တယ်လို့ မေးခဲ့ပါတယ်။ ဂျက်စီ နောက်ဆုံးတင်ခဲ့တဲ့ပို့စ်ကတော့ လွန်ခဲ့တဲ့ သီတင်းပတ်ကပဲဖြစ်ပြီး အဲဒီနောက်ပိုင်း ဘယ်မှထပ်မတင်တော့ပါဘူး။ တချို့သော ပရိသတ်တွေကတော့ ဂျက်စီပျောက်နေတာဟာ ဆိုရှယ်မီဒီယာကနေ ခေတ္တမသုံးဘဲ နေကြည့်ချင်လို့ သူ့ရဲ့လက်ရှိခရီးစဉ်ကိုပဲ အာရုံထားချင်လို့လို့ ထင်ကြေးပေးကြပြန်ပါတယ်။ ၂၀၁၁ ခုနှစ်က စတင်ဖွဲ့စည်းခဲ့တဲ့ဒီအဖွဲ့ဟာ ဂီတထူးချွန်ဆုတွေ ရရှိထားတဲ့ အဖွဲ့တစ်ဖွဲ့လည်း ဖြစ်တယ်။

**ဟယ်လို**

## မိုးမောက်-လွယ်ဂျယ်မော်တော်ကားလမ်းကို အမြန်ဆုံးပြုပြင်ဖောက်လုပ်မည်

**လွယ်ဂျယ် မတ် ၂၇**

ကချင်ပြည်နယ် မိုးမောက်-လွယ်ဂျယ်မော်တော်ကားလမ်းသည် ၄၇ မိုင် ၄ ဖာလုံရှည်လျားပြီး ပေ ၅၀၀၀ ကျော် မြင့်မားသော တောင်ဆင်းတောင်တက် မော်တော်ကားလမ်းဖြစ်သည်။

အဆိုပါ လမ်းပိုင်းသည် လွန်ခဲ့သော ၁၀ နှစ်ခန့်ကစ၍ ဆိုးရွားစွာပျက်စီးလာခဲ့ရာ နှစ်စဉ်နှစ်တိုင်း ကုန်တင်ယာဉ်ကြီးများနှင့် လူစီးယာဉ်ငယ်များ ချောက်ကမ်းပါးထဲသို့ ထိုးကျတိမ်းမှောက်ပြီး ယာဉ်နှင့်ကုန်ပစ္စည်းများ ဆုံးရှုံးခြင်း၊ ကုန်စည်ကူးသန်းသွားလာနေကြသူများနှင့်ခရီးသည်များထိခိုက်သေကျေခြင်းများ မကြာခဏဖြစ်ပွားလျက်ရှိသည်။ ၂၀၁၈ ခုနှစ် မတ် ၇ ရက်က မြစ်ကြီးနားမှ လွယ်ဂျယ်သို့ ဘုရားဖူးပြန်လာသော ယာဉ်ငယ်တစ်စီးမှာလည်း ပေ ၂၀၀ ကျော်နက်သော ချောက်ကမ်းပါးထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ အမျိုးသမီးငါးဦး အသက်ဆုံးရှုံးခဲ့ရသည်။ မိုးတွင်းကာလများတွင် လမ်းများပိုမိုဆိုးရွားလာခြင်းကြောင့် ကုန်စည်စီးဆင်းမှု ကြန့်ကြာခြင်း၊ ခရီးသွားပြည်သူများ ဘေးဒုက္ခအန္တရာယ်များနှင့် တွေ့ကြုံရင်ဆိုင်နေကြရသည်။

ယင်းလမ်းမကြီးကို ပြည်ထောင်စုလမ်းမကြီးအသွင် အမြန်ဆုံးပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စက်မှု လက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းညွန့်က မတ် ၂၄ ရက်က လွယ်ဂျယ်မြို့ မြို့နယ်အုပ်ချုပ်ရေးမှူးခန်းမတွင် ရပ်မိရပ်ဖများ၊ ဆန်စပါးနှင့် သီးနှံရောင်းဝယ်ရေးကုန်သည်ကြီးများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးက ယခု မိုးမောက်-လွယ်ဂျယ်မော်တော်ကားလမ်းကို ကိုယ်တိုင်မြင်တွေ့ခဲ့ရပြီး အလွန်ဆိုးရွားပျက်စီးနေသောလမ်းဖြစ်ကြောင်း၊ လမ်းများပြုပြင်ရန် BOT စနစ်ခေါ်ယူခဲ့သော်လည်း ပြုပြင်မည့်ကုမ္ပဏီများ မပေါ်ထွက်ခဲ့ကြောင်း၊ BOT စနစ်ကို ဆက်လက်ကြိုးပမ်းနေပါက နှစ်နှစ်သုံးနှစ်အထိ ဆက်လက်ကြန့်ကြာနေမည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသ လွယ်ဂျယ်ကုန်စည်စီးဆင်းမှုသည် ယခုလမ်းပေါ်တွင် များစွာ အခြေတည်လျက်ရှိနေကြောင်း၊ သို့ဖြစ်၍ ကုန်စည်စီးဆင်းမှုကောင်းမွန်လာစေရန်နှင့် ခရီးသွားပြည်သူများ လုံခြုံစိတ်ချမှုရှိစေရန် မိုးမောက်-လွယ်ဂျယ်မော်တော်ကားလမ်းကို ပြည်ထောင်စုလမ်းအသွင် အကောင်အထည်ဖော်ဆောင်ရွက်ရန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရ၏ လမ်းညွှန်ခွင့်ပြုချက်နှင့် လိုအပ်သည့် အကူအညီများတောင်းခံပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။




**ရင်ငြိမ်းပန်း(လွယ်ဂျယ်)**



ကမာရွတ်မြို့နယ်၌ သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းအသိပညာပေးဟောပြောပွဲကို မတ်လစတုတ္ထပတ်က အင်းစိန်လမ်းမရှိ စူပါအေဝမ်း အင်္ဂလိပ်စကားပြောအတတ်သင်ကျောင်းတွင် ပြုလုပ်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး သိန်းဟန်က ဆွေးနွေးဟောပြောခဲ့ပြီး သင်တန်းသား သင်တန်းသူများတက်ရောက်ကြစဉ်။

၃၄၉

## ဥက္ကလာပစေတီတော်၌ သင်္ကြန်ကာလ တရားပွဲကျင်းပမည်

**ရန်ကုန် မတ် ၂၇**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပ စေတီတော်မြတ်ရှေးဟောင်းခုနစ်ဆူဘုရားနှင့် အောင်တော်မူစေတီရှိ မဟာမုနိဓမ္မာရုံ၌ (၅၁) ကြိမ်မြောက်သင်္ကြန်ကာလ မိုးကုတ်ဝိပဿနာခုနစ်ရက်တရားစခန်းကို တန်ခူးလဆုတ် ၁၁ ရက်မှ ကဆုန်လဆန်း ၃ ရက်အထိ (ဧပြီ ၁၁ မှ ၁၇ ရက်အထိ) မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နယ်လှည့်ဓမ္မကထိက တောင်ဥက္ကလာပမြို့နယ် ၁၅ ရပ်ကွက် ဝိမုတ္တိသုခကျောင်း (ကညင်ကုန်း) ဆရာတော်အရှင်ဉာဏောဘာသဆရာတော်ဘုရားက ဓမ္မဒါနပြုမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်ထွန်း(တောင်ဥက္ကလာ)**

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

## လက်နက်ဥပဒေ တင်းကျပ်ရေးဆန္ဒပြပွဲတွင် နာမည်ကျော်အနုပညာရှင်များပါဝင်



လက်နက်ဥပဒေတင်းကျပ်ရန်အတွက် အမေရိကန်တစ်လွှားရှိ မြို့ကြီးတွေမှာ လူများစုဝေးကာ ချီတက်ဆန္ဒပြပွဲများ ပြုလုပ်လျက်ရှိရာမှာ နာမည်ကျော်သရုပ်ဆောင်များလည်း ပါဝင်လျက်ရှိပါတယ်။ ဖလော်ရီဒါပြည်နယ်မှာ ဖြစ်ပွားခဲ့တဲ့ ကျောင်းတွင်း သေနတ်ပြစ်ခတ်မှုကြောင့် ကျောင်းသား ၁၇ ဦး သေဆုံးခဲ့ရပြီးနောက် ပေါ်ပေါက်လာတဲ့ ဆန္ဒပြပွဲတွေပဲဖြစ်တယ်။ စနေနေ့က ပြုလုပ်ခဲ့တဲ့ ဆန္ဒပြပွဲတွေမှာ ပါဝင်ခဲ့တဲ့ နာမည်ကျော်သရုပ်ဆောင်တွေကတော့ ဂျော့ကလူးနေးနဲ့ သူ့ဇနီး အမ်မယ်တို့ ပါဝင်ခဲ့ပါတယ်။ သူတို့ကတော့ ဝါရှင်တန်ဒီစီမှာ ပြုလုပ်တဲ့ လက်နက်ထိန်းချုပ်ရေးဆန္ဒပြပွဲမှာ ပါဝင်ခဲ့ကြတာပဲ ဖြစ်တယ်။ ဒီစုံတွဲဟာ လက်နက်တင်းကျပ်ရေး လှုပ်ရှားမှုအတွက် သူတို့ရဲ့ အမြွှာကလေးနှစ်ဦးနာမည်နဲ့ ဒေါ်လာငါးသိန်း လှူဒါန်းခဲ့ပါသေးတယ်။

ဒီဆန္ဒပြပွဲမှာ နောက်ထပ်ပါဝင်လာတဲ့ နာမည်ကျော်တွေကတော့ ကင်ကာဒစ်ရှန်တို့စုံတွဲပဲဖြစ်တယ်။ သူတို့ရဲ့သမီးအကြီးဆုံးဟာလည်း မိဘများနဲ့အတူ လိုက်ပါခဲ့ပါတယ်။ သူတို့မိသားစုဟာ လက်နက်ဥပဒေတင်းကျပ်ရေးအတွက် တောင်းဆိုနေကြတဲ့အပေါ် သူတို့လည်း ပူးပေါင်းပါဝင်သွားမယ်လို့ ဆိုပါတယ်။ ကင်ကာဒစ်ရှန်ကတော့ သူ့အနေနဲ့ ခင်ပွန်း၊ သမီးဖြစ်သူတို့နဲ့အတူ ပါဝင်ခွင့်ရတာ အတွေ့အကြုံသစ်တစ်ခု၊ ဒီအတွက်လည်း ဂုဏ်ယူတယ်လို့ ပြောခဲ့ပါတယ်။ ကင်ကာဒစ်ရှန်ဟာ တွစ်တာပေါ်မှာ ပရိသတ် သန်း ၆၀ ကျော်ရှိတဲ့ နာမည်ကျော်တစ်ဦးလည်း ဖြစ်တယ်။

မိုင်လီဆိုင်းရပ်စ်၊ ဒီမီလာဗိုတို၊ ကန်ဒယ်ဂျန်နာ၊ ဟယ်လရီ ဘလိတ်ဝင်း အစရှိတဲ့ အခြားနာမည်ကျော် အနုပညာရှင်တွေဟာလည်း အမေရိကန်မှာ လက်နက်ထိန်းချုပ်ရေးအတွက် တောင်းဆိုနေကြတဲ့အပေါ် ထောက်ခံပါဝင်ခဲ့ကြပါတယ်။

**ဟယ်လို**

## ယခုနှစ် ရာသီပေါ်နာနတ်သီးများ ရန်ကုန်ဈေးကွက်သို့ စတင်ပို့ဆောင်ရောင်းချ

**သုဝဏ္ဏဝတီ မတ် ၂၇**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီးပတ်ဝန်းကျင်ကျေးရွာများတွင် ရာသီပေါ်သီးနှံတစ်မျိုးဖြစ်သော နာနတ်သီးများ စတင်ထွက်ရှိလာသောကြောင့် နာနတ်ခြံပိုင်ရှင်များ၊ သီးစားဝယ်ယူလုပ်ကိုင်သူများသည် ရန်ကုန်မြို့ရှိ သစ်သီးအဝယ်ဒိုင်များသို့ တင်ပို့ရောင်းချနေကြသည်။

ရန်ကုန်မြို့ရှိ သစ်သီးအဝယ်ဒိုင်များမှ မှာယူမှုကြောင့် နာနတ်ခြံရှင်များက ဟိုင်းလပ်ကားငယ်တစ်စီးကို နာနတ်သီးအလုံးရေ ၁၈၀၀ ခန့် တင်ဆောင်၍ ကားခတစ်လုံးငွေကျပ်၇၀ နှုန်း ( တစ်သိန်း သုံးသောင်းခန့်) ပေး၍ တင်ပို့ ရောင်းချကြသည်။ ထိုသို့ တင်ပို့ ရောင်းချရာတွင် နာနတ်သီးအရင့်များနှင့်အတူ အနုများစွာ ပိုမို ပါရှိသည်ကို တွေ့ရသည်။

“ကျွန်တော်ကတော့ နာနတ်သီးကို ကြီးမှ၊ ရင့်မှရောင်းပါတယ်၊ အနုတွေ ခူးမရောင်းပါဘူး၊ အိမ်မှာပဲအလုံးကြီးကိုကြိုက်တဲ့ ဈေးရရင် ရောင်းပါတယ်” ဟု နာနတ်ခြံစိုက်ပျိုးသူ ဒညင်းကုန်းရွာသားတစ်ဦးက ပြောသည်။

“ရန်ကုန်သစ်သီးဒိုင်က မှာယူလို့ ပို့ပေးတာပါ၊ ဈေးနှုန်းအတိအကျ မသိရသေးပါဘူး၊ ဟိုရောက်မှအရှုယ်အစားခွဲ ဈေးနှုန်းခွဲ ကားခ၊ အလုပ်သမားခ၊ ကော်မရှင်နုတ်ပြီးမှ ကျန်တာရတယ်၊ ဒီအချိန်ပေါ်ဦးပေါ်ဖျား ဈေးကောင်းရမယ်ထင်လို့ နာနတ်သီးခုတ်ပြီး ရန်ကုန်ကို တင်ပို့တာပါ” ဟု နာနတ်သီးရောင်းဝယ်သူ ဝင်းပကျေးရွာသားတစ်ဦးက ပြောသည်။



ရာသီအစတွင် ဈေးကောင်းရသည့်အတွက် ထွာဆိုင်ခန့် အရွယ်အစားရှိသည်နှင့် ရောင်းတန်းဝင်သည့်အတွက် နုနုရင့်ရင့် မခွဲခြားတော့ဘဲ ခုတ်ယူရောင်းချနေရကြောင်းသိရသည့်အပြင် ယခုရာသီအစတွင် နာနတ်သီးရောင်းချနေသူများသည် နာနတ်သီးအရင့်အကြီးများကို ကြိုက်ဈေးပေးရောင်းချနေသူများရှိနေသကဲ့သို့ တချို့က နာနတ်သီးအနုအသေးများကို ဈေးကောင်းရရန်အတွက် အရောင်လှရန် တရုတ်မှလာသော ဆေးများဖြင့် ဆေးစိမ်၍ ရောင်းချနေသူများ လည်းရှိကြောင်း သိရသည်။

အဆိုပါ နာနတ်သီးအနုများကို ရင့်မှည့်သော အရောင်ရရန် ဆေးစိမ်၍ ရောင်းချနေမှုများရှိနေသောကြောင့် စားသုံးသူပြည်သူများ အန္တရာယ်ရှိနိုင်ကြောင်း FDA အဖွဲ့မှ ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# မကွေးတိုင်းဒေသကြီးအတွင်း ရေမီတာသုံး ကျေးလက်ရေပေးဝေရေး လုပ်ငန်းများ ဆောင်ရွက်နေ

**မကွေး မတ် ၂၇**

မကွေးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသရေရရှိရေး ဆောင်ရွက်မှုများ၌ ပြည်သူများ၏ ကိုယ့်အားကိုယ်ကိုး ပါဝင်မှုများအပြင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နိုင်ငံတကာအဖွဲ့အစည်းများပူးပေါင်း၍ ရေမီတာသုံး ကျေးလက် ရေပေးရေး လုပ်ငန်းများလည်း အကောင်အထည်ဖော် လုပ်ဆောင်နေကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်း ထိုက်ဇော်ထံမှ သိရသည်။

"ကျေးရွာတွေမှာ ယူနီဆက်ဖ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ ပြည်သူတွေ ပူးပေါင်းပြီး အိမ်တိုင်ရာရောက် ရေသွယ်စနစ်ကို ဆောင်ရွက်နေပါတယ်၊ လုပ်ငန်းဆောင်ရွက်ပုံကတော့ ရွာတစ်ရွာမှာ ရေတွင်းတူးလိုက်တယ်၊ ပြီးရင် ရေစက်ရုံတည်မယ်၊ အမြင့်တင်ရေစင်ဆောက်မယ်၊ ပြီးသွားရင် ရွာတွေကို ရေပိုက်လိုင်းနဲ့ အိမ်တိုင်ရာရောက်ရေပေးရေး လုပ်တာပါ၊ အဲလို လုပ်တဲ့အခါမှာ ပြည်သူလူထုကလည်း ထည့်ဝင်ရတာပါ၊ ယူနီဆက်ဖ်ကလည်း ပိုက်တွေထောက်ပံ့ပါတယ်၊ လိုအပ်တဲ့ဟာကို ဦးစီးဌာနကပဲ ရန်ပုံငွေနဲ့ ထောက်ပံ့ပါတယ်၊ ပြည်သူကတော့ လုပ်အားရယ်၊ ပိုက်ဆက်ပစ္စည်းတချို့ရယ် စိုက်ထုတ်ရတာပဲ ရှိပါတယ်"ဟု ၎င်းက ပြောသည်။

လုပ်ငန်းများဆိုင်ရာ အချက်အလက်များအရ တိုင်းဒေသကြီးအတွင်း မြို့နယ် ၁၅ မြို့နယ်၊ ကျေးရွာ ၄၆၉ ရွာ၊ အိမ်ခြေ ၇၄၈၄၀၊ လူဦးရေ ၃၇၇၃၂၄ အတွက် ရေမီတာသုံး ကျေးလက်ရေပေးရေးလုပ်ငန်း ၄၆၉ ခု ဆောင်ရွက်ခဲ့ရာ ၂၀၁၇ ခုနှစ် ဩဂုတ်လက လုပ်ငန်း ၅၇ ခု ကျန်နေသေးသော်လည်း လတ်တလောတွင် လုပ်ငန်းများအားလုံး ပြီးစီးလုပြီဖြစ်ကြောင်း သိရသည်။



မကွေးခရိုင်အတွင်း၌ မကွေး၊ ရေနံချောင်း၊ ချောက်၊ နတ်မောက်၊ မြို့သစ် မြို့နယ်ငါးခုမှ ကျေးရွာ ၆၉ ရွာ၊ အိမ်ခြေ ၁၃၀၉၇ အိမ်၊ လူဦးရေ ၆၃၂၄၃ ဦး၊ မင်းဘူးခရိုင်အတွင်း၌ ပွင့်ဖြူ၊ စလင်း၊ စေတုတ္တရာ မြို့နယ်သုံးခုမှ ကျေးရွာ ၁၂ ရွာ၊ အိမ်ခြေ ၁၈၄၆ အိမ်၊ လူဦးရေ ၈၂၀၃ ဦး၊ သရက်ခရိုင်အတွင်း၌ ဆင်ပေါင်ဝဲမြို့နယ်မှ ကျေးရွာနှစ်ရွာ၊ အိမ်ခြေ ၁၄၃၂ အိမ်၊ လူဦးရေ ၆၁၆၆ ဦး၊ ပခုက္ကူခရိုင်အတွင်း၌ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူ မြို့နယ်ငါးခု ကျေးရွာ ၃၇၅ ရွာ အိမ်ခြေ ၅၇၄၅၀ အိမ်၊ လူဦးရေ၂၉၄၈၆၆ ဦး၊ ဂန့်ဂေါခရိုင်အတွင်း၌ ထီးလင်းမြို့နယ်မှ ကျေးရွာ ၁၁ ရွာ၊ အိမ်ခြေ ၁၀၁၅ အိမ်၊ လူဦးရေ ၄၈၄၆ ဦး တို့မှာ ရေမီတာသုံး ကျေးလက်ရေပေးရေးလုပ်ငန်း၏ အကျိုးဆက်များကို ခံစားရမည်ဖြစ်သည်။

ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးသည့် ကျေးရွာများတွင် ကျေးရွာရေပေးဝေရေးကော်မတီ ဖွဲ့စည်းပြီး ပြုပြင်လည်ပတ် ထိန်းသိမ်းရေးအတွက် ကော်မတီ၏ဆုံးဖြတ်ချက်ဖြင့် ရေတစ်ယူနစ်လျှင် ငွေမည်မျှကောက်ခံမည်ကို ဆုံးဖြတ်ကြောင်း၊ လတ်တလောတွင် တစ်ရွာနှင့်တစ်ရွာ ကောက်ခံသည့်နှုန်းများ မတူညီဘဲ တစ်ယူနစ်လျှင် ငွေကျပ် ၃၅၀ မှ ၅၀၀ ကြား ကောက်ခံနေကြောင်း၊ အမြင့်တင်ရေစင် ဆောက်လုပ်ပြီးစီးသည့် အခြားကျေးရွာများတွင်လည်း အိမ်သွယ်ရေတိုင်စနစ်များ ဆက်လက်လုပ်ဆောင်သွားရန်ရှိကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး၏ ပြောကြားချက်များအရ သိရသည်။

**ဧယျတု(မကွေး)**

# ပုသိမ်မူကြို၌ ကျောင်းဆင်းလက်မှတ်ပေးအပ်ခြင်းနှင့် ကလေးငယ်များစွမ်းရည်ပြပွဲကျင်းပ

**ပုသိမ် မတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ပုသိမ်မူလတန်းကြိုကျောင်း၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ကျောင်းဆင်းလက်မှတ်ပေးအပ်ခြင်းနှင့် ကလေးငယ်များစွမ်းရည်ပြပွဲကို မတ် ၂၄ ရက်က ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးက ဌာနအနေဖြင့် လုပ်ငန်းကြီး ၁၀ ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပထမအရေးကြီးလုပ်ငန်းဖြစ်သည့် ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။ မူလတန်းကြိုကျောင်းများ တိုက်ရိုက်ဖွင့်လှစ်ခြင်းဖြင့် ကျောင်းများ၏လိုအပ်ချက်နှင့် ကျွမ်းကျင်မှုဆိုင်ရာ နည်းစနစ်များကို အကူအညီပေးလျက်ရှိပြီး ကလေးငယ်များ၏ စိတ်ပိုင်းဆိုင်ရာနှင့် ဦးနှောက်ဖွံ့ဖြိုးမှု၊ အာဟာရများ ဖြည့်ဆည်းပေးမှုများသည် ကလေးငယ်များအတွက် အရေးကြီးကြောင်း၊ ကာယ၊ ဉာဏ၊ စာရိတ္တပိုင်း ဆိုင်ရာများတွင်လည်း ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း၊ ကလေးငယ်များ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို မိဘနှင့် ဆရာ ဆရာမများ ပူးပေါင်းဆောင်ရွက်ပေးခြင်းဖြင့် လူတော်လူကောင်းများ ပေါ်ထွန်းလာကြမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။ အဆိုပါအခမ်းအနားသို့ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ကလေးငယ် ၁၆၀ အပါအဝင် အလှူရှင်များ၊ ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြသည်။

**ခရိုင် (ပြန်/ဆက်)**

# လွယ်ဂျယ်မြို့၌ ပြည်နယ်ဝန်ကြီးနှင့် ကုန်သည်များ တွေ့ဆုံ

**ဗန်းမော် မတ် ၂၇**

ကချင်ပြည်နယ် ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝေလင်းသည် ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့မှ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဆန်ကုန်သည်များ၊ သစ်သီးဝလံကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် မတ် ၂၄ ရက်က လွယ်ဂျယ်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် ဝန်ကြီးက အမှာစကားပြောကြားပြီး ဗန်းမော်ခရိုင် ဆန်ကုန်သည်များအသင်း ကုန်စည်ဒိုင်နာယက ဦးရဲမြင့်၊ လွယ်ဂျယ်သစ်သီးဝလံကုန်စည်ဒိုင်အဖွဲ့ဥက္ကဋ္ဌ ဦးစည်သူလှိုင်၊ ဒေသခံ ဖရဲစိုက်တောင်သူများကိုယ်စား ဦးချစ်ထွေးတို့က လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ အသေးစိတ်တင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် လွယ်ဂျယ်မြို့ အောင်ချမ်းသာရပ်ကွက်ရှိ တစ်ဖက်နိုင်ငံသို့တင်ပို့မည့်ဆန်များ သိုလှောင်ထားရှိမှု အခြေအနေနှင့် တစ်ရက်လျှင် ဆန်အိတ် ၂၀၀၀ ကျ ဆန်သန့်စင်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# သင်္ကြန်နီး၍ ဖျာပုံ-ရန်ကုန် နှစ်ထပ်ရေယာဉ်များ ကုန်တင်ဆောင်မှုများပြီး ဝင်ငွေပိုရနေ

**ဖျာပုံ မတ် ၂၇**

ဖျာပုံ-ရန်ကုန် ပုံမှန်ပြေးဆွဲလျက်ရှိသည့် နှစ်ထပ်ရေယာဉ်များတွင် ခရီးသည်လိုက်ပါမှု



ရန်ကုန်သို့တင်ပို့မည့် ကုန်စည်များကို ဖျာပုံဆိပ်ကမ်း၌ တွေ့ရစဉ်။

နည်းပါးသော်လည်း ယခုအချိန်မှာ သင်္ကြန်နီးလာပြီဖြစ်၍ ဖျာပုံမှ ရန်ကုန်သို့ ဆန်နှင့် ရေထွက်ကုန်ပစ္စည်းများ၊ ဘဲဥများနှင့် အခြားဒေသထွက်ပစ္စည်းများ တင်ဆောင်ခြင်းနှင့် ရန်ကုန်မှ ဖျာပုံသို့ ပြန်လည်ထွက်ခွာရာတွင် စားသောက်ကုန်ပစ္စည်းများ၊ ရေလုပ်ငန်းသုံးပစ္စည်းများ၊ အလှကုန်များနှင့် သင်္ကြန်ရေကစားပစ္စည်းများကို တင်ဆောင်ခြင်းဖြင့် အသွားအပြန် ကုန်ပိုတင်ဆောင်ရသောကြောင့် ဝင်ငွေပိုမိုရရှိနေကြောင်း ရေယာဉ်စာရေးများနှင့် ကုန်တာဝန်ခံများထံမှ သိရသည်။

ဖျာပုံ-ရန်ကုန်နှစ်ထပ်ရေယာဉ်မှ လုပ်သက်ရင့် စာရေးတစ်ဦးက "သင်္ကြန်နီးလာရင်တော့ အသွားအပြန် ကုန်တန်ဆာခ ပိုရပါတယ်၊ သင်္ကြန်အကြိုရက်မတိုင်ခင်အထိ ဝင်ငွေကောင်းနေဦးမှာဖြစ်ပါတယ်၊ သင်္ကြန်အပြီး မိုးတွင်းရောက်ရင်တော့ ခရီးစဉ်ပုံမှန်ရက်အတိုင်း ထွက်ချင်မှထွက်နိုင်မယ်၊ အခုနှစ်မှာ ပင်လယ်ကမ်းဝေး ငါးဖမ်းသင်္ဘောတွေ မိုးတွင်းသုံးလ ပိတ်ထားမယ်လို့ သိရတယ်၊ အဲလိုဆို မိုးတွင်းမှာ ကုန်ရှားသွားနိုင်တယ်"ဟု သုံးသပ်ပြောကြားသည်။

ယနေ့အချိန်တွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နှင့် ရန်ကုန်မြို့တော်ကြား ဆက်သွယ်သည့် ကားလမ်းခရီးများ ကောင်းမွန်နေပြီဖြစ်၍ ဖျာပုံ-ရန်ကုန် ခရီးသည်နှင့် ကုန်တင် နှစ်ထပ်ရေယာဉ်များတွင် လိုက်ပါစီးနင်းသည့် ခရီးသည်အရေအတွက်မှာ လျော့နည်းလာလျက်ရှိကာ ရေယာဉ်များမှာ ကုန်တန်ဆာခ ပိုမိုရရှိရေးကိုသာ နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းပြေးဆွဲနေရကြောင်း သိရသည်။

**ဝ၈၈**

# အစိုးရဓမ္မာစရိယ စာမေးပွဲ ပြည်မြို့၌ ကျင်းပ

**ပြည် မတ် ၂၇**

၂၀၁၈ ခုနှစ် အစိုးရဓမ္မာစရိယ စာမေးပွဲကို ပြည်မြို့ အမှတ် - ၁ အခြေခံပညာအထက်တန်းကျောင်း စာဖြေဌာန၌ ကျင်းပရာ စာဖြေသံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်ဆရာလေးများ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

ယင်းစာမေးပွဲကို မတ် ၂၁ ရက်မှ ၃၀ ရက်အထိ ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**မောင်ရွှေဝင်း (ပြည်)**



**မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ်အတွင်းမှ သောက်သုံးရေ ရှားပါးလျက်ရှိသည့် ဝင်းကကျေးရွာ အုပ်စုကြာစီအောင်ကျေးရွာနေ ပြည်သူများအတွက် သောက်သုံးရေများကို တောင်စွန်းနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ဟန်တင့် ဦးဆောင်သောရဲတပ်ဖွဲ့ဝင်များက မတ် ၂၃ ရက်တွင် သွားရောက်လှူဒါန်းစဉ်။** (အဆိုပါ ကျေးရွာသည် ပင်လယ်ကမ်းစပ်ကွင်းရွာ ဖြစ်ပြီး အိမ်ထောင်စု ၁၆၀ ခန့် နေထိုင်ကာ နှစ်စဉ် သောက်သုံးရေရှားပါးမှု ကြုံတွေ့ရသည့် ကျေးရွာဖြစ်ကြောင်း သိရသည်) **ကိုရဲ**

# စလင်း၌ စူဠဘွဲ့နှင်းသဘင်ကျင်းပ

**စလင်း မတ် ၂၇**

မကွေးတိုင်းဒေသကြီး စလင်းမြို့မှ စာအောင်သံဃာတော်များအား စူဠဘွဲ့နှင်းသဘင် အခမ်းအနားကို မြို့လယ်ရှိ မြတ်ရတနာဓမ္မာရုံ၌ မတ် ၂၅ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားသို့ လင်းကတောကျောင်းတိုက် သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တဝါယမ၊ မြို့နယ်သံဃမဟာနာယက ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တအရှင်ကုမာရနှင့် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ တက်ရောက်ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က သာသနာရေးဆိုင်ရာကိစ္စရပ်များကို လျှောက်ထားသည်။ ထို့နောက် ပထမကြီးအောင် သံဃာတော် ငါးပါး၊ ပထမလတ်အောင် သံဃာတော် ၁၀ ပါး၊ ပထမငယ် ၁၅ ပါးနှင့် အခြေပြုမူလတန်းအောင် ၁၆ ပါး စုစုပေါင်း စာအောင်သံဃာ ၄၁ ပါးအား အောင်လက်မှတ်နှင့် ဝတ္ထုငွေများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **စလင်းကြည်**

# ကျောင်းကုန်းမြို့တွင် နွေရာသီအားကစားသင်တန်းများဖွင့်



**ကျောင်းကုန်း မတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူး၍ နွေရာသီအားကစားသင်တန်းများကို မိုးလုံလေလုံ အားကစားခန်းမ၌ မတ် ၂၅ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းက သင်တန်းဖွင့်လှစ်ပေးကာ အားကစားနည်းအလိုက် အထောက်အကူပစ္စည်းများ ပေးအပ်ခဲ့သည်။ အဆိုပါ နွေရာသီအားကစားသင်တန်းတွင် မြန်မာ့သိုင်း၊ ပိုက်ကျော်ခြင်း၊ ဘောလုံး၊ အေရိုးဗစ်နှင့် ဖူဆယ်အားကစားနည်း ငါးမျိုးကို သင်တန်းကာလ သုံးပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ မြို့ပေါ် အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# မော်ကွန်းတိုက်များ၌ မိုက်ကရိုဖလင်၏ အရေးပါမှု

ဒေါက်တာဥမ္မာလင်း(မော်ကွန်းတိုက်)

ကမ္ဘာပေါ်တွင် မော်ကွန်းတိုက်များ ပေါ်ပေါက်လာရခြင်းမှာ ပြင်သစ်နိုင်ငံမှ စတင်ခဲ့သည်ဟု ဆိုနိုင်သည်။ ၁၇၉၀ပြည့်နှစ်တွင် ပြင်သစ်နိုင်ငံ၌ Archives Nationales ပေါ်ပေါက်ခဲ့သည်။ ထိုအချိန်က ပြင်သစ်တော်လှန်ရေးကာလ ဖြစ်သည့်အတွက် နိုင်ငံ၏ မှတ်တမ်းမှတ်ရာများ မပျောက်ပျက်စေရန်မှာ နိုင်ငံတော်တွင်သာ တာဝန်ရှိသည်ဟူ၍ မော်ကွန်းတိုက်၏ အက်ဥပဒေဖြင့် မှတ်တမ်းများကို ထိန်းသိမ်းခဲ့ကြသည်။ အင်္ဂလန်နိုင်ငံတွင် ၁၈၃၅ ခုနှစ် ဝိတိုရိယဘုရင်မကြီးစိုးစံစဉ် Public Records Act ကို ပြဋ္ဌာန်းကာ မော်ကွန်းတိုက်ကို ထူထောင်ခဲ့သည်။ ရုရှားနိုင်ငံတွင် ၁၉၁၈ ခုနှစ် ရုရှားတော်လှန်ရေးအပြီး တိုင်းပြည်တွင် ငွေကြေးအခက်အခဲရှိနေချိန်ဖြစ်သော်လည်း မော်ကွန်းတိုက်ကို ထူထောင်ခဲ့သည်။ အမေရိကန်နိုင်ငံတွင်လည်း ၁၉၂၉ ခုနှစ်မှ ၁၉၃၅ ခုနှစ်များအတွင်း နိုင်ငံ၏ စီးပွားရေး အကျပ်အတည်းကာလဖြစ်သော်လည်း ၁၉၃၄ ခုနှစ်တွင် မော်ကွန်းတိုက်ကို ထူထောင်ခဲ့သည်။

အာရှတိုက်တွင် အစောဆုံးမော်ကွန်းတိုက်မှာ ဖိလစ်ပိုင်နိုင်ငံ မော်ကွန်းတိုက်ဖြစ်ပြီး ၁၈၉၂ ခုနှစ်တွင် ထူထောင်ခဲ့သည်။ အိန္ဒိယနိုင်ငံသည် ၁၈၉၀ ခုနှစ်ကတည်းက ကြေးနန်းရိုက်၍ မော်ကွန်းတိုက်ကို စတင်ခဲ့သော်လည်း နိုင်ငံတကာတွင် မော်ကွန်းတိုက်များတည်ထောင်မှုသည် မော်ကွန်းတိုက်ဥပဒေဖြင့်သာ တည်ထောင်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ကို အုပ်ချုပ်ရေးစနစ်သစ်အရ တော်လှန်ရေးကောင်စီ အမိန့်အမှတ်(၉၇)ဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်၌ ၁၉၇၂ ခုနှစ် မတ် ၁၅ ရက်တွင် ဝန်ကြီးများရုံး(ယခင်အတွင်းဝန်များရုံး)စာကြည့်တိုက်မှ အခြေခံ၍ စတင်တည်ထောင်ခဲ့သည်။

**မော်ကွန်း၏အဓိပ္ပာယ်**

နိုင်ငံအသီးသီးရှိ မော်ကွန်းပညာရှင်များက မော်ကွန်း၏ အဓိပ္ပာယ်ကို ဖွင့်ဆိုကြရာတွင် တူညီသောအချက်များ ရှိသကဲ့သို့ ကွဲပြားသော အယူအဆများလည်း ရှိကြသည်။ ဤသို့ ကွဲပြားမှုများရှိနေခြင်းသည် အဓိပ္ပာယ်ဖွင့်ဆိုသည့် အချိန်ကာလ၊ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး အပြောင်းအလဲများ၊ လိုအပ်ချက်များနှင့် သက်ဆိုင်ပါသည်။ မော်ကွန်းဆိုသည်မှာ -

၁။ ရှင်သန်သောလက္ခဏာ (Organic Character)
၂။ သုံးဆဲမဟုတ်ဖြစ်ခြင်း (Non- Current)
၃။ ရုံးစာဖြစ်သောလက္ခဏာ (Official Character)
၄။ မှတ်တမ်းပြုလုပ်သောအဖွဲ့အစည်းရှိခြင်း (Creating Agency)
၅။ တရားဝင်ထိန်းသိမ်းထားခြင်း (Official Custody)
၆။ ထာဝရထိန်းသိမ်းခြင်း (Permanent Preservation)
၇။ အနာဂတ်အသုံးဝင်မှု (Future Use) ဟူ၍ဖြစ်သည်။

**မော်ကွန်းမှတ်တမ်းများကို ထိန်းသိမ်းခြင်း၊ ဖတ်ရှုခြင်း**

ကမ္ဘာကြီးသည် ခေတ်မီနည်းပညာရပ်များဖြင့် အံ့ဖွယ်တိုးတက်လျက်ရှိသောကြောင့် နိုင်ငံအသီးသီးရှိ မော်ကွန်းတိုက်များသည်လည်း အီလက်ထရွန်နစ်ပစ္စည်းများဖြင့် မှတ်တမ်းများ ထိန်းသိမ်းခြင်းကို အသုံးပြုလာခဲ့ကြသည်။ ထို့ကြောင့် အလိုအလျောက် အချက်အလက်ထုတ်ယူခြင်းနှင့် စက်ဖြင့်ဖတ်ရသည့် မှတ်တမ်း(Automatic Data Processing and Machine Readable Records)များဖြင့် မှတ်တမ်းများကို ကွန်ပျူတာမှထုတ်၍ စက်ဖြင့်ဖတ်ခြင်းစနစ်ကို အသုံးပြုလာကြသည်။

နှစ်ပေါင်း ၁၀၀ကျော် ကြာမြင့်သော အချို့မူရင်းအထောက်အထားများသည် သဘာဝ၏ဒဏ်ကြောင့် စာလုံးများ မင်ကျ၊ မင်နများသည် မှေးမှိန် ပျောက်ကွယ်လုနီးပါး အနေအထားဖြစ်လာသည်။ သာမန်မျက်စိဖြင့် ဖတ်ရှုရန်မသဲကွဲသော တန်ဖိုးရှိလှသည့် မော်ကွန်း၊ မှတ်တမ်းများကို ဖတ်စက်(Readers)များဖြင့် ဖတ်ရှုခြင်းသည် သုတေသီများ အသုံးပြုရန်အတွက် ပိုမိုအဆင်ပြေစေပါသည်။ ၁၈ ရာစုနှစ်တွင် လက်နှိပ်စက် ပေါ်ပေါက်ခဲ့ပြီး ရေးနှစ်ပေါင်းများစွာကတည်းကပင် ပုံဖော်ခြင်းလုပ်ငန်း(Reprography) ပေါ်ပေါက်ခဲ့သည်။ ထိုမှတစ်ဆင့် မိတ္တူကူးစက် (Gestetner, Copying machine, Photostat) စသည်ဖြင့် အဆင့်ဆင့် တိုးတက်လာခဲ့သည်။ ၁၉ ရာစုနှစ်တွင် ဓာတ်ပုံပညာရပ် ပေါ်ပေါက်ခဲ့သည်။

**မိုက်ကရိုဖလင်**

မော်ကွန်း၊ မှတ်တမ်းများကို မိုက်ကရိုဖလင်(Microfilming) ရိုက်ကူး၍ ထိန်းသိမ်းခြင်းကို ပထမကမ္ဘာစစ်အတွင်း စတင်အသုံးပြုခဲ့ကြောင်း သိရှိရသည်။ ပထမကမ္ဘာစစ်တွင်းကာလတွင် သတင်းပို့ရန် စာပို့ရာ၌ လေ့ကျင့်ပေးထားသော ခိုများကို စေလွှတ်ခဲ့ရသည်။ ခို၏ခြေထောက်တွင် စာကိုထည့်ပေးခြင်းဖြင့် စာပို့လေ့ရှိရာ ရန်သူဘက်မှ ထိုစာကို သိသာမြင်သာသဖြင့် သတင်းပို့ရာတွင် မအောင်မြင်ခဲ့ပေ။ သတင်းပို့လိုသောစာများကို ရန်သူ၏ဖျက်ဆီးခြင်း ခံခဲ့ရသည်။

ထို့ကြောင့် မိုက်ကရိုဖလင်ရိုက်ကူးပြီး မူရင်းဖလင်ကို ထိန်းသိမ်းကာ မိတ္တူဖလင်များဖြင့် ပို့ကြသည်။ လက်ခံရရှိသည့် မိုက်ကရိုဖလင်(အနုကြည့်ဖလင်)မှ သတင်းအချက်အလက် အပြည့်အစုံ ရရှိနိုင်သည်။ ထိုအချိန်မှစ၍ မိုက်ကရိုဖလင်သည် မော်ကွန်း၊ မှတ်တမ်းများအတွက် လုံခြုံမှုရှိသည်ကို သိရှိလာကြသည်။ ဤသို့ဖြင့် မိုက်ကရိုဖလင်သည် မော်ကွန်းတိုက်များဆီသို့ ဝင်ရောက်လာခဲ့ကြသည်။

**မော်ကွန်းများအား ပုံဖော်ခြင်း**

အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက် ဦးစီးဌာနသည် မှတ်တမ်း၊ မော်ကွန်းများကို ရေရှည်ထိန်းသိမ်းထားနိုင်ရန်နှင့် ပုံပွားအဖြစ် အသုံးပြုနိုင်ရန်အတွက် ပြန်လည်ပုံဖော်ခြင်း (Reprography) လုပ်ငန်းကို ဆောင်ရွက်ထားရှိပါသည်။ မော်ကွန်းများအား ပုံဖော်ခြင်းနည်းပညာတွင် မိတ္တူကူးခြင်းလုပ်ငန်း၊ မိုက်ကရိုဖလင်(အနုကြည့်ဖလင်) ရိုက်ကူးခြင်းလုပ်ငန်း၊ မိုက်ကရိုဖစ်(ရှ်)(အနုကြည့်ဖလင်ပြားချပ်) ရိုက်ကူးခြင်းလုပ်ငန်း၊ သတင်းအချက်အလက် နည်းပညာလုပ်ငန်းနှင့် အသံသွင်းတိတ်ခွေများဟူ၍ လုပ်ငန်းစဉ်(၅)ရပ် ပါဝင်ပါသည်။

စက္ကူမှတ်တမ်းများမှာ ကာလရှည်ကြာလာသောအခါ စက္ကူတွင်ပါရှိသည့် အက်ဆစ်ဓာတ်နှင့် လေထဲရှိအောက်ဆီဂျင်တို့ ပေါင်းစပ်ဓာတ်ပြုကာ တဖြည်းဖြည်း ဝါလာပြီး စက္ကူ၏ ခိုင်ခံ့မှု လျော့နည်းကာ ဆွေးမြည့်ပျက်စီးလာတတ်ပါသည်။ စက္ကူထုတ်လုပ်ရာတွင် မျက်နှာပြင်ချောမွေ့စေရန်နှင့် ပျော့ဖတ်အမျှင်များ တစ်ခုနှင့်တစ်ခု ဆက်စပ်မှုကောင်းစေရန်အတွက် အသုံးပြုသည့် ကျောက်ချဉ်နှင့် ထင်းရှူးဆီ ပါဝင်မှုမှာလည်း အက်ဆစ်ဓာတ်ကို ဖြစ်ပေါ်စေပါသည်။ ထို့အပြင် စက္ကူသည် အလင်းရောင်နှင့်ထိတွေ့ပါက ကြွပ်ဆတ်ခြင်းများလည်း ဖြစ်ပေါ်လေ့ရှိသည်။ ထို့ကြောင့် နှစ်ကာလကြာမြင့်လာသည့်အခါ ရေးသားထားသည့်စာများမှာ ဖတ်ရှု၍မရအောင် မှေးမှိန်ခြင်းကို ဖြစ်ပေါ်စေပါသည်။ စက္ကူသည် နှစ်ပေါင်း ၁၀၀ ခန့်မျှသာ ထိန်းသိမ်းထားနိုင်သော်လည်း မိုက်ကရိုဖလင်သည် စံချိန်စံညွှန်းနှင့်အညီ ရိုက်ကူးဆေးကြော ထိန်းသိမ်းထားပါက နှစ်ပေါင်း ၅၀၀ ခန့်အထိ တည်ရှိနိုင်ပေသည်။

**မိုက်ကရိုဖလင်များ**

မိုက်ကရိုဖလင် ရိုက်ကူးရန် ဖလင်နှစ်မျိုးရှိသည်။ Negative Film နှင့် Positive Film ဟူ၍ ဖြစ်သည်။ Master Negative Film သည် နောက်ခံ(Background)မဲပြီး စာလုံးဖြူသည်။ ယင်းကိုမူရင်း(Orginal)ဟု ခေါ်သည်။ Negative Film သည် မိတ္တူ(Duplicate)ပြုလုပ်ရန်အတွက် ဖြစ်သည်။ Positive Film မှာ လုပ်ငန်းတွင်သုံးရန်နှင့် သုတေသီများအသုံးပြုရန်အတွက် ဖြစ်ပါသည်။ ၎င်းသည် နောက်ခံဖြူပြီး စာလုံးမဲသည်။

မိုက်ကရိုဖလင်များသည် အလျားပေ ၁၀၀၊ ပေ ၁၀၀၀ ဖြစ်၍ အနံမှာ ၈ မီလီမီတာ၊ ၁၆ မီလီမီတာ၊ ၃၅ မီလီမီတာနှင့် ၁၀၅ မီလီမီတာ ဟူ၍ဖြစ်သည်။ မိုက်ကရိုဖလင်သည် ဓာတ်ပုံရိုက်သောဖလင်ကဲ့သို့ ဘေးတစ်ဖက်တစ်ချက်တွင် အပေါက်များ မပါရှိပါ။ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်တွင် အသုံးပြုသည့် မိုက်ကရိုဖလင်များမှာ ၁၆ မီလီမီတာနှင့် ၃၅ မီလီမီတာ မိုက်ကရိုဖလင်များ ဖြစ်သည်။ ၁၆ မီလီမီတာ မိုက်ကရိုဖလင်သည် ပေ ၁၀၀ တစ်လိပ်လျှင် မှတ်တမ်းပုံပေါင်း (Explosure) ပျမ်းမျှ အကွက် ၂၀၀၀ ခန့် ရိုက်ကူးနိုင်ပြီး ၃၅ မီလီမီတာ မိုက်ကရိုဖလင်သည် ပေ ၁၀၀ တစ်လိပ်လျှင် မှတ်တမ်းပုံပေါင်း အကွက် ၁၀၀၀ ခန့် ရိုက်ကူးနိုင်ပါသည်။

**မိုက်ကရိုဖလင်၏ အကျိုးကျေးဇူးများ**

မော်ကွန်းများကို သုတေသီများအနေဖြင့် ကြိမ်ဖန်များစွာ ကြည့်ရှုလှန်လှောနေပါလျှင် မော်ကွန်းများ မကြာမီ ပျက်စီးကြေမွသွားနိုင်ပါသည်။ မူရင်းအထောက်အထားသည် တစ်ခုသာရှိသဖြင့် အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ပျက်စီးသွားပါက ပြန်လည်အစားထိုးမရနိုင်သည့်အရာများပင် ဖြစ်သည်။ မှတ်တမ်း၊ မော်ကွန်းများသည် ထုထည်ကြီးမားသဖြင့် နေရာယူပါသည်။ မော်ကွန်းများကို မိုက်ကရိုဖလင်ရိုက်ကူးထားခြင်းဖြင့် နေရာယူမှု လျော့နည်းခြင်း၊ နှစ်ကာလကြာမြင့်စွာ ထိန်းသိမ်းထားရှိနိုင်ခြင်း၊ မိုက်ကရိုဖလင်မှတစ်ဆင့် စက္ကူမှတ်တမ်းအဖြစ် ပြန်လည်ကူးပြောင်း၍ ခိုင်မာသည့် အထောက်အထားများအဖြစ် အသုံးပြုနိုင်ခြင်း၊ လူပုဂ္ဂိုလ်အန္တရာယ်၊ မီးမွှားအန္တရာယ်၊ သဘာဝဘေးဒဏ်အန္တရာယ်များမှ ကာကွယ်နိုင်ခြင်းနှင့် မှတ်တမ်းအရွယ်အစားကို ဖလင်ပေါ်တွင် ချုံ့နိုင်ချဲ့နိုင်သောကြောင့် သုတေသီများအသုံးပြုရန် ပိုမိုလွယ်ကူစေခြင်း စသည့် အကျိုးတရားများ ရရှိစေပါသည်။






အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာနတွင် မိုက်ကရိုဖလင်များ၊ မိုက်ကရိုဖစ်(ရှ်)များ၊ ကက်ဆက်ခွေများ၊ အသံသွင်းကြိုးခွေများ၊ နှုတ်ပြောသမိုင်းများ(Oral History)၊ ဗီဒီယိုခွေများ၊ စီဒီများ၊ ဓာတ်ပြားများ၊ ဆလိုက်ဖလင်များ၊ ရုပ်ရှင်ဖလင်များနှင့် ဓာတ်ပုံများကို စက္ကူမဟုတ်မော်ကွန်း(Non-Paper Archives)များအဖြစ် ထိန်းသိမ်းထားပါသည်။ ပြည်တွင်း၊ ပြည်ပ သုတေသီများအနေဖြင့် မိုက်ကရိုဖလင်ဖတ်စက်များ၊ မိုက်ကရိုဖစ်(ရှ်)ဖတ်စက်များ၊ ကွန်ပျူတာ (National Archives Information System-NAIS)များဖြင့် Database ကို အသုံးပြုကာ အထောက်အထားများကို အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်ရန် ဆောင်ရွက်ထားရှိပါသည်။

**လိုအပ်နေဆဲ မိုက်ကရိုဖလင်**

ယနေ့အချိန်အခါတွင် နည်းပညာဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ Digitization လုပ်ငန်းများ ဆောင်ရွက်၍ စက္ကူပုံစံမှ Digital ပုံစံသို့ ကူးပြောင်းနေသော်လည်း မိုက်ကရိုဖလင်သည်သာ နှစ်ပေါင်းကြာရှည်စွာ ထိန်းသိမ်းထားနိုင်ပြီး စစ်မှန်မှု (Authentic) ဖြစ်ကြောင်း အာမခံနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတကာရှိ မော်ကွန်းတိုက်များသည်လည်း ယခုတိုင်အောင် မူရင်းအထောက်အထားများကို မိုက်ကရိုဖလင်ရိုက်ကူးကာ ထိန်းသိမ်းထားရှိခြင်း ဖြစ်ပါသည်။ အချို့သော မော်ကွန်းတိုက်များတွင် Digital Format များကို မိုက်ကရိုဖလင် ပုံစံပြောင်း၍ processing လုပ်ငန်းများပါဝင်သည့် 'Archives Writer'ဟူသော စက်များဖြင့် အသုံးပြုနေကြပြီဖြစ်သည်။

သတင်းအချက်အလက် နည်းပညာလုပ်ငန်း မိတ္တူလုပ်ငန်းများသည် နေရာအနှံ့ ကျယ်ပြန့်စွာ ရှိနေပြီဖြစ်သော်လည်း မိုက်ကရိုဖလင်ကိုမူ ပြင်ပပုဂ္ဂိုလ်များထံတွင်သော်လည်းကောင်း၊ ဌာနဆိုင်ရာများတွင်သော်လည်းကောင်း အသုံးပြုနည်းပါးနေသည်ကို တွေ့ရသည်။ တိုးတက်နေသောနိုင်ငံများ၏ မော်ကွန်းတိုက်များတွင်လည်း မိုက်ကရိုဖလင်ကို ယနေ့အချိန်ထိ အသုံးပြုလျက်ရှိနေသည်ကို တွေ့ရှိရသည်။ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိဌာနအတွက် အကျိုးရှိမည့် အီလက်ထရွန်နစ်စနစ်၏ကောင်းသောအလားအလာများကို ခေတ်နှင့်အညီ ဦးတည်ချက်များထားရှိကာ သင့်တင့်လျောက်ပတ်အောင် အသုံးချနိုင်ရန် လိုအပ်လှပေသည်။

မော်ကွန်းများသည် ခေတ်အဆက်ဆက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အမွေအနှစ်များနှင့် ပတ်သက်နေသည့် မူရင်းအထောက်အထားများ ဖြစ်သည့်အတွက် တန်ဖိုးဖြတ်၍မရနိုင်ပါ။ လုပ်ကြံဖန်တီး၍ မရနိုင်။ စစ်မှန်သည့် နိုင်ငံ့ရတနာများပင် ဖြစ်သည်။ မြန်မာနိုင်ငံ အမျိုးသားမော်ကွန်းတိုက်သည် တန်ဖိုးမဖြတ်နိုင်သည့် မြန်မာ့သမိုင်းဆိုင်ရာ မှတ်တမ်းများ၊ အမျိုးသားရေးရာမော်ကွန်းနှင့် မှတ်တမ်းများ၊ မြန်မာနိုင်ငံ အစိုးရယန္တရားတစ်ရပ်လုံးနှင့် ပတ်သက်သည့် သမိုင်းဝင် အထောက်အထားများ ရေရှည်တည်တံ့စေရန်အတွက် မိုက်ကရိုဖလင်များရိုက်ကူးကာ ထိန်းသိမ်းထားရှိမှု အခြေအနေများနှင့် နိုင်ငံတကာရှိ မော်ကွန်းတိုက်များတွင်လည်း မိုက်ကရိုဖလင်၏ အရေးပါမှုများကို အများပြည်သူသိရှိစေရန် ရေးသားလိုက်ရပါသည်။ ။

**"နည်းပညာဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ Digitization လုပ်ငန်းများ ဆောင်ရွက်၍ စက္ကူပုံစံမှ Digital ပုံစံသို့ ကူးပြောင်းနေသော်လည်း မိုက်ကရိုဖလင်သည်သာ နှစ်ပေါင်းကြာရှည်စွာ ထိန်းသိမ်းထားနိုင်ပြီး စစ်မှန်မှု (Authentic) ဖြစ်ကြောင်း အာမခံနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတကာရှိ မော်ကွန်းတိုက်များသည်လည်း ယခုတိုင်အောင် မူရင်းအထောက်အထားများကို မိုက်ကရိုဖလင်ရိုက်ကူးကာ ထိန်းသိမ်းထားရှိခြင်း ဖြစ်ပါသည်။ အချို့သော မော်ကွန်းတိုက်များတွင် Digital Format များကို မိုက်ကရိုဖလင် ပုံစံပြောင်း၍ processing လုပ်ငန်းများပါဝင်သည့် 'Archives Writer' ဟူသော စက်များဖြင့် အသုံးပြုနေကြပြီဖြစ်သည်"**

# လားရှိုးမြို့၌ စားသုံးသူများဘေးအန္တရာယ်ကင်းရေး ကွင်းဆင်းစစ်ဆေး

**လားရှိုး မတ် ၂၇**
ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့မှ ပြည်သူများ အစားအသောက်များ ဝယ်ယူစားသုံးရာတွင် အန္တရာယ်ကင်းစေရန်အတွက် လားရှိုးမြို့ ရပ်ကွက်(၅) အောင်မင်္ဂလာဈေးအတွင်းရှိ ကုန်စုံဆိုင်များကို လားရှိုးခရိုင် စားသုံးသူရေးရာဦးစီးဌာနမှူး ဦးမြတ်မင်းစိုး ခေါင်းဆောင်သော မြို့နယ်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့က မတ် ၂၂ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ဈေးအတွင်းရောင်းချသော ထုတ်ကုန်များ လုံခြုံစိတ်ချရမှု ရှိစေရေး၊ စားသုံးရန်မသင့်သော ပင်လယ်စာ အပါအဝင် ဆိုးဆေးပါဝင်သော အရောင်တင်မှုန့်၊ ငရုတ်သီးမှုန့်၊ တရုတ်ပြည်ဘက်မှ တင်သွင်းလာသည့် ငံပြာရည်ပုလင်းများနှင့် စားသောက်ကုန်များ ရောင်းချခြင်း မရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။

မြို့နယ်ကွင်းစစ်ဆေးရေးအဖွဲ့တွင် အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးဌာန(FDA)၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ စက်မှုကြီးကြပ်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဥပဒေရုံးနှင့်စည်ပင်သာယာဌာနများမှ ကိုယ်စားလှယ်များ ပါဝင်ပြီး လားရှိုးမြို့ပေါ်မှ စည်ပင်သာယာဈေး ငါးခုအပြင် မြို့နယ်အတွင်းရှိ ကျေးရွာများမှ ငါးရက်တစ်ကြိမ် ဈေးများသို့လည်း သွားရောက်စစ်ဆေးခြင်း၊ အသိပညာပေးခြင်းများ ပြုလုပ်လျက်ရှိကာ တားမြစ်ထားသော စားသောက်ကုန်ပစ္စည်းများ ရောင်းချနေသည်ကို စစ်ဆေးတွေ့ရှိပါက သိမ်းဆည်းအရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။ **မမ (လားရှိုး)**

# ပုလဲမြို့၌ နွေရာသီ အခြေခံအားကစားသင်တန်းများ ဖွင့်လှစ်

**ပုလဲ မတ် ၂၇**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ ပြည်သူ့အားကစားကွင်း၌ နွေရာသီ အခြေခံအားကစားသင်တန်းများကို မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ မတ် ၂၆ ရက်မှ စတင်ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

မတ် ၂၆ ရက်က ကျင်းပသည့် သင်တန်းဖွင့်ပွဲတွင် ပုလဲမြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းက အမှာစကားပြောကြားပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးခုပ်စွမ်းခိုင်က နွေရာသီကျောင်းပိတ်ရက်အတွင်း ကျောင်းသား ကျောင်းသူများ အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်စေရန်နှင့် မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ် ထွက်ပေါ်လာစေရေးအတွက် ရည်ရွယ်၍ နွေရာသီ အခြေခံအားကစားသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် တာဝန်ရှိသူများက သင်တန်းသူ၊ သင်တန်းသားများအတွက် အားကစားဝတ်စုံများ၊ အားကစားပစ္စည်းများကို ပေးအပ်ခဲ့သည်။ အဆိုပါ သင်တန်းတွင် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ အေရိုးဗစ်၊ ဖူဆယ်နှင့် လက်ဝှေ့ အားကစားနည်းများကို သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ မတ် ၂၅ ရက်မှ ဧပြီ ၈ ရက်အထိဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ရေးမြို့ ရှေးဟောင်းကျုံးတော်ကြီး မြေထိန်းနံရံ ပြုပြင်ခြင်းလုပ်ငန်း ထက်ဝက်နီးပါးပြီးစီး

**ရေး မတ် ၂၇**
မွန်ပြည်နယ် ရေးမြို့ ကျက်သရေဆောင် ရှေးဟောင်းကျုံးတော်ကြီး မြေထိန်းနံရံနှင့် လက်ရန်းအကာ တည်ဆောက်ရေးလုပ်ငန်းကို ဇန်နဝါရီလအတွင်းက စတင်အကောင်အထည်ဖော်ခဲ့ရာ ယခု မတ်လကုန်ပိုင်းတွင် ထက်ဝက်နီးပါး လုပ်ငန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"အရင်တုန်းက မြေထိန်းနံရံ ပျက်စီးလာတဲ့အခါ ရေယိုစိမ့်ထွက်မှုတွေဖြစ်တယ်၊ လမ်းကကျဉ်းတော့ လမ်းလျှောက်သူတွေ ယာဉ်အန္တရာယ်နဲ့လည်း ကြုံရတယ်၊ အခုလို လမ်းတွေ ချဲ့တာရယ်၊ မြေထိန်းနံရံနဲ့ လက်ရန်းအကာအရံတွေ လုပ်တဲ့အတွက် ယာဉ်အန္တရာယ်လည်း ကင်းရှင်းသွားသလို လမ်းလျှောက် အပန်းဖြေမယ့်သူတွေ စိတ်အနှောင့်အယှက်မဖြစ်ဘဲ အပန်းဖြေအနားယူနိုင်မယ်" ဟု ရှေးဟောင်းကျုံးတော်ကြီး မြေထိန်းနံရံနှင့် လက်ရန်းအကာ တည်ဆောက်ရေးကို ဦးဆောင်သည့် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တတိက္ခသာမိက မိန့်ကြားသည်။



လက်ရှိအချိန်အထိ ပြုပြင်မှုအတွက် အလှူရှင်များ၏ စုပေါင်းထည့်ဝင်ငွေ ကျပ်သိန်းပေါင်း ၁၀၀ ကျော်ခန့်သုံးစွဲထားပြီး ရာခိုင်နှုန်းပြည့် လုပ်ငန်းပြီးစီးချိန်အထိ ခန့်မှန်းကုန်ကျငွေမှာ ကျပ်သိန်း ၃၀၀ ဝန်းကျင်ခန့် ရှိမည်ဖြစ်ကြောင်း သိရသည်။

ရေးမြို့ရှိ အဆိုပါ ရှေးဟောင်းကျုံးတော်ကြီးမှာ နွေရာသီကာလတွင် မီးဘေးကာကွယ်ရေးအတွက်လည်းကောင်း၊ ရေရရှိရန်အတွက်လည်းကောင်း အထောက်အကူပြုခဲ့သလို ပတ်ဝန်းကျင်မှာ သာယာလှပသဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများပါ လာရောက်လည်ပတ်ကြသည့် နေရာဖြစ်ကာ မာယာဒေဝီဘုရင်မသည် ရေးမြို့ကို စတင်တည်ထောင်ခဲ့စဉ်ကပင် အဆိုပါကျုံးကိုလည်း တူးဖော်ထားခဲ့ခြင်းဖြစ်ကြောင်း မြို့၏ မှတ်တမ်းများအရ သိရသည်။ **နေမျိုးထွန်း(ရေး)**

# ပန်းတောင်းမြို့နယ်မှ ကျေးရွာသို့ သောက်သုံးရေလှူဒါန်း

**ပန်းတောင်း မတ် ၂၇**
ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ရွှေညီနောင်ကျေးရွာအုပ်စု ရေမနောက်ကျေးရွာတွင် ရာသီဥတုပူပြင်း၍ သောက်သုံးရေကန်များ ခန်းခြောက်လျက်ရှိကာ သောက်သုံးရေ လုံလောက်မှုမရှိသဖြင့် လုံးဝပြတ်တောက်မသွားသော်လည်း ရေရှားပါးလျက်ရှိသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးငွေဇော် ဦးဆောင်၍ ဒုဦးစီးမှူး ဦးအောင်ကျော်ကျော်နှင့် ဝန်ထမ်းများပါဝင်သည့်အဖွဲ့က သောက်သုံးရေ ဂါလန် ၆၄၀၀ ကို မတ် ၂၅ရက်က သွားရောက်လှူဒါန်းခဲ့သည်။

ရေလှူဒါန်းရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုဝေဟိန်းနှင့် တပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးပြီး ရွှေညီနောင်အုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းဌေးနှင့် ရေမနောက်ကျေးရွာ ရာအိမ်မှူး ဦးရဲလေးတို့က ယာယီရေကန် ငါးကန်ဖြင့် ရေများကို သိုလှောင်ထားကာ ကျေးရွာနေပြည်သူများအား စနစ်တကျ ဝေငှပေးခဲ့သည်။

ရေမနောက်ကျေးရွာတွင် အိမ်ခြေ ၈၈ အိမ်၊ လူဦးရေ ၃၂၄ ဦးရှိပြီး ၁၅ ကေခန့်ရှိ ရေလှောင်ကန် တစ်ကန်နှင့် ရေတွင်း ငါးတွင်းရှိကာ နှစ်စဉ် ရေခန်းလေ့ရှိကြောင်း၊ ယခုနှစ်တွင် လူထုဗဟိုပြုစီမံကိန်းက အလျား ပေ ၂၅၀၊ အနံ ပေ ၂၀၀ ရှိ ရေကန်ကြီးတစ်ကန်ကို တူးဖော်ပေးထားကြောင်းလည်း သိရသည်။

ပန်းတောင်းမြို့နယ်အတွင်း၌ နှစ်စဉ်နွေရာသီတွင် သောက်သုံးရေရှားပါးသည့် ကျေးရွာများမှာ ထိပ်ပေါက်၊ သဲဖြူ၊ ဒေါင်းမြတ်နား၊ ရုံးပု၊ ရွှေဘုံသာ၊ မကျီးစမ်း၊ ထောက်ကြန့်ကုန်းနှင့် နဖူးကျင်းကျေးရွာများဖြစ်ကြောင်း သိရသည်။
**သိန်းတိုး**

# စလင်းမြို့၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆုပေးပွဲနှင့် သုံးသပ်ဆွေးနွေးပွဲကျင်းပ

**စလင်း မတ် ၂၇**
မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်းရှိ မြစိမ်းရောင်ကျေးရွာများအတွက် စီမံကိန်းဆုပေးပွဲနှင့် သုံးသပ်ဆွေးနွေးပွဲကို မတ် ၂၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာ ၅၁ ရွာအနက် စံပြမြစိမ်းရောင်ကျေးရွာဆု ရရှိသော ဆည်ကန်ကျေးရွာအား မြို့နယ် မြစိမ်းရောင်စီမံကိန်းအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးကျော်ဇေယျက ဆုချီးမြှင့်ပေးခဲ့သည်။ ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပပြီး မြစိမ်းရောင်စီမံကိန်းကျေးရွာများမှ စီမံကိန်းအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီများ၊ ဌာနဆိုင်ရာများ၊ ကျေးရွာကော်မတီအဖွဲ့ဝင်များက စီမံကိန်းဆိုင်ရာများကို သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

# ကောလင်း-ဝန်းသို ကျေးရွာချင်းဆက်လမ်း ပြန်လည်ပြုပြင်

**ကောလင်း မတ် ၂၇**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ်အတွင်းရှိ ကောလင်း-ဝန်းသို ကျေးရွာချင်းဆက် မြေသားလမ်းသည် မိုးအခါ၌ ရေကြီးရေလျှံမှုများကြောင့် ပျက်စီးကာ သွားလာရေးခက်ခဲနေသဖြင့် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများကို ဖေဖော်ဝါရီ ၂၃ ရက်မှစ၍ ဆောင်ရွက်ခဲ့ရာ မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

၎င်းလမ်းပြုပြင်ရန်အတွက် ကောလင်းမြို့နယ် ရွှေမြန်မာစက်သုံးဆီရောင်းဝယ်ရေးမှ ဦးဇော်မင်းအေးက ငွေကျပ်ငါးသိန်း မတည်ပေးခဲ့ပြီး ဇီးဖြူပင်၊ ငွေ့ကြီး၊ လက်ပံကြီးတော၊ အုပ်ဖို၊ သရက်အိုက်၊ ရှမ်းစု၊ စိန်လည်၊ သပြေသာ၊ ကျိုင်းခွင်၊ အောင်းကုန်းစသည့် ကျေးရွာများမှ ပြည်သူများ ထည့်ဝင်လှူဒါန်းငွေ ကျပ် ၁၅ သိန်းတို့ဖြင့် ကိုယ့်အားကိုယ်ကိုး ပြုပြင်လျက်ရှိကြောင်း၊ အဆိုပါ ကျေးရွာချင်းဆက်မြေသားလမ်းမှာ အရှည် နှစ်မိုင်၊ အကျယ် ၂၄ ပေ၊ ထု တစ်ပေရှိကာ လမ်းပြုပြင်မှုများ ပြီးစီးပါက အဆိုပါဒေသထွက် သီးနှံများကို ကောလင်းမြို့ပေါ်သို့ အဆင်ပြေချောမွေ့စွာ ကူးသန်းရောင်းဝယ်နိုင်မည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကို များစွာ အကျိုးပြုလာမည်ဖြစ်ကြောင်း သိရမည်။ **မြို့နယ်(ပြန်/ဆက်)**



# ခေတ်မီလက်နက်များအား စနစ်တကျထားသိုနိုင်ရေးသင်တန်းဖွင့်



**မော်လမြိုင် မတ် ၂၇**
မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ခေတ်မီလက်နက်များအား စနစ်တကျထားသိုထိန်းသိမ်းနိုင်ရေးနှင့်ကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုပစ်ခတ်နိုင်ရေး (ဆင့်ပွား) သင်တန်းအမှတ်စဉ်(၁/၂၀၁၈)သင်တန်းများအား မတ် ၂၆ ရက်တွင် မော်လမြိုင် ခရိုင်နှင့်သထုံခရိုင်တို့၌ တစ်ပြိုင်တည်းဖွင့်လှစ်ခဲ့သည်။

မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့တွင် ပြုလုပ်သည့် သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးကိုယ်စား ဒုတိယပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသောင်းဝင်းကလည်းကောင်း၊ သထုံခရိုင်ရဲတပ်ဖွဲ့တွင်ပြုလုပ်သည့် သင်တန်းဖွင့်ပွဲအခမ်းအနားတွင် သထုံခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ဝင်းကလည်းကောင်း သင်တန်းဖွင့် အမှာစကားများ ပြောကြားခဲ့ကြသည်။

အဆိုပါသင်တန်းသို့ သတင်းရဲတပ်ဖွဲ့ နှင့် ရထားရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များ အပါအဝင် အရာရှိနှင့်အခြားအဆင့် ၆၀ တို့ တက်ရောက်ကြကာ သင်တန်းကာလမှာ နှစ်ပတ်ကြာ သင်ကြားသွားမည်ဖြစ်သည်။ **မြို့နယ်(ပြန်/ဆက်)**

# ဆဋ္ဌမအကြိမ်မြောက် စာပေဟောပြောပွဲကျင်းပ

**ကွမ်းခြံကုန်း မတ် ၂၇**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်တွင် သပြေညို စာဖတ်ဝိုင်းမှ ကျင်းပပြုလုပ်သော စာဆိုတော်နေ့ အထိမ်းအမှတ် ဆဋ္ဌမအကြိမ်မြောက် စာပေဟောပြောပွဲကို အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း မြက်ခင်းပြင်၌ မတ် ၂၅ ရက် ည ၇နာရီက ပြုလုပ်ခဲ့သည်။

အဆိုပါစာပေဟောပြောပွဲတွင် ဆရာအော်ပီကျယ်၊ ဆရာတင်လင်းဦး၊ ဆရာမ ခင်မမမျိုးတို့မှ စာပေရေးသားခြင်းများကို ဟောပြောခဲ့ပြီး မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ စာပေဝါသနာရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။
**မြို့နယ် (ပြန်/ဆက်)**



**စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့မှ စာအောင်သံဃာများအား စူဠဂန္ထဝင်ဘွဲ့နှင်းသဘင် အခမ်းအနားကို မတ် ၂၅ ရက်က ကျောင်းသစ်ကျောင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းက စာအောင်သံဃာများအား ဘွဲ့လက်မှတ်နှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းစဉ်။**( အဆိုပါ စူဠဂန္ထဝင်ဘွဲ့နှင်းသဘင်တွင် ပထမကြီးအောင် ခုနစ်ပါး၊ ပထမလတ်အောင် ခြောက်ပါး၊ ပထမငယ်အောင် ၁၃ ပါး၊ အခြေပြုမူလတန်းအောင် အပါး ၂၀ နှင့် အဘိဓမ္မာစာမေးပွဲအောင် လူပုဂ္ဂိုလ် ၉၉ ဦးတို့အား ဆရာတော်များနှင့် အလှူရှင်များက အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်)

**မြို့နယ်(ပြန်/ဆက်)**

# မုက္ခာဆည်ရေတံခွန်နှင့် ဆင်စခန်းတွင် အပန်းဖြေသူများ စည်ကားလျက်ရှိ

**မင်းလှ မတ် ၂၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့ အရှေ့ဘက်ရှိ မုက္ခာဆည်ရေတံခွန်နှင့် ဆင်စခန်းတွင် ယခု နွေရာသီကျောင်းပိတ်ရက်များအတွင်း လာရောက်လည်ပတ် အပန်းဖြေကြသော ပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။



မင်းလှမုက္ခာဆည်ရေတံခွန်နှင့် ဆင်စခန်းကို ယခုနှစ် ဇန်နဝါရီ ၄ ရက်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ နွေကျောင်းပိတ်ရက်ဖြစ်သလို ရာသီဉတုမှာလည်း တဖြည်းဖြည်း ပူပြင်းလာခြင်းကြောင့် ရေတံခွန်သို့ လာရောက်အပန်းဖြေအနားယူသူများ တစ်နေ့ထက်တစ်နေ့ များပြားလာလျက်ရှိကြောင်း သိရသည်။

ဆင်စခန်းကို စတင်ဖွင့်လှစ်စဉ်က ဆင် ၁၁ ကောင်ရှိရာ ယနေ့အချိန်တွင် ၁၇ ကောင် ရှိလာပြီ ဖြစ်ကြောင်း၊ ဆင်မကြီးနှစ်ကောင်မှာ သားငယ်လေးများဖြင့် ဖြစ်နေ၍ လာရောက်လည်ပတ် အပန်းဖြေသော ပြည်သူများအား ဆင် ၁၃ ကောင်ကို ပြသကာ ထိုဆင်များကိုစီး၍ မုက္ခာဆည်အနီးပတ်ဝန်းကျင် တောတောင်ရေမြေ သဘာဝအလှတရားများကိုလည်း လိုက်လံကြည့်ရှုနိုင်ရန် ဆောင်ရွက်ပေးထားကြောင်း၊ ဆင်စီးခအဖြစ် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀ ကောက်ခံကြောင်း သိရသည်။

လာရောက် လည်ပတ်ကြသူများ အနေဖြင့် ဆင်စခန်းတွင် ဆင်စီး၍ လည်ပတ်နိုင်သလို ရေတံခွန်တွင်လည်း ရေကစားပြီး ဒေသထွက် စားစရာများဖြစ်သော ပုရစ်ကြော်၊ ချိုးကြော်၊ ငါးကြော်နှင့် ခရုဟင်းချိုတို့ကို အရသာရှိစွာ စားသောက်ရင်း အနားယူအပန်း ဖြေနိုင်ကြသောကြောင့် မင်းလှ မုက္ခာဆည်ရေတံခွန်ဆင်စခန်းသို့ အပန်းဖြေလည်ပတ်သူ ပြည်သူများ များပြားစွာ လာရောက်နေကြကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

# ထီးလင်း၌ ဓာတ်ပုံနှင့် စာအုပ်ပြပွဲ ကျင်းပ

**ထီးလင်း မတ် ၂၇**

ဂန့်ဂေါခရိုင် ထီးလင်းမြို့တွင် လူထုအခြေပြုဗဟိုဌာနအဖြစ် ဖွင့်လှစ်ထားရှိသည့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲကို မတ် ၂၅ ရက်နှင့် ၂၆ ရက်က ခင်းကျင်းပြသခဲ့ရာ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာခဲ့ကြသည်။

မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှု၊ သာယာလှပမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ မြန်မာ့ယဉ်ကျေးမှုပုံရိပ်များ၊ တောတောင်သဘာဝရှုခင်းအလှများ၊ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ပွဲတော်များ၏ ပုံရိပ်များကို ဓာတ်ပုံများမှတစ်ဆင့် သိရှိခံစားနိုင်ရန်နှင့် ဓာတ်ပုံပညာကို လေ့လာနိုင်ရန် ရည်ရွယ်၍ ဓာတ်ပုံပြပွဲကို ပြသခြင်းဖြစ်ကြောင်း မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးကျော်မြင့်က ပြောသည်။ ထို့ပြင် ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားရေး၊ စာပေဖတ်ရှုသည့် အလေ့အကျင့် စွဲမြဲလာရေးအတွက် ရည်ရွယ်ကာ သုတ၊ ရသ စာအုပ်ပေါင်း ၃၀၀ ကျော်ကိုလည်း ဓာတ်ပုံပြပွဲနှင့်အတူ ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။ **(၁၀၁)**



# မုဒုံမြို့နယ်မှ ကျေးလက်ရေပေးရေးလုပ်ငန်းကို ကွင်းဆင်းစစ်ဆေး

**မုဒုံ မတ် ၂၇**

မွန်ပြည်နယ် မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ကော့ပရံကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် အဆိုပါရေတွင်းမှ ကတုံးပေါ်ကျေးရွာနှင့် ဘလောက်ဝိုင်းကျေးရွာများသို့ ရေပိုက်သွယ်တန်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးကြည်၊ မော်လမြိုင်ခရိုင်ဦးစီးမှူး ဦးရဲဝင်းနှင့် မုဒုံမြို့နယ်ဦးစီးမှူး ဦးမိုးရန်နိုင်တို့အဖွဲ့က မတ် ၂၃ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ပြီး လိုအပ်ချက်များကို အကြံပြု ပြောကြားခဲ့သည်။ **ဗထူး**

# ရှမ်းပြည်နယ်အတွင်းရှိ တောင်သူလယ်သမားများအား စက်ကိရိယာများ ပေးအပ်

**တောင်ကြီး မတ် ၂၇**

စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်း(JICA, Two Step Loan)ချေးငွေဖြင့် ဝယ်ယူသည့် စက်ကိရိယာများကို ရှမ်းပြည်နယ်အတွင်းရှိ တောင်သူလယ်သမားများထံသို့ ပေးအပ်ပွဲကို မတ် ၂၄ ရက်က တောင်ကြီးမြို့နယ် အေးသာယာဂေါက်ကလပ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

စက်ကိရိယာများ ပေးအပ်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၏ ချေးငွေအထောက်အပံ့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းအရ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်မှ တောင်သူ ၃၀ အတွက် လယ်ယာလုပ်ငန်းသုံး စက်မျိုးစုံ အစီးရေ ၃၀ ဝယ်ယူရန် ချေးငွေကျပ် ၁၃၀၅၈ ဒသမ ၅ သန်း ထုတ်ချေးခွင့်ရရှိကြောင်း၊ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်၍ နိုင်ငံ၏လူဦးရေ ၆၀ ရာခိုင်နှုန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နေသူများဖြစ်ကာ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုလုပ်ငန်းများအား ပံ့ပိုးကူညီဆောင်ရွက်ရေးသည် တိုင်းပြည်အတွက် လွန်စွာ အရေးကြီးကြောင်း၊ ယခုထောက်ပံ့ပေးသည့် (JICA)ချေးငွေသည် လယ်ယာကဏ္ဍအတွက် လယ်ယာသုံးစက်ကိရိယာများဖြစ်သော လက်တွန်းထွန်စက်၊ လယ်ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်များ၊ ဝန်တင် ထော်လာဂျီများ ဝယ်ယူရန်နှင့် လယ်ယာကိုအခြေခံသော စီးပွားရေးလုပ်ငန်းများအတွက် ဆန်စက်၊ ဆီစက်၊ စားသောက်ကုန် ထုတ်လုပ်သည့်စက်၊ စက်ရုံ၊ သိုလှောင်ရုံများ တည်ဆောက်မွမ်းမံခြင်းတို့အတွက် ထုတ်ချေးပေးမည်ဖြစ်၍ Supply Chain ထုတ်လုပ်မှုအဆင့်တိုင်းနှင့် Value Added Product တိုးတက်ထုတ်လုပ်နိုင်အောင် ထောက်ပံ့ပေးသည့် ချေးငွေဖြစ်ကြောင်း၊ (JICA, Two Step Loan) ချေးငွေကို တောင်သူများအတွက်ရော၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် နိုင်ငံအတွက်ပါ အကျိုးရှိသော ချေးငွေဖြစ်ရန်အတွက် ဆောင်ရွက်ကြစေလိုကြောင်း အမှာစကားပြောကြားသည်။



ဆက်လက်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက (JICA, Two Step Loan) နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ချေးငွေဖြင့် စက်ကိရိယာများဝယ်ယူမည့် မြို့နယ်များဖြစ်သော တောင်ကြီး၊ ညောင်ရွှေ၊ ကလော၊ ပင်းတယ၊ ကျောက်မဲ၊ သီပေါ၊ နောင်ချိုမြို့နယ်တို့မှ တောင်သူများလက်ဝယ်သို့ လယ်ယာသုံး စက်ကိရိယာများကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ပေးအပ်ခဲ့ကြသည်။

အဆိုပါ စက်ကိရိယာများ ပေးအပ်ပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့ အနောက်မြို့ပတ်လမ်းရှိ ရေနုတ်မြောင်းဖုံး ပြုပြင်နေမှုနှင့် လမ်းဧရိယာနှင့် မလွတ်သည့် ဓာတ်တိုင်များကိုလည်းကောင်း၊ မြို့မဈေးတောင်ဘက်ရှိ ပျံကျဈေးသည်များ ခင်းကျင်းရောင်းချသည့် နေရာကိုလည်းကောင်း၊ ကျောင်းကြီးစုရပ်ကွက် ဝါးပြားလမ်းဆုံတွင် မီးပွိုင့်ပြင်ဆင်နေမှုကိုလည်းကောင်း၊ အမှတ်(၂) ဂနိုင်ရေကန်သို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တောင်ကြီးမြို့နယ် စည်ပင်သာယာရေး အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသခဲ့ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# မိုးမိတ်မြို့နယ်မှ ရွာ ၁၄ ရွာ၌ ဧပြီလမှစ၍ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်မီးရတော့မည်

**မိုးမိတ် မတ် ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့ မြို့ပေါ်ရပ်ကွက်လေးခုနှင့် အနီးပတ်ဝန်းကျင် ကျေးရွာ ၁၄ ရွာတို့တွင် မတ် ၂၅ ရက်မှစ၍ နိုင်ငံတော်လျှပ်စစ်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား စတင် စမ်းသပ်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးနောက် အဆိုပါ ရပ်ကွက်နှင့် ကျေးရွာများအနေဖြင့် ဧပြီလအတွင်းမှစတင်၍ ၂၄ နာရီ လျှပ်စစ်မီးရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

မိုးမိတ်မြို့ မြို့ပေါ်ရပ်ကွက်လေးခုတွင် အိမ်ထောင်စု ၂၁၅၇ စုနှင့် အနီးပတ်ဝန်းကျင် ကျေးရွာ ၁၄ ရွာတွင် အိမ်ထောင်စုပေါင်း ၂၆၀၉ စုရှိပြီး ယခင်က မိုးမိတ်မြို့နယ်တွင် ၃၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်ဖြင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း အရှည်ရှစ်မိုင် တည်ဆောက်ကာ ဓာတ်အားပေးနေခဲ့ရာ မြို့ပေါ်ရပ်ကွက် လေးခုရှိ အိမ်ထောင်စု ၆၀၉ စုကိုသာ ဓာတ်အားပေးနိုင်ခဲ့ကြောင်း သိရသည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် လျှပ်စစ်ဓာတ်အား မရရှိသေးသည့် မြို့များနှင့် ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အတိုးမဲ့(သို့မဟုတ်) အတိုးနှုန်းသက်သာသော နှစ်ရှည်ချေးငွေများ ရယူ၍လည်းကောင်း၊ ပြည်ထောင်စုအစိုးရဘတ်ဂျက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဘတ်ဂျက်များဖြင့်လည်းကောင်း ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ နှစ်အလိုက် စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိရာ ၂၀၁၅-၂၀၁၆၊ ၂၀၁၆-၂၀၁၇၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်များတွင် ရရှိသောရန်ပုံငွေများဖြင့် မိုးမိတ်မြို့နှင့် အနီးပတ်ဝန်းကျင် ဒေသများသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပို့လွှတ်နိုင်ရေးအတွက် ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်အပြင် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေနှင့် ၆၆/၃၃ ကေဗွီ ၂၀ အမ်ဗွီအေ မိုးမိတ်ဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းနှင့် ၆၆ ကေဗွီ မိုးကုတ်-မိုးမိတ် ဓာတ်အားလိုင်း ၂၄ ဒသမ ၆၅ မိုင် တည်ဆောက်ရေးလုပ်ငန်းတို့ကိုလည်း ငွေကျပ် ၃၇၉၁ ဒသမ ၀၄၈ သန်း အကုန်ကျခံ ဆောင်ရွက်ခဲ့ရာ ၂၀၁၆ ဖေဖော်ဝါရီလအတွင်းက ပြီးစီးခဲ့သည်။

မိုးမိတ်မြို့တွင် နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် မီးပေးနိုင်ရေးအတွက် မြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာ ၁၄ ရွာတွင်လည်း ၁၁ ကေဗွီဓာတ်အားလိုင်း ၂၆ ဒသမ ၂၈ မိုင်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၂၇ ဒသမ ၇ မိုင် သွယ်တန်းခြင်းနှင့် ၁၁/၀.၄ ကေဗွီခွဲရုံ ၂၈ ရုံ တပ်ဆင်အင်အား ၃၃၇၀ ကေဗွီအေ တို့ကိုလည်း ပြည်နယ်အစိုးရရန်ပုံ ငွေကျပ် ၂၁၁၁ ဒသမ ၃၂ သန်း အကုန်ကျခံ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **ဟန်ဌေး(လားရှိုး)**



**ဓာတ်အားပေးရေးအတွက် ဆောင်ရွက်ပြီးစီးနေသော ဓာတ်အားခွဲရုံတစ်ခု**

# ပေါင်းစည်းလယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်း

**ပုသိမ် မတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ဇင်ပြွန်းကုန်းကျေးရွာအုပ်စု သရက်ကုန်းကျေးရွာ၌ ပေါင်းစည်းလယ်ယာစနစ်ဖြင့် နွေစပါးနှင့် ဖူးစားပြောင်း အထွက်တိုးကောင်းသဖြင့် စိုက်ပျိုးသူ တောင်သူလယ်သမားဝင်ငွေကောင်းလျက်ရှိကြောင်း သိရသည်။ အဆိုပါ လုပ်ငန်းနှင့်ပတ်သက်၍ ဒေသခံ တောင်သူလယ်သမားတစ်ဦးဖြစ်သူ ဦးအောင်ကြည်မိသားစု စိုက်ခင်းသို့ မတ် ၂၅ ရက်က ဝင်ရောက်လေ့လာခဲ့ရာ ရိတ်လက်စ နွေစပါး လေးဧက၌ မနောသုခစပါး ၁၃၂ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

အဆိုပါ ပေါင်းစည်းလယ်ယာစနစ်စိုက်ပျိုးလုပ်ကိုင်သော သရက်ကုန်းနှင့် ငှက်ချေးချောင်းကျေးရွာများသည် ပုသိမ်-ရွှေမြင်တင်ကားလမ်းမကြီး၏ ယာဘက်တွင် တည်ရှိသည်။ "၂၀၀၃-၀၄ ခုနှစ်က ဝန်မြစ်ကူးတံတားတည်ဆောက်မှုနဲ့ ကားလမ်းဝဲ ဘက်ခြမ်းမှာ ငါး၊ ပုစွန်မွေးမြူရေးကန်ကြီးတွေလုပ်လာကြတယ်၊ သလပ်ခွာကျေးရွာက ရေကာတာပိတ်လိုက်တာနဲ့ ဝန်မြစ်ရေကြောင်း ပြောင်းသွားလို့ ကားလမ်းမကြီး ယာဘက်ခြမ်း လယ်မြေတွေ မိုးတွင်းဘက်မှာ ရေကြီးနစ်မြုပ်ပြီး စိုက်ပျိုးမရဖြစ်ကုန်တယ်၊ ဒါကြောင့် သရက်ကုန်းကျေးရွာလယ်သမားတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနက ပညာရှင်တွေနဲ့ပူးပေါင်းညှိနှိုင်းပြီး ပေါင်းစည်းလယ်ယာမြေကြိုးပမ်းခဲ့ပါတယ်၊ ကိုယ်ပိုင်လယ်ယာမြေ ငါးဧကမှာ နိုဝင်ဘာ၊ ဒီဇင်ဘာ ရေကျချိန်နုန်းနုမြေတွေကို ထွန်ယက်ပြီး ဇီဝဓာတ်မြေသြဇာနဲ့ သဘာဝစွန့်ပစ်မြေသြဇာတွေရောမွှေကာ သုံးရက်လောက်ရေသွင်းထားပြီးမှ လေးဧကစိုက်ခင်းမှာ မနောသုခမျိုးစပါးကို စိုက်ပျိုးပါတယ်၊ ကျန်တစ်ဧကကို မြေပေါင်တွေခတ်ပြီး ဖန်စီယိုးဒယားပြောင်းဖူးမျိုး တစ်ထုပ် ၁၇၀၀၀ ဈေးနဲ့ ငါးထုပ် (အပင်ပေါင်း ၁၃၂၅၀)ကျော် စိုက်ပျိုးပါတယ်၊ ရေကို စက်ရေတွင်းနဲ့သုံးရက်တစ်ကြိမ် ရေသွင်းပေးပါတယ်။

"ရက်ပေါင်း ၉၀ ကျော်တာနဲ့ ဖူးတံစုံညီဖူးပြောင်းခင်းက လုံးပိန်၊ လုံးညှပ်မရှိ ဖွံ့ဖြိုးအောင်မြင် မှုရှိနေပါတယ်၊ နှင်းစွတ်ရေစိုစိုနဲ့ ကောက်နှံသင်းနေတဲ့ မနောသုခစပါးခင်းက ရိတ်သိမ်းချွေလှေ့စက်နဲ့ စံကွက်ခြင်တွယ်လိုက်တော့ တစ်ဧက ၁၃၂ တင်း ထွက်ရှိပါတယ်၊ စပါးပေါက်ဈေးက ခြောက်သိန်းကျော်၊ ဖူးစားပြောင်းကလည်း ကြမ်းခင်းဈေး သိန်း ၂၀ ကျော်ရရှိတဲ့ မိသားစု စားဝတ်နေရေးအတွက် အဆင်ပြေပါတယ်"ဟု လယ်သမားကြီး ဦးအောင်ကြည်က ပြောသည်။

ထို့ကြောင့် နွေရာသီပေါင်းစည်းလယ်ယာစနစ်မှာ သီးနှံအထွက်တိုးအောင်မြင်သကဲ့သို့ ငွေပင် ငွေရင်းမလို စိုက်ပျိုးဘဏ်မှ တစ်ဧက ငွေကျပ် ၁၅၀၀၀ ချေးငွေမတည်ပေးမှုကြောင့် ဒေသခံများစိတ်ပါဝင်စားစွာ စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

# ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့် ချင်းပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

**ဟားခါး မတ် ၂၇**

ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်နှင့်အဖွဲ့ မတ် ၂၆ ရက်က ဟားခါးမြို့ပြည်ထောင်စုရိပ်သာ ညှိခန်းမ၌ ချင်းပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံရာတွင် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်၊ ပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဟန်ဝင်းအောင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဝိကော၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုး၊ လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်၊ ပြည်နယ်ဥပဒေချုပ် ဦးဆန်နီထန်ကျုံးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အသေးစားငွေရေးကြေးရေးဆိုင်ရာ ဥပဒေကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ယင်းနောက် ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်သည် ဟားခါးမြို့ပြည်နယ် ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဥပဒေချုပ် ဦးဆန်နီထန်ကျုံး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဥပဒေအရာရှိများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ရုံးလုပ်ငန်းများ မှန်ကန်တိကျမြန်ဆန်ရေးနှင့် ဝန်ထမ်းများ စွမ်းဆောင်ရည် တိုးတက်မြင့်မားရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်သည် ဟားခါးမြို့ရှိ ခရိုင်နှင့် မြို့နယ်ဥပဒေရုံး အဆောက်အအုံနှင့် ရုံးခန်းများအား ကြည့်ရှုစစ်ဆေးရာ ဟားခါးခရိုင်ဥပဒေအရာရှိ ဦးကျော်ညွန့်လွင်နှင့် တာဝန်ရှိသူများက လိုက်လံပြသရှင်းလင်းကြပြီး ဒုတိယရှေ့နေချုပ်က ရုံးဥပဓိရုပ် သန့်ရှင်းသပ်ရပ်သာယာလှပရေး၊ မီးဘေးလုံခြုံရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ် (မြန်/ဆက်)**

## အမည်ပြောင်း

ဦးယုလွင် - ဒေါ်စန်းပိုတို့၏သား၊ မြိတ်မြို့၊ စန္ဒဝတ်ရွာ၊ အခြေခံပညာမူလတန်းလွန်ကျောင်း၊ စတုတ္ထတန်းမှ မောင် ဇူလိုင်မင်းခန့်အား ယနေ့မှစ၍ မောင်ခန့်ညားကိုကိုဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ခန့်ညားကိုကို**

## ဖခင်အမည်မှန်

သရက်ချောင်းမြို့နယ်၊ ဂုံညင်းဆိပ်ရွာ၊ အလကကျောင်း ဆဋ္ဌမတန်းမှ မနီနီစိုးနှင့် အထက၊ သရက်ချောင်း၊ နဝမတန်းမှ မောင်အောင်ပြည့်စိုးတို့၏ ဖခင်အမည်မှန်မှာ ဦးဇော်သန်းဖြစ်ပါကြောင်း။

**ဦးဇော်သန်း**

## သွေးသည် အသက်

## Invitation to Bid

The Danish Refugee Council (DRC)has received grants from various donors for the implementation of humanitarian aid in Myanmar.

DRC is seeking new vendors and requests you to submit bids for the supply of: **3 Nos of 4WD Vehicle**

Tender No:ITB-MM-YGN-2018-01

ITB Issuing Date: 28-3-2018

ITB Closure Date:10-4-2018- 5:00 PM

For more information on how to obtain the full tender package,please contact

Aye Thidar Kyaw

ayethidar.Kyaw @ drcmm.org

09-971096224

DRC office No. 01-501598,09-73194161

## (၂၁-၃-၂၀၁၈)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ (ကြော်ငြာ)စာ၂၇တွင် ပါရှိသော တရားလွှတ်တော်ရှေ့နေ ဝီလျှံ(ခ)ဦးကျော်စိုး(စဉ်-၁၂၃၄/၇၁)၊ ဦးအေးကြည်(စဉ်-၄၈၆၃/၈၉) ဦးဝင်းမြင့်(စဉ်-၄၉၁၆/၈၉)တို့က ဒေါ်သန်းသန်းဆွေ၊ ဦးကျင်သိန်း၊ ဦးမြသန်းနှင့်ဦးတင်နိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာချက်အပေါ် ဦးအောင်သန်း၊ ဦးဉာဏ်ထွန်းတို့က ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးအောင်သန်း(၁၂/လမတ(နိုင်)၀၂၀၅၁၉) နှင့် ဦးဉာဏ်ထွန်း (၁၂/လမတ(နိုင်)၀၀၈၂၁၂)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ရှင်းလင်းကြေညာသည်မှာ-

ကွယ်လွန်သူ ဦးခိုင်ထွန်းနှင့် ဒေါ်ရူဘီတို့တွင် ကျွန်ုပ်မိတ်ဆွေ(၂)ဦးအပါအဝင် ဦးစိန်မြင့် (ယခုစင်ကာပူနိုင်ငံတွင် နေထိုင်သူ) နှင့် အထက်အကြောင်းအရာပါ ကြေညာချက်ထည့်သွင်းသော ဒေါ်သန်းသန်းဆွေ၊ ဦးကျင်သိန်း၊ ဦးမြသန်း၊ ဦးတင်နိုင်တို့ သားသမီး(၇)ဦးမွေးဖွား ကျန်ရစ်သည်မှာ မှန်ပါသည်။ ဦးအောင်သန်း၊ ဦးဉာဏ်ထွန်း၊ ဦးစိန်မြင့်တို့မှာ သားကြီးများ ဖြစ်ကြပါသည်။

ဖခင်ဖြစ်သူ ဦးခိုင်ထွန်း(၁၉၉၁)ခုနှစ် ကွယ်လွန်ပြီးချိန်တွင် သားငယ်၊ သမီးငယ်များဖြစ်ကြသော ဒေါ်သန်းသန်းဆွေပါ (၄)ဦးတို့၏ တောင်းဆိုဆန္ဒပြုချက်အရ မိခင်ကြီးကိုယ်တိုင်၏ နှုတ်ဖြင့်စီမံမှုအား လိုက်နာခဲ့ပြီး သားသမီးအားလုံးသည် မိမိတို့ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း အမျိုးအစား အသီးသီးကို တသီးတခြားစီခွဲခြားပိုင်ဆိုင် လုပ်ကိုင်ခဲ့ကြခြင်းဖြစ်ပါသည်။ HTUN PADETHA INDUSTRIES AND TRADING CO., LTD. (ထွန်းပဒေသာ စက်မှုနှင့်ကုန်သွယ်ရေးကုမ္ပဏီလီမိတက်)အား ဦးအောင်သန်း၊ ဦးဉာဏ်ထွန်းနှင့် ဦးစိန်မြင့်တို့က ဦးဆောင်တည်ထောင်ဖွဲ့စည်းလုပ်ကိုင်ခဲ့ရာမှ မိခင်ဒေါ်ရူဘီ၏ ဆန္ဒအရ ကျန်မောင်နှမများအား အမည်ခံအစုရှယ်ယာဝင်များအဖြစ် ထည့်သွင်းပါဝင်စေခဲ့ခြင်းဖြစ်ရာ ယင်းကုမ္ပဏီလီမိတက်နှင့်သက်ဆိုင်သော စီးပွားဝင်ငွေ ပိုင်ဆိုင်မှုအရပ်ရပ်အပေါ် တည်ဆဲကုမ္ပဏီ အက်ဥပဒေအရသာလျှင် အကျိုးခံစားခွင့်ရှိမည် ဖြစ်ပါသည်။ မိဘနှစ်ပါး ပိုင်ဆိုင်ကျန်ရစ်သော အမွေပုံပစ္စည်းဟု မသတ်မှတ်နိုင်ပါ။ ယင်းကိုကုမ္ပဏီလုပ်ငန်းမှအပ အခြားကုမ္ပဏီ စီးပွားရေးလုပ်ငန်းရပ်များမှာ ကျွန်ုပ်တို့၏ မိတ်ဆွေများက KBZ ဘဏ်အပါအဝင် အခြားဘဏ်ချေးငွေများ၊ ပုဂ္ဂလိက မိတ်ဆွေတစ်ချို့ထံမှ ခေတ္တချေးယူငွေများနှင့် မိမိတို့၏ ကိုယ်ပိုင်စီးပွားရေးရ လမ်းဝင်ငွေများဖြင့် မိမိတို့အမည်ပေါက် ဖွဲ့စည်းတည်ထောင်လုပ်ကိုင်နေသော လုပ်ငန်းများသာ ဖြစ်ပါသည်။

မိခင်ကြီး ဒေါ်ရူဘီ (၂၀၁၆ ခုနှစ်၊ ဩဂုတ်လ) ကွယ်လွန်ချိန်၌ မိခင်ကြီး၏ နှုတ်ဖြင့် မှာကြားစီမံမှုအပေါ် လေးစားလိုက်နာလျက် အစ်ကိုကြီး ဦးဉာဏ်ထွန်းနှင့် ဦးစိန်မြင့်တို့က ဒေါ်သန်းသန်းဆွေပါ (၄)ဦးတို့အား တစ်ဦးလျှင် ရွှေ(၂)ပိဿာကျော်စီ လက်ရောက်ခွဲဝေပေးအပ်ခဲ့ပြီးဖြစ်သည့်ပြင် လမ်းမတော် သံဈေးဆိုင်ခန်း (၇)ခန်းအား သားသမီး(၇)ဦး အမည်ဖြင့် သီးခြားအမည်ပေါက်ခွဲဝေပေးခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့်လက်ရှိ မိခင်ကြီးအမည်ပေါက် မြေနှင့်မြေကွက်ပေါ်ရှိ အမှတ်(၁၆၇)၊ လမ်းမတော်လမ်း၊ (၇)ရပ်ကွက်၊ လမ်းမတော်မြို့နယ်ဟု ခေါ်တွင်သော (လေးထပ်)တိုက်တစ်လုံးအား ဦးအောင်သန်း၊ ဦးဉာဏ်ထွန်းနှင့် ဦးစိန်မြင့်တို့ (၃)ဦးက အထပ်တစ်ထပ်စီကို မိမိတို့သီးခြားပိုင်ဆိုင်မှုအဖြစ် အိမ်ထောင်စုစာရင်း (ပုံစံ-၆၆)ဖြင့် ခွဲဝေရယူပိုင်ဆိုင်နေထိုင်လာခဲ့ကြခြင်း ဖြစ်ပါသည်။

ဒေါ်သန်းသန်းဆွေ ပါ(၄)ဦးတို့၏ ဖော်ပြပါ သတင်းစာကြော်ငြာတွင် ထည့်သွင်းဖော်ပြထားသော ရွှေ့ပြောင်းနိုင်၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းအရပ်ရပ်သည် အမည်ပေါက်သူ အသီးသီးက ၎င်းတို့၏ သီးခြားပိုင်ဆိုင်မှုများအဖြစ် လက်ရှိထား အကျိုးခံစားနေကြသော ပစ္စည်းများဖြစ်သည့်ပြင် မော်တော်ယာဉ်စီးရေ(၂၀) သည်လည်း သက်ဆိုင်ရာအမည်ပေါက်သူများနှင့် ကုမ္ပဏီစီးပွားရေးလုပ်ငန်းပိုင်ပစ္စည်းများသာဖြစ်ရာ (၂၃-၃-၂၀၁၈) ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၄)ပါ ဒေါ်သန်းသန်းဆွေ ပါ(၄)ဦးတို့၏ အများသိစေရန် ကြေညာချက်ပါ အကြောင်းအရာ အချက်အလက်များ မှန်ကန်ခြင်းမရှိပါ။ ကျွန်ုပ်တို့မိတ်ဆွေများ အနေဖြင့် အမွေခွဲဝေပေးရန်ကိစ္စနှင့် စပ်လျဉ်းပြီး မည်သည့်ကတိပြုချက်တစ်စုံတစ်ရာမျှမပြုလုပ်၊ မပြောဆိုခဲ့ဘူးပါကြောင်း၊ အကယ်၍ အမွေခွဲဝေရ ထိုက်ခွင့်ရှိသည်ဟု အရေးဆိုလာပါကလည်း မိမိတို့၏ ကိုယ်ပိုင်အကျိုးစီးပွားပိုင်ဆိုင်မှုများအပေါ် ဥပဒေနှင့်အညီ ခုခံကာကွယ် ဖြေရှင်းရင်ဆိုင်သွားမည်ဖြစ်ကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးထွန်းရှင်း | ဦးသန်းစိုး(ထွန်း) | ဒေါ်မူယာ |
|---|---|---|
| B.A, R.L, DMA | B.A (Eco),H.G.P,R.L.,D.B.L | LL.B,Dip: in Business Law |
| တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်(စဉ်-၅၂၇၉) | တရားလွှတ်တော်ရှေ့နေ(စဉ်-၅၄၉၃) | တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၆၀) |

| ဦးဇော်ဇော်နိုင်အောင် | ဦးမိုးခိုင် |
|---|---|
| LL.B | LL.B |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၆၁) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၆၂) |

အမှတ်(၁၇၅/ဘီ)၊ ပထမထပ်၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## Invitation to Bid-Works/Construction

The Danish Refugee Council(DRC)has received funding from **UNHCR** for the implementation of humanitarian aid in Rakhine State.

DRC is seeking new vendors and requests you to submit price bids for:

ITB-MM-STW- 2018-05:Full Rehabilitation Work of 37 Longhouses in Ohn Taw Chay IDP Camp, Sittwe Township, Rakhine State

ITB Issuing **Date: 28 March 2018**

ITB Closing **Date: 26 April 2018-16:00**

For more Information on how to obtain the Full tender package,please contact:

Zaw Khin Linn-Ph:09250124255, zawkhin.linn@ drcmm.org

Maung Oo Kyaw-Ph:09421751233

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၈ခုနှစ်(ဧပြီလမှစက်တင်ဘာလအထိ)ခွင့်ပြုရန်ပုံငွေမှ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်းတို့အတွက် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရုံးအသုံးအဆောင်ပစ္စည်းများ (၃၀)မျိုး

၂။ တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၉)၊ နေပြည်တော် ဖြစ်ပါသည်။

၃။ တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်နှင့်အချိန် ၂၅-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၄။ တင်ဒါခေါ်ယူသည့်အကြောင်းအရာနှင့် စံချိန်စံညွှန်းအရည်အသွေးသတ်မှတ်ချက်များ၊ တင်ဒါတင်သွင်းသူ၏ အရည်အချင်းဆိုင်ရာလိုအပ်ချက်များ၊ တင်ဒါစာရွက် စာတမ်းများအတွက် ကျသင့်သည့်ဈေးနှုန်း၊ တင်ဒါတင်သွင်းရမည့်နည်းလမ်းများကို အထက်အပိုဒ်(၂)ပါ လိပ်စာတွင် ၂၈-၃-၂၀၁၈ရက်မှစ၍ ရုံးချိန်အတွင်းရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ **တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**ဖုန်း-၀၆၇-၄၀၅၃၆၂၊ ၀၆၇-၄၀၅၀၉၈**

'သင်တန်းဟူသည် ထိပ်တန်းတစ်နေရာသို့ တက်ရာတွင် မရှိမဖြစ်လှေကားတစ်ခုဖြစ်သည်။'
ALL Trainings Are Essenential For Your Success
Vehicle Driving & Maintenance Training
၂၀၁၈ ခု၊ အပါတ်စဉ်(၆၁)၊ ဧပြီလ (၃)ရက်နေ့ဖွင့်မြို
ရောင်နီဦး
AURORA
ယာဉ်မောင်း စက်ပြင်သင်တန်းကျောင်း
အမှတ် ၁၄၊ ဇင်မလမ်း၊ (၅)ရပ်ကွက်၊ (ရုပ်ရှင်ရုံနောက်ကျော)၊
သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
Ph-09-73235126, 09-43163080, 09-43170116
သင်တန်းခွဲ -အမှတ် ၅၂၉၊ အနော်ရထာလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။
Ph-09-43187831, 09-420317778

## အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ဘာဘာကုန်းကျေးရွာ၊ အမှတ် ၁၉၄နေ ဦးတရိခန်၏သား ဦးအီဆပ်(KMW-၁၃၉၀၀၆)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ ၁၁လမ်း၊ အမှတ် ၁၁၁၇၊ မြေကွက်အမှတ် ၁၁၇၊ မြေအကျယ်အဝန်း ပေ(၄၀×၆၀)ရှိ မြေကွက်အား မူလက မြိုင်သာယာဝန်ထမ်း အိမ်ရာ ဖော်ထုတ်ချထားရေး ဗဟိုကြီးကြပ်မှုကော်မတီ၊ မော်လမြိုင်မြို့မှ တပ်သားဝင်းမောင် (၃၄၂၃၅၇) ၁၀/မဒန(နိုင်)၀၀၇၈၃၄အား မြေကွက်ချထားပေးခဲ့ပါသည်။ တပ်သား ဝင်းမောင်မှတစ်ဆင့် ဒေါ်သန်းစိန် ၁၀/ပမန(နိုင်)၁၃၃၅၀၀က ဝယ်ယူပြီးနောက် ဒေါ်သန်းစိန်မှလည်း ကျွန်ုပ်အမှုသည် ဦးအီဆပ် (KMW-၁၃၉၀၀၆)ထံသို့ (၂၂-၁-၂၀၁၁)ရက်တွင် အိမ်ခြံ မြေနှစ်ဦးသဘောတူ အောက်ခြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ရောင်းချခဲ့ဖြင့် ကျွန်ုပ်အမှုသည် အထက်ပါမြေကွက်အမှတ် (၁၁၁၇)အိမ်နှင့်မြေအား ယနေ့တိုင် ပိုင်ဆိုင်စီမံခန့်ခွဲလျက်ရှိပါသည်။ ယင်းအထက်ပါမြေကွက်အား မော်လမြိုင်ခရိုင် အထွေထွေအုပ် ချုပ်ရေးဦးစီးဌာနတွင် အနှစ်(၃၀)အငှားဂရန်လျှောက်ထားလိုပါသဖြင့် ကျွန်ုပ်အမှုသည် ဦးအီဆပ်၏ လျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ကြေညာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်လျှောက်ထားသူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဘုန်းဇေယျစိုး(LL.B)**
**(စဉ်-၉၀၅၉/၂၀၁၃)**
**တရားလွှတ်တော်ရှေ့နေ(၀၉-၄၃၀၇၁၃၇၃)**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၂၁၈၉၈)၊ ဧရိယာ (၀.၁၁၁၀)ဧက၊ ဒေါ်မြင့်မြင့်သန်း ၁၂/ဗတထ(နိုင်) ၀၀၉၀၆၀ (ဘ)ဦးမြင့်စိုးအမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ် မြေကွက်ကို နေပြည်တော်စာချုပ်စာတမ်းမှတ်တမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်၊ ၄၇၄/၂၀၁၇ (၂၇-၄-၂၀၁၇)ဖြင့် အမည်ပေါက်ဒေါ်မြင့်မြင့်သန်း၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဦးဘထွန်း ၁/ပတအ(နိုင်)၀၂၀၆၆၃ (ဘ)ဦးဆန်းမှ ဒေါ်တင့်တင့်ဌေး ၁/မကန(နိုင်)၀၁၇၃၃၀နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၉၃၁၉၀ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဦး ၁၀/သထန(နိုင်)၀၄၅၃၂၃က (ကမ-၃)ပျောက်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

# ဖိတ်ကြားလွှာ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ မိုင်းပွန်မြို့တွင်
လွန်ခဲ့သော နှစ်ပေါင်း(၁၁၅)နှစ်က မိုင်းပွန်စော်ဘွားကြီး စပ်ခွန်ထီးနှင့်
မိုင်းပွန်တိုက်နယ်သူ တိုက်နယ်သားများ လှူဒါန်းပူဇော်ထားသော
သကျမုနိန္ဒမဟာမြတ်မုနိဘုရားကြီးကို ဘက်စုံပြုပြင်မွမ်းမံခဲ့ရာ
အောင်မြင်စွာ ဆောင်ရွက်ပြီးစီးပြီဖြစ်ပါ၍ ဗုဒ္ဓါဘိသေကအနေကဇာတင်လှူ ပူဇော်ပွဲနှင့်
ပြသဒ်ကျောင်းဆောင်တော်မြတ် ရွှေထီးတော်အထွဋ် တင်လှူပူဇော်ပွဲမင်္ဂလာအခမ်းအနားကို
နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီး အမှူးပြုသော
နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋက ဆရာတော်ကြီးများနှင့်
ပင့်သံဃာတော် အရှင်သူမြတ်တို့အား
လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး အတူတကွ ရေစက်သွန်းချ အမျှပေးဝေလိုပါသဖြင့်
အနယ်နယ်အရပ်ရပ်တွင် ရောက်ရှိနေသော မိုင်းပွန်နွယ်ဖွား ဇာတိသားများနှင့်
ဓမ္မမိတ်ဆွေအပေါင်း သူတော်ကောင်းတို့အား
ရိုသေလေးမြတ်စွာ မေတ္တာရှေ့ထား ဖိတ်ကြားအပ်ပါသည်။

**တရားပွဲအကြို ဓမ္မပူဇာသဘင်**

| | | |
|---|---|---|
| ၁-၄-၂၀၁၈ | ဦးဝါသေဋ္ဌာဘိဝံသ | အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော် |
| ၂-၄-၂၀၁၈ | အရှင်ဝီရိယ | သာသနဓဇဓမ္မာစရိယ၊ တိပိဋက- ဒိကဘာဏက၊ နိကာယပ္ပဒေါတက-အဂ္ဂဓမ္မာစရိယ ဓမ္မဘေရီဆရာတော် (တောင်စွန်း) |
| ၃-၄-၂၀၁၈ | ဗန်းမော်ဆရာတော် | အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇမဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော် သံဃမဟာနာယက ဥက္ကဋ္ဌ |

**အလှူမင်္ဂလာနေ့ရက်**။ ။၁၃၇၉ ခုနှစ် တန်ခူးလပြည့်ကျော် ၄ ရက်
၂၀၁၈ ခုနှစ် ဧပြီ ၄ ရက် (ဗုဒ္ဓဟူးနေ့)

**အလှူမင်္ဂလာအချိန်** ။ ။နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီထိ

**အလှူမင်္ဂလာနေရာ** ။ ။သကျမုနိန္ဒ မဟာမြတ်မုနိဘုရားကြီး၊ မိုင်းပွန်မြို့၊ လွိုင်လင်ခရိုင်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)

**သုဓမ္မသိင်္ဂီဒေါ်စိန်**
**သား-ဦးမောင်မောင်-(ဒေါ်အေးမြင့်ချို) မိသားစု၊ တောင်ကြီး**
**ဦးတင်ရွှေ-ဒေါ်နန်းသက်စုလှိုင်ထွန်း မိသားစု၊ ရန်ကုန်**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးပေါ်ထွန်း

မြို့နယ်ပညာရေးမှူး(ငြိမ်း)

အသက်(၈၅)နှစ်

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးဇော်ဝင်းထွန်း-ဒေါ်သဲနုစံတို့၏ဖခင် ဦးပေါ်ထွန်းသည် ၂၆-၃-၂၀၁၈ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း**

---

### ဦးကျော်ထင်

တပ်ကြပ်ကြီးစာရေး(ငြိမ်း)

အသက်(၇၈)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ နဂါးဗိုလ်ကျေးရွာနေ (ဦးဝိန်-ဒေါ်သိန်းမိ)တို့၏သား၊ ဒေါ်ငွေစိန်(ခ)ဒေါ်ထန်းကောက်၊ ဦးအောင်သိန်း၊ ဒေါ်မြင့်မြင့်ဝေ၊ ဦးအာဒိစ္စဝံသ၊ ရဲမှူးဦးညိုလှ-ဒေါ်ဝင်းဝင်းရီတို့၏အစ်ကို၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၉)ရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်း၊ တိုက် ၂၇၊ အခန်း ၁နေ (ဒေါ်ခင်စိုး)၏ခင်ပွန်း၊ ဦးစိုးဝင်းထွဋ်(Uniteam Marine)-ဒေါ်သန်းသန်းစိုး(လ/ထ ကထိက၊ အင်္ဂလိပ်စာဌာန၊ ရေကြောင်းတက္ကသိုလ်)၊ ဗိုလ်မှူးအောင်ကျော်မိုး(ငြိမ်း) (Myanmar Wise Pacific Apparel Yangon Co.Ltd.)-ဗိုလ်ကြီးစုယဉ်ကျေး(ငြိမ်း)၊ ဒေါ်သန်းသန်းဝေ(သရုပ်ပြ၊ ဓာတုဗေဒဌာန၊ ရေကြောင်းတက္ကသိုလ်)တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၂၇-၃-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၈း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

### ဦးဇော်ဇော်ဦး

**Managing Director,Placid & Quiet Company Limited.**

ဘဏ္ဍာရေးအရာရှိချုပ်၊ ဂရိတ်ဟော်ခမ်း အများပိုင်ကုမ္ပဏီလီမိတက်

**National Consultant, Asia Development Bank**

အသက်(၄၅)နှစ်

(ဦးလှစိန်-ဒေါ်ခင်ခင်ဦးသန်း)တို့၏သား၊ (ဒေါ်ခင်သီတာဦး)၏မောင်၊ (ဦးအုန်းလှိုင်-ဒေါ်ခင်ရီ)တို့၏သားသမက်၊ ဦးအောင်မင်း-ဒေါ်ခင်သင်းလှိုင်၊ ဒေါ်ခင်ခင်လှိုင်၊ (ဗိုလ်မှူးရီလှိုင်)-ဒေါ်ခင်ကြူကြူ၊ (ဦးသက်နောင်)၊ ဦးထွန်းမြတ်လင်း-ဒေါ်မိမိရီ၊ (ဦးသက်မောင်)-ဒေါ်သန္တာ၊ ဦးမြဝင်း-ဒေါ်ခင်ယုလှိုင်တို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ ၁၇လမ်းနှင့် ၁၈လမ်းကြား၊အမှတ်၇၂၁/၇၂၅နေ ဒေါ်ခင်ထွေးလှိုင်(လက်ထောက်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ-၆)၏ ချစ်လှစွာသောခင်ပွန်း၊ မသွန်းဇာနည်၊ မရှင်ငြိမ်းမယ်၊ မရှင်စွမ်းထက်တို့၏ဖခင်သည် ၂၆-၃-၂၀၁၈ရက် (တနင်္လာနေ့) ည ၁၀း၅၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) ညနေ၄း၃၀နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဂရိတ်ဟော်ခမ်း အများပိုင်ကုမ္ပဏီလီမိတက်၏ ဘဏ္ဍာရေးအရာရှိချုပ် ဦးဇော်ဇော်ဦး အသက်(၄၅)နှစ်သည် ၂၆-၃-၂၀၁၈ ရက် (တနင်္လာနေ့) ည ၁၀း၅၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဂရိတ်ဟော်ခမ်း အများပိုင်ကုမ္ပဏီလီမိတက်**

---

## အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

၁။ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများအနေဖြင့် နေ့လယ်၊ နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ။

၂။ ပူပြင်းသော နေရောင်အောက်တွင် ပင်ပန်းစွာ အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

၃။ ပူပြင်းသည့် နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းသွားပါ။ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ။

၄။ အလင်းပြန်သော အဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွ ချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

၅။ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ် လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်း စသည်တို့ကို ရှောင်ကြဉ်ပါ။

၆။ အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမို ခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

၇။ ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့် ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ။

၈။ မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။ **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်မိမိငယ်

အသက်(၉၀)

သူငယ်ချင်း ဗိုလ်မှူးကြီးခင်မောင်ထွေး(ငြိမ်း)၏ ကျေးဇူးရှင် မွေးမိခင်ကြီး ဒေါ်မိမိငယ် အသက်(၉၀)သည် ၂၆-၃-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၉)**
**သူငယ်ချင်းများနှင့်မိသားစု**

---

### ဒေါ်ရီရီသွယ်(ကျောက်တန်း) အသက်(၈၇)နှစ်

**B.A, B.L, Dip. In Economic Planning,**
**ISS The Hague, The Netherlands**

ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီးများရုံး

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်နေ(မြန်မာသံတော်ဆင့်ဦးအို-ဒေါ်ညိုအိ)တို့၏မြစ်၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာ၊ တိုက် ၈၊ အခန်း ၆နေ(ဦးသွယ်-ဒေါ်ခင်တင့်)တို့၏သမီး၊ [ဗိုလ်ကြီးတင်အေး(ငြိမ်း)]-ဒေါ်ခင်သွယ်၊ [ဗိုလ်မှူးကြီးတင်အေး(ငြိမ်း)]-ဒေါ်မြမြရီတို့၏ညီမ၊ (ဦးဝင်းမောင်)-ဒေါ်တင်တင်အေး၊ ဒေါ်ခင်စုစုသွယ်(ပါမောက္ခ-ငြိမ်း၊ YUFL)တို့၏အစ်မ၊ ဦးခင်ဖေကြီး-ဒေါက်တာလွင်တင်အေး၊ (ဦးအောင်တင်အေး)-ဒေါ်ခင်စုလှိုင်၊ ဒေါ်အေးတင်အေး၊ ဦးသက်ထွန်း-ဒေါ်ဝင်းဝင်းထွေး၊ ဦးသီဟတင်အေး-ဒေါက်တာမြတ်စန္ဒာသိန်း၊ ဦးသူရတင်အေး-ဒေါ်ဆွေဇင်သက်၊ ဒေါ်မြမြဇင်၊ ဦးအောင်နိုင်-ဒေါ်သူဇာဝင်းမောင်၊ Mr. John Kunda-ဒေါ်ကေသီတင်အေး၊ ဦးစောသူရမောင်-ဒေါ်ကေသွယ်ဝင်းမောင်၊ ဦးရဲမင်းစိုး-ဒေါ်နီလာဝင်းမောင်၊ ဦးထိုက်လင်းဝင်းမောင်၊ ဦးကျော်ကျော်ဦး-ဒေါ်ခင်ချောစုဝင်းမောင်တို့၏အဒေါ်၊ မြေး ၁၆ယောက်တို့၏အဘွားသည် ၂၆-၃-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၁၀း၄၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၈-၃-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

### ဒေါ်တင်ရီ အသက်(၇၆)နှစ်

ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)၊ အမက(၃)မြောက်ဥက္ကလာပ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ ဂန္ဓာရုံလမ်း၊ အမှတ် ၂၁၂နေ (ဦးစံခင်-ဒေါ်အောင်ခင်)တို့၏သမီး၊ ပါမောက္ခ ဦးမင်းဘိုးငြိမ်း (ပါမောက္ခ/ဌာနမှူး-ငြိမ်း၊မန္တလေးသူနာပြုတက္ကသိုလ်)၏ဇနီး၊ Capt လင်းနိုင်ဦး (APL)-ဒေါ်မွန်သီတာ၊ ဦးအောင်ချင်း(Reginal Sales Manager, Dagon Beverages Co.,Ltd)-ဒေါ်မွန်သူဇာ၊ ဒေါ်မွန်စန္ဒာ(Legal Manager, Delotite Touche Myanmar Vigour Advisory Limited)၊ ဦးမျိုးဇင်ငြိမ်း၊ ဦးကျော်စွာငြိမ်း (အထက်တန်းရှေ့နေ) - ဒေါက်တာဝင်းသန္တာဖြူ (ဆေးရုံအုပ်၊ မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့်သင်ကြားရေးဆေးရုံကြီး)၊ ဦးထွေးလှိုင်ငြိမ်း (Manufacturing Engineering Senior Supervisor, Coherent Singapore Pte Ltd)-ဒေါ်နှင်းနှင်းငြိမ်းချမ်းတို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၂၆-၃-၂၀၁၈ရက်(တနင်္လာနေ့)ည ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၈ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်းအမ

### ဒေါ်ကြူကြူဝင်း အသက်(၇၄)နှစ်

(အထပြ)(ငြိမ်း)၊ အထက(၄)သန်လျင်၊ အထက(၄)အလုံ

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ အင်းစိန်လမ်း၊ အမှတ် ၃၅နေ (ဦးဘသန်း-ဒေါ်ခင်စိန်)တို့၏သမီး၊ (ဦးခင်မောင်-ဒေါ်မမကြီး)တို့၏သမီးချွေးမ၊ ဦးဦးခင်(စက်မှု-၁၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာကျော်အုန်းနိုင်-ဒုဗိုလ်မှူးကြီးတင်မိုးသွယ်(တပ်မတော်သူနာပြုနှင့်ဆေးဖက်ပညာတက္ကသိုလ်)၊ ဦးနိုင်ဝင်းဆွေ(MTM Co.,Ltd.)-ဒေါ်တင်သိုက်ဝင်း (Reva Co.,Ltd.)၊ ဦးဟန်တင်စိုး(Mascots Co.,Ltd.)-ဒေါ်ခိုင်ဇင်အေး(အထပြ၊ မင်္ဂလာတောင်ညွန့်)၊ ဦးအောင်မြတ်ချစ်(Mascots Co.,Ltd.)-ဒေါ်အိအိနိုင်(MGSL)တို့၏မိခင်၊ မောင်မြတ်ကောင်းခန့်၊ မရှင်မင်းမင်းဖြိုး၊ မောင်စေညွန့်နိုင်တို့၏အဘွားသည် ၂၇-၃-၂၀၁၈ရက် နံနက် ၄း၂၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်(၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ဆေးတက္ကသိုလ်(၁)ရန်ကုန်သို့ ခန္ဓာကိုယ်လှူဒါန်းပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၄-၂၀၁၈ရက်(တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## အနိစ္စ

### ဒေါ်မြင့်မြင့်ထွေး

အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မုဒိတာအိမ်ရာ(၁)၊ တိုက် B ၊ အခန်း ၁၅၁နေ (ဦးပန်းမောင်-ဒေါ်တင့်တင့်)တို့၏သမီး၊ ဦးဖုန်းသောင်း၏ ချစ်လှစွာသောဇနီး၊ဦးကျော်သူဇံ၏မိခင်၊(ဦးသိန်းဦး)-ဒေါ်အေးမြင့်ရီ၊ ဦးတင်လတ်-ဒေါ်ခင်မေဆင့်၊ (ဦးဝင်းကြည်)-ဒေါ်သန်းသန်းထွေးတို့၏ညီမ၊ (ဦးရဲညွန့်)-ဒေါ်ရှုရှုဝေ၊ ဦးမြင့်စိုး-ဒေါ်ခင်ညိုသိန်း၊ ဦးကိုကိုနိုင်-ဒေါ်ငွေငွေရှိန်(မမိုးမမ)၊ ဦးဇော်ဇော်မိုး - ဒေါ်ဖြူဖြူအေးတို့၏ အစ်မသည် ၂၆-၃-၂၀၁၈ရက် ညနေ ၃း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအား ရည်စူး၍ ၁-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ကိုမျိုးဆက်ကျော်(ခ) ကိုလတ်

အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊က(၄)လမ်းနေ(ဦးထွန်းစိန်-ဒေါ်ညွန့်စိန်)၊ လက်ပံတန်းမြို့နေ(ဦးသောင်း-ဒေါ်ညို)တို့၏မြေး၊အင်းစိန်မြို့နယ်၊မြို့သစ်(က+ခ)ရပ်ကွက်၊က(၄)လမ်း၊ အမှတ် ၂၄၂နေ ဦးကျော်ကျော်(အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီး၊ ငြိမ်း၊ ပြိုင်ပွဲကြီးကြပ် MNL ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်) - (ဒေါ်သန်းအေး)တို့၏သား၊ ခ(၆)လမ်းနေ ဦးကြည်တိုး-ဒေါ်ဝေဝေမြင့်(Nine စားသောက်ဆိုင်)တို့၏သားသမက်၊ ကိုသက်ဦးကျော်-မမိုးမိုးမြင့်တို့၏ညီ၊ ကိုဖြိုးဝင်းအောင်-မလွင်သိမ့်သိမ့်ကျော်၊ ကိုဖြိုးမောင်မောင်ကျော်တို့၏အစ်ကို၊ တူ/တူမ ခြောက်ယောက်တို့၏ဦးလေး၊ မဆက်သီရိဝေ၏ဖခင်၊ မသဲသဲဇော်ဝင်း၏ ခင်ပွန်းသည် ၂၆-၃-၂၀၁၈ရက် (တနင်္လာနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁-၄-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အင်းစိန်မြို့၊ မြို့သစ် က/၄လမ်း၊ အမှတ် ၂၄၂နေ ဦးကျော်ကျော်၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း၊
ရေတိုင်ကီ ဒါယကာကြီး

### ဦးရွှေမြထွန်း

မြောက်ဦး၊ စစ်တွေ၊ ရန်ကုန်

အသက်(၇၆)နှစ်

မြောက်ဦးမြို့တောင်ရပ်၊ ရပ်ကွက်နေ(ဦးမောင်စောဦးဆင်ကာ-ဒေါ်ဒါလုခိုင်)တို့၏သား၊ ရန်ကုန်မြို့၊ ၁၂လမ်းနေ (ဦးလွန်းဦး-ဒေါ်စိန်မြခိုင်)တို့၏သားသမက်၊ လှိုင်မြို့နယ်၊ သီရိ(၃)လမ်းထိပ်နေ (ဒေါ်ကျော့စိန်)၏ခင်ပွန်း၊ မအေးအေးအောင်၊မောင်ကျော်စွာထွန်း၊ မောင်ဇော်ထွန်းလင်းတို့၏ဖခင်သည် ၂၇-၃-၂၀၁၈ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၃-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂-၄-၂၀၁၈ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဒေါ်ကျင်စော

အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊မေ့ရာဇာ၂၇လမ်း၊အမှတ် ၂၄၃(ခ)နေ ဦးထွန်းသွင်(ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၊ ငြိမ်း)၏ဇနီး၊ ဦးထွန်းထွန်းဦး-ဒေါ်ခင်ခင်ထွေး၊ ဦးအောင်မျိုး-ဒေါ်ခင်သန်းအေး၊ ဦးအောင်စိုး-ဒေါ်ဖြူဖြူဝင်း၊(ဒေါ်ဥမ္မာသွင်)၊ဦးအောင်သွင်-ဒေါ်နီနီ၊ ဦးမြတ်သွင်-ဒေါ်ဇာဇာ၊ ဦးသိန်းထွေး-ဒေါ်စန္ဒာသွင်တို့၏ မိခင်၊ မြေး ၁၁ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၇-၃-၂၀၁၈ရက် (အင်္ဂါနေ့)နံနက် ၉နာရီတွင်ကွယ်လွန်သွားပါ၍ ၂၉-၃-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယကာကြီး

### ဦးရွှေလေး(ခ)ချန်လင်ရှိန်

အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၁၈လမ်း၊ အမှတ် ၈၂/၈၄နေ (ဦးရွှေရင်-ဒေါ်ပို)တို့၏သား၊ (ဦးချောင်း-ဒေါ်အာအီး)တို့၏သမက်၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အောင်ဇေယျကွန်းပလက်၊ အမှတ် ၅၀၁/၅၀၂ B-2နေ ဒေါ်မြင့်မြင့်အေး၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာဦးလင်းကိုကို-ဒေါက်တာဒေါ်မိုးမိုးဇင်၊ မမိုးမိုးခိုင်၊ ဦးခိုင်ထွဋ်အောင်-ဒေါ်ခင်မြမြ၊ မောင်စိုးမိုးကျော်တို့၏ ချစ်လှစွာသောဖခင်၊ မဖူးဖူးထွဋ်၏ အဘိုးသည် ၂၆-၃-၂၀၁၈ရက်(တနင်္လာနေ့) ညနေ ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၈ရက်(သောကြာနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁-၄-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

### Tg.Tun Kap Thang (Ngaihte Beh)

အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၂)ရပ်ကွက်၊ ရတနာလမ်း၊ တိုက် ၈၊ အခန်း ၀၀၂နေ Pa Thawng Khan Suan(Ngaihte) - Nu Vung Ngaih Dim (Gualnam)တို့၏သား၊ Tg.Pau Khan Mung, Pa Pum Lam Pau-(Suan Deih Muan Cing) တို့၏ညီ၊ Nu Man Lam Lun-Pa D D Lian, Pa Nang Cin Lian-Nu Niang Khawl Cing, Lia Niang San Cing တို့၏အစ်ကို၊ တူ/တူမ ခြောက်ယောက်တို့၏ဦးလေးသည် ၂၇-၃-၂၀၁၈ရက် (အင်္ဂါနေ့)နံနက် ၈း၂၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၉-၃-၂၀၁၈ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (ဆူးလေ ဓမ္မနွေလဘုရားကျောင်းရှေ့၊ ယုဇနဥယျာဉ်မြို့တော်၊ ပိတောက်ကွေ့ နေအိမ်တို့မှကားများ မွန်းတည့် ၁၂နာရီတွင် အသီးသီးထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

### ဘဒ္ဒန္တစန္ဒာသီရိ (မူလဓမ္မာစရိယ)

ဇေယျာသုခကာရီကျောင်း၊ ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက်
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
သက်တော်(၇၁)နှစ်၊ သိက္ခာတော်(၅၁)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ကညင်ငူကျေးရွာနေ(ဦးအောင်လှ-ဒေါ်သိန်းကြည်)တို့၏သား၊ (ဒေါ်သန်းစိန်)၊ (ဦးတင်အောင်)-ဦးခင်မောင်-ဒေါ်မြိုင်သာကြည်တို့၏ညီ/မောင်၊ ဦးဝင်းစိန်-(ဒေါ်တင်အေး)၊ ဦးလှတင်-ဒေါ်အေးသိန်း၊ ဒေါ်ကြည်တင်တို့၏အစ်ကို ဘဒ္ဒန္တစန္ဒာသီရိ (မူလဓမ္မာစရိယ)သည် ၂၅-၃-၂၀၁၈ရက်(တနင်္ဂနွေနေ့) ည ၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၂၇-၃-၂၀၁၈ရက် (အင်္ဂါနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၁-၃-၂၀၁၈ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

တပည့် ဒါယကာ၊ ဒါယိကာမများ

---

### ဦးကျော်လှ(ခ)ဦးအယ်ဒီ (ပဲခူးမြို့)

ဘီလစ်စာရေးကြီး(အငြိမ်းစား)

အသက်(၉၅)နှစ်

ပဲခူးမြို့၊ ဦးဘသင်လမ်း၊ အမှတ် ၄၇၉နေ (ဦးထွန်းရှိန်-ဒေါ်ရီ-ဒေါ်သန်း)တို့၏သား၊ (ဒေါ်ခင်ခင်)၊ (ဦးမောင်မောင်-ဒေါ်တင်တင်)၊ ဦးစိန်မောင်(ဦးဘိုကြီး)၊ဦးတင်ထွန်း-ဒေါ်တင်သောင်း၊(ဦးစိုးလွင်)-ဒေါ်ခင်ဝင်းတို့၏အစ်ကိုသည် ၂၇-၃-၂၀၁၈ရက် (အင်္ဂါနေ့)နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂-၄-၂၀၁၈ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဆရာဦးတင်ရီ

ပညာရေး(အငြိမ်းစား)

ညောင်ချောင်းရွာ၊ ဂွမြို့နယ်

အသက်(၇၈)နှစ်

ရခိုင်ပြည်နယ်၊ ဂွမြို့၊ ငွေသောင်ယံလမ်းနေ (ဦးဖိုးငြိမ်း-ဒေါ်စောညွန့်)တို့၏သား၊ ညောင်ချောင်းရွာနေ (ဦးဖိုးသင်း-ဒေါ်မသောင်း)တို့၏သားသမက်၊ (ဒေါ်အပု)၊ (ဦးကိုလေးကြီး)တို့၏ညီ/မောင်၊ ဦးမြင့်သောင်း၊ ဦးမြင့်ဆန်းတို့၏အစ်ကို၊ ဦးကျော်ဇင်ဦး(ပြည်နယ်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ စစ်တွေမြို့)-ဒေါ်ခင်လဲ့လဲ့ထွဋ် (ခရိုင်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ စစ်တွေမြို့)၊ ဦးကျော်စိုးမိုး(ရွှေပုစွန် ပြင်ဦးလွင်ကော်ဖီခြံ)-ဒေါ်သီဂီရွှေ(Best Future မူကြို၊ အောင်လံ)တို့၏ဖခင်၊ မစုနန္ဒာထက်၊ မဖြူသဒ္ဒါခင်တို့၏အဘိုး၊ ဒေါ်သန်းရီ၏ခင်ပွန်းသည် ၂၇-၃-၂၀၁၈ရက် နံနက် ၃နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၈ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (သုခိတာရာမ စာသင်တိုက် ဗဟိုလမ်းနှင့် ပန်းတနော်လမ်းထောင့်၊ စမ်းချောင်းမှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

### ဆရာဦးတင်ရီ

ပညာရေး(အငြိမ်းစား)

ညောင်ချောင်းရွာ၊ ဂွမြို့နယ်

အသက်(၇၈)နှစ်

မြန်မာ့စီးပွားရေးဘဏ် (ပြည်နယ်ရုံး)၊ ရခိုင်ပြည်နယ်၊ ပြည်နယ်မန်နေဂျာ ဦးကျော်ဇင်ဦး ဇနီး ဒေါ်ခင်လဲ့လဲ့ထွဋ်(ခရိုင်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊စစ်တွေမြို့)တို့၏ဖခင် ဆရာဦးတင်ရီသည် ၂၇-၃-၂၀၁၈ရက် နံနက် ၃နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုဝင်များနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တွေခရိုင်ဘဏ်ခွဲ**

---

ဘုရားဒါယကာကြီး

### ဦးမြင့်သိန်း

(မင်းတန်းရွာ၊ မြောင်မြို့နယ်)

အသက်(၆၉)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ မင်းတန်းကျေးရွာနေ (ဦးရှိန်-ဒေါ်အေးဆွေ)တို့၏သား၊ စမ္ပာယ်ရုံကျောင်းဒါယကာကြီး (ဦးဘိုးအောင်-ဒေါ်ဖွားသန့်)၏သားသမက်၊ မင်းတန်းကျေးရွာနေ ဒေါ်အေးမြို့၏ခင်ပွန်း၊ ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ သာသနာရေးဦးစီးဌာန၊ အရာရှိရိပ်သာနေ ဦးထွန်းမြင့်ဦး(ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး)-ဒေါ်နွဲ့နွဲ့ဝင်း(အလယ်တန်းပြ၊ အထက-၂၊ ပြည်)၊ ဒုအရာခံဗိုလ်အောင်ဇော်မင်း(မုံရွာ)-ဒေါ်လှယမင်းရွှေ၊ ဒေါ်ယဉ်ယဉ်အေး (အလပြ၊ ညောင်ပင်စောက်၊ အထက-ခွဲ၊ မုံရွာ)၊ ဦးဝင်းခိုင်ဦး(ဒု-ဦးစီးမှူး၊ဆည်မြောင်းဦးစီးဌာန၊ မြိတ်မြို့)-ဒေါ်လွင်လွင်အေး(ကြီးကြပ်ရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီး စက်မှုကြီးကြပ်နှင့်စစ်ဆေးရေးဦးစီးဌာန)တို့၏ဖခင်သည် ၂၇-၃-၂၀၁၈ရက် နံနက် ၂း၄၅နာရီတွင် ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါ၍ ၂၉-၃-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၄-၂၀၁၈ရက် (တနင်္လာနေ့)တွင် အထက်ပါအရာရှိရိပ်သာသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးရွှေလေး(ခ)ချန်လင်ရှိန် အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၁၈လမ်း၊ အမှတ် ၈၂/၈၄နေ (ဦးရွှေရင်-ဒေါ်ပို)တို့၏သား၊ (ဦးချောင်း-ဒေါ်အာအီး)တို့၏သမက်၊ အလုံမြို့နယ်၊ အောင်ဇေယျကွန်းပလက်၊ အခန်း ၅၀၁/၅၀၂ B-2 နေ ဦးယိုယုလွင်-ဒေါ်ရှုလျှံ၊ ဦးစိုးဝင်း-(ဒေါ်နွယ်လေး)၊ (ဦးမြဝင်း-ဒေါ်ဘေဘီ)၊ ဦးခိုင်ဝင်း-ဒေါ်ပြုံးကြည်၊ (ဦးကျော်သန်း)-ဒေါ်အေး၊ ဦးမြင့်ဦး-ဒေါ်ဇာခြည်၊ ဒေါ်ရှုပို၊ ဦးမြဝင်း-ဒေါ်ရှုခွန်တို့၏ညီ/မောင်၊ ဦးဝင်းနိုင်-ဒေါ်ညွန့်ညွန့်ထွေး၊ (ဦးစိုးနိုင်)-ဒေါ်သန်းသန်းစိုး၊ ဦးဇော်သူရ-ဒေါ်ရှုဝါ၊ (ဦးကျော်သိန်း)-ဒေါ်ဝင်းပပ၊ ဦးသိန်းဝင်း-ဒေါ်ငွေငွေဝင်း၊ ဦးသန်းဝင်းထိုက်တို့၏အစ်ကို၊ (ဦးခင်စိန်)-ဒေါ်ခင်ငွေ၊ (ဦးဖိုးဖြူ)-ဒေါ်နီနီသန်း၊ ဦးသန်းအောင်၊ (ဦးအောင်ဝင်း)-ဒေါ်နီနီအောင်၊ ဦးထွန်းအေး-ဒေါ်ဇင်ဇင်မာ၊ ဦးကာမင်း-ဒေါ်စန်းစန်းမြင့်တို့၏ညီ/မောင်၊ မောင်ဇင်တိုးအောင်၊ ထွန်းအောင်လွင်တို့၏ဦးလေးသည် ၂၆-၃-၂၀၁၈ရက်(တနင်္လာနေ့) ညနေ ၄း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၈ရက်(သောကြာနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# မောင်တောဒေသ၌ ပထမဆုံးအကြိမ် ရိုးရာလက်ဝှေ့ပြိုင်ပွဲကျင်းပ

**မောင်တော မတ် ၂၇**

မောင်တောဒေသ၌ ပထမဆုံးအကြိမ် ကျင်းပသည့် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ငါးချီအထူးစိန်ခေါ်ပွဲအဖြစ် ၆၀ ကီလိုတန်းတွင် ကိုကိုအောင်(ရွှေအောင်မြေ)နှင့် ဆူးမိုက်(ရွှေမည်းမြေ)၊ စောဘဦး(တောင်ကလေး)နှင့် သွေးသစ်ဝင်းလှိုင် (အက်ဗန်းချား)တို့၏ ပွဲစဉ်များ အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး မောင်တောဒေသခံပရိသတ်များ အကြိုက်တွေ့ခဲ့သော်လည်း နှစ်ပွဲစလုံးသရေရလဒ်ဖြင့် ပြီးဆုံးခဲ့ကြောင်း သိရသည်။

လေးချီအထူးစိန်ခေါ်ပွဲတစ်ပွဲအဖြစ် ၆၂ ကီလိုတန်းတွင် ထွန်းထွန်း (ရွှေအောင်မြေ)နှင့် သန်းဇော်ဌေး (မောင်တော) တို့ ယှဉ်ပြိုင်ထိုးသတ်ရာ သန်းဇော်ဌေး၏ ထိုးချက်ကန်ချက်များကြောင့် ပထမအချီ၌ပင် ထွန်းထွန်း ဆက်လက်ယှဉ်ပြိုင်နိုင်ခြင်းမရှိသဖြင့် အရှုံးပေးခဲ့ရသည်။ ၆၂ နှစ်ကီလိုတန်း ဒုတိယပွဲစဉ်ဖြစ်သည့် ကျော်ကြား (တောင်ကလေး)နှင့် စောဇာနည် (အက်ဗန်းချား)တို့ပွဲမှာ လေးချီပြည့် ယှဉ်ပြိုင်ထိုးသတ်ကြသော်လည်း အနိုင်အရှုံးမပေါ်သဖြင့် သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

အမျိုးသမီး သုံးချီ အထူးစိန်ခေါ်ပွဲအဖြစ် လင်းယုန်မေ (ရွှေလင်းယုန်)နှင့် နန်းချိုချိုဝင်းမောင်(ကယား) ပွဲစဉ်တွင် လင်းယုန်မေ၏ ဆက်တိုက်ထိုးချက်ကန်ချက်များကို နန်းချိုချိုအောင် မကာကွယ်နိုင်ခဲ့သောကြောင့် ပထမအချီ၌ပင်

*စာမျက်နှာ ၁၀ ကော်လံ ၁* ◆



**ငါးချီအထူးစိန်ခေါ်ပွဲအဖြစ် ၆၀ ကီလိုတန်းတွင် စောဘဦး (တောင်ကလေး)နှင့် သွေးသစ်ဝင်းလှိုင် (အက်ဗန်းချား)တို့ ယှဉ်ပြိုင်ထိုးသတ်နေစဉ်။**

ယနေ့ **မာတိကာ**

**ပုဂံတွင် နိုင်ငံခြားသူတစ်ဦး ဘုရားပေါ်သို့တက်၍ ရှုခင်းကြည့်ရာမှ ပြန်အဆင်းတွင် ခြေချော်ပြုတ်ကျ** စာ-၁၀

**ဖားကန့်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား သုံးသိန်းကျော်နှင့် ဘိန်းဖြူမှုန့် ၁၁၀ ဂရမ် သိမ်းဆည်းရမိ** စာ-၁၂

**ထောက်လှမ်းရေး အဖွဲ့ဝင်ဟောင်းအား အဆိပ်ခတ်မှုဖြင့် ရုရှားသံတမန် အယောက် ၆၀ ကို အမေရိကန် နှင်ထုတ်မည်** စာ-၁၄





မြန်မာနိုင်ငံ၌ ဘောလုံးအခြေခံနည်းစနစ်များ သင်ကြားပေးမည့် ဘရာဇီးလက်ရွေးစင် ကစားသမားဟောင်း အက်ဒ်မီဆင်က သင်ကြားပေးမည့် အစီအစဉ်များနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

ဓာတ်ပုံ-စိုးညွန့်

# ၂၀၀၂ ကမ္ဘာ့ဖလားချန်ပီယံ ဘရာဇီးကစားသမားဟောင်းအက်ဒ်မီဆင် သင်ကြားပေးမည့် လူငယ်ဘောလုံးသင်တန်းအတွက် သတင်းစာရှင်းလင်း

**ရန်ကုန် မတ် ၂၇**

မြန်မာနိုင်ငံ၌ ဘောလုံးအခြေခံနည်းစနစ်များ လာရောက်သင်ကြားပေးမည့် ၂၀၀၂ ကမ္ဘာ့ဖလားပြိုင်ပွဲချန်ပီယံ ဘရာဇီးလက်ရွေးစင် ကစားသမားဟောင်း အက်ဒ်မီဆင်၏ အစီအစဉ်များနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် Asian Youth Football Development Association ဥက္ကဋ္ဌ Mr. Hirayama က အမှာစကားပြောကြားပြီး ဘရာဇီးလက်ရွေးစင် ကစားသမားဟောင်း အက်ဒ်မီဆင်နှင့် ဂျပန်ဘောလုံးသမားဟောင်း ဟာရာရှိုတို့က ဘောလုံးသင်တန်းလာရောက်ဖွင့်လှစ်ခြင်း၊ CBF Camp တည်ထောင်ထားခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက အမှာစကားပြောကြားပြီး ဘရာဇီးလက်ရွေးစင်ကစားသမားဟောင်း အက်ဒ်မီဆင်၊ ဂျပန်ဘောလုံးသမားဟောင်း ဟာရာရှိုတို့နှင့်အတူ တက်ရောက်လာသည့် မီဒီယာများမှ မေးမြန်းမှုများအား ရှင်းလင်းပြောကြားသည်။

*စာမျက်နှာ ၁၃ ကော်လံ ၃* ❖

# တစ်လုံးတည်းသောဂိုးဖြင့် မကာအိုကို မြန်မာအသင်းအနိုင်ရ

**ရန်ကုန် မတ် ၂၇**

၂၀၁၉ အာရှဖလားခြေစစ်ပွဲ အုပ်စု(က)နောက်ဆုံးပွဲအဖြစ် မြန်မာအသင်း နှင့် မကာအိုအသင်းတို့ ယနေ့ ညနေ ၆ နာရီက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင် ကစားရာ မြန်မာအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည်ခြေစစ်ပွဲအောင်ရန် မျှော်လင့်ချက်မရှိတော့သော်လည်း အိမ်ကွင်း၌ မကာအိုအသင်းကို အနိုင်ကစားကာ နောက်ဆုံးပွဲကို အနိုင်ဖြင့် အဆုံးသတ်ခဲ့သည်။ နည်းပြအပြောင်းအလဲ ဖြစ်ထားပြီး ပြည်တွင်းနည်းပြများ ကိုင်တွယ်နေသည့် မြန်မာအသင်းသည် မကာအိုအသင်း၏ ခံစစ်ကစားပုံကြောင့် အနိုင်ရရန် ရုန်းကန်ခဲ့ရသော်လည်း ဝါရင့်တောင်ပံကစားသမား ကြည်လင်း၏ တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် မကာအိုအသင်းအား နှစ်ကျော့စလုံး အနိုင်ရခဲ့ခြင်းဖြစ်သည်။

နည်းပြအပြောင်းအလဲဖြစ်ပေါ်ထားသည့် မြန်မာ့လက်ရွေးစင် အသင်းသည် ပွဲထွက်လူစာရင်းကို ပြောင်းလဲခဲ့ပြီး ကျော်ဇင်ထက်၊ ထိုက်ထိုက်အောင်၊ ဇော်မင်းထွန်း၊ ဝင်းမင်းထွန်း၊ သိန်းသန်းဝင်း၊ လှိုင်းဘိုဘို၊ တင်ဝင်းအောင်၊ ရန်နိုင်ဦး၊ မောင်မောင်လွင်၊ ကျော်ကိုကို၊ အောင်သူတို့ဖြင့် ယှဉ်ပြိုင်ကစားခဲ့သည်။ နှစ်သင်းစလုံး ခြေစစ်ပွဲအောင်ရန် မျှော်လင့်ချက်မရှိတော့သော်လည်း ကြိုးစားကစားခဲ့ပြီး မြန်မာအသင်း





**မြန်မာအသင်းအတွက် အနိုင်ဂိုးကို ကြည်လင်းက မကာအိုဂိုးသမားကို ကျော်၍ သွင်းယူနေစဉ်။**

ဓာတ်ပုံ-စိုးညွန့်

ပိုဖိကစားနိုင်ခဲ့သည်။ မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့် ကစားခဲ့သော်လည်း ရှေ့တန်းတွင် အချိတ်အဆက် လွဲချော်ခဲ့သည့်အပြင် ဂိုးသွင်းခွင့်များ အသုံးမချနိုင်ခဲ့၍ နစ်နာခဲ့ရသည်။ မြန်မာအသင်းမှ ကျော်ကိုကို၊ တင်ဝင်းအောင်နှင့် မောင်မောင်လွင်တို့ ဂိုးရနိုင်သည့် အခွင့်အရေးများ ရခဲ့သော်လည်း မကာအိုဂိုးသမား ကာကွယ်နိုင်ခဲ့သည်။

*စာမျက်နှာ ၈ ကော်လံ ၁* ●

**ထူးခြားသည့် နေ့အပူချိန်များ**

၂၇-၃-၂၀၁၈

| | |
|---|---|
| ချောက်မြို့ | ၄၁ ဒီဂရီစင်တီဂရိတ် |
| ပျဉ်းမနားမြို့ | ၄၀ ဒီဂရီစင်တီဂရိတ် |
| အောင်လံမြို့ | ၄၀ ဒီဂရီစင်တီဂရိတ် |
| တောင်တွင်းကြီးမြို့ | ၄၀ ဒီဂရီစင်တီဂရိတ် |
| ရွှေကျင်မြို့ | ၄၀ ဒီဂရီစင်တီဂရိတ် |
| ဘော်လခဲမြို့ | ၄၀ ဒီဂရီစင်တီဂရိတ် |

**မိုးရေချိန်များ**

| | |
|---|---|
| မိုးကုတ်မြို့ | ၀ ဒသမ ၁၆ လက်မ |
| တီးတိန်မြို့ | ၀ ဒသမ ၁၂ လက်မ |
| မြစ်ကြီးနားမြို့ | ၀ ဒသမ ၀၈ လက်မ |



မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်
၂၀၁၈ ခုနှစ်၊ မတ် ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့

# သည်နှစ်သင်္ကြန် ရန်ကုန်မှာ

● ဝေယံဦး



**ဒီနှစ်ရန်ကုန်သင်္ကြန်က အရင်နှစ်တွေထက်ပိုပြီး သင်္ကြန်မဏ္ဍပ်တွေ ခွင့်ပြုထားတာမို့ သင်္ကြန်ပျော်တွေ အတွက်တော့ အကြိုက်တွေ့စေမှာ ဖြစ်သလို ရန်ကုန်သင်္ကြန် ပုံရိပ်ဟာ အရင်နှစ်တွေကထက် ထူးခြားနေမှာတော့ အမှန်ပါပဲ။**

**အခု** ရက်ပိုင်းတွေမှာ ရန်ကုန်မြို့လမ်းမတွေအပေါ် သင်္ကြန်ကြို သီချင်းတွေ ပျံ့လွင့်နေပြီဖြစ်ပါတယ်။ အထူးသဖြင့် လက်တွန်းလှည်းထီဆိုင်တွေက သင်္ကြန်ကြိုသီချင်းတွေကို ဦးစားပေးပြီး ဖွင့်နေတာမို့ သင်္ကြန်ရောက်တော့မယ်ဆိုတဲ့စိတ်တွေ လှုပ်ရှားနိုးစပြုလာပါတယ်။ ဒီနှစ်ရန်ကုန်သင်္ကြန်က အရင်နှစ်တွေ ထက်ပိုပြီး သင်္ကြန်မဏ္ဍပ်တွေ ခွင့်ပြုထားတာမို့ သင်္ကြန်ပျော်တွေ အတွက်တော့ အကြိုက်တွေ့စေမှာ ဖြစ်သလို ရန်ကုန် သင်္ကြန် ပုံရိပ်ဟာ အရင်နှစ်တွေကထက် ထူးခြားနေမှာတော့ အမှန်ပါပဲ။

ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် သင်္ကြန်ကာလအတွက် ရန်ကုန်မြို့မှာ သင်္ကြန်မဏ္ဍပ် ၂၁ ခုသာရှိခဲ့ပေမယ့် ဒီနှစ်မှာ သင်္ကြန်မဏ္ဍပ် ၉၅ ခုကို ခွင့်ပြုပေးသွားမယ်လို့ ရန်ကုန် မြို့တော်စည်ပင်သာယာရေး ကော်မတီရဲ့ တာဝန် ရှိသူတွေက ပြောကြားထားပါတယ်။ ဒါကြောင့် ရန်ကုန်ရဲ့ ဒီနှစ်သင်္ကြန်မဏ္ဍပ်ဟာ အရင်နှစ်ကထက် သုံးဆကျော် ပိုမိုများပြားနေတာမို့ သင်္ကြန်ကာလမှာ လည်ပတ်စရာ၊ ရေပက်ခံ ထွက်စရာနဲ့ ဖျော်ဖြေရေးအတွက် နားဆင်စရာနေရာတွေ ပိုပြီးရွေးချယ်သွားလာနိုင်တော့မှာ ဖြစ်ပါတယ်။

ဒီနှစ်ရန်ကုန်သင်္ကြန်မှာ မဏ္ဍပ်တွေ များလာတာကြောင့် သင်္ကြန်ပွဲတော်ကာလတွေမှာ ရေပက်ခံထွက်မယ့်ကား စီးလုံးငှားရမ်းမှုတွေလည်း အခုရက်တွေကတည်းက စတင်ချိတ်ဆက်နေကြပြီဖြစ်တယ်လို့ နှစ်စဉ်သင်္ကြန်ကား အငှားလိုက်တဲ့ ကိုခင်မောင်က ပြောပါတယ်။ ပြီးခဲ့တဲ့နှစ်သင်္ကြန်ပွဲတော်ကာလမှာတော့ ကားစီးလုံးငှားတာတွေ နည်းပါးခဲ့ပေမယ့် ဒီနှစ်တော့ အဆင်ပြေမှာပါလို့ ဆိုပါတယ်။

ဒီနှစ်ရန်ကုန်သင်္ကြန်မှာ မဏ္ဍပ်တွေတည်ဆောက်ဖို့ ခွင့်ပြုထားတဲ့နေရာတွေကတော့ ကျိုက်ဝိုင်းဘုရားလမ်းမှာ ဖျော်ဖြေရေး သင်္ကြန်မဏ္ဍပ်လေးခု၊ ဖျော်ဖြေရေးနဲ့ ရေကစား မဏ္ဍပ်ခြောက်ခု၊ မင်းဓမ္မလမ်း (ပါရမီလမ်းနှင့် ကျိုက်ဝိုင်းဘုရားလမ်းအကြား) ဖျော်ဖြေရေး မဏ္ဍပ် နှစ်ခု၊ ပါရမီလမ်းမှာ ဖျော်ဖြေရေးမဏ္ဍပ် နှစ်ခုနဲ့ ဖျော်ဖြေရေးရော ရေကစားမဏ္ဍပ်ပါ အသုံးပြုလို့ရတဲ့ မဏ္ဍပ်လေးခု၊ ဝေဇယန္တာလမ်းတစ်လျှောက် ဖျော်ဖြေရေးမဏ္ဍပ်ငါးခုတို့ ဆောက်လုပ်ခွင့်ပြုမှာဖြစ်ပါတယ်။

ဒါ့အပြင် ရန်ကုန်သင်္ကြန်မှာ နှစ်စဉ်စည်ကားတဲ့ နေရာတွေဖြစ်တဲ့ပြည်လမ်းမှာ သင်္ကြန်ဖျော်ဖြေရေးမဏ္ဍပ်ခြောက်ခု၊ ဖျော်ဖြေရေးနဲ့ ရေပက်မဏ္ဍပ် ၁၀ ခု၊ တက္ကသိုလ်ရိပ်သာလမ်း(ပြည်လမ်းနှင့် အင်းလျားလမ်းကြား)နှင့် ကမ္ဘာအေးလမ်းမှ ဆရာစံ လမ်းအကြားတို့မှာ မဏ္ဍပ်လေးခု၊ စက်မှု(၁)လမ်း(ကမ္ဘာအေးမှ ဆရာစံလမ်းကြား) မှာ မဏ္ဍပ် နှစ်ခု၊ ဗိုလ်ချုပ်လမ်း (ပြည်လမ်းမှ ဗိုလ်တထောင်လမ်းအကြား) မှာ ဖျော်ဖြေရေးမဏ္ဍပ် နှစ်ခုနဲ့ ဖျော်ဖြေရေးရော ရေကစားမဏ္ဍပ်အဖြစ်ပါ အသုံးပြုလို့ရတဲ့ မဏ္ဍပ်နှစ်ခုတို့ကိုလည်း ခွင့်ပြုထားပါတယ်။ အဲဒီလို သင်္ကြန်မဏ္ဍပ်တွေရှိတဲ့အတွက်

**စာမျက်နှာ (ဃ) သို့**

# မြန်မာ့ယဉ်ကျေးမှုနှင့်အညီ အတာရေသဘင်ကို ဆင်နွှဲကြပါစို့

**သန်းထိုက်(လှိုင်သာယာ)**



**မကြာမီ** မြန်မာ့ရိုးရာ အတာရေသဘင်ပွဲတော် ကျရောက်တော့မည်ဖြစ်သည်။ ရှေးမင်းများ လက်ထက်ကစ၍ယနေ့တိုင်မြန်မာ့ရိုးရာ အတာရေသဘင်ပွဲတော်ကို ကျင်းပဆင်နွှဲခဲ့ကြပြီး မြန်မာ့နှစ်သစ်ကူးအချိန်ကာလလည်းဖြစ်၍ ကောင်းမှုကုသိုလ်နှင့်အတူ အလှူအတန်းများဖြင့် နှစ်သစ်ကိုမင်္ဂလာရှိစွာဖြတ်သန်းကြလေ့ရှိသည်။ မြန်မာပြည်၏ လူဦးရေအများဆုံးနေထိုင်ရာ မဟာရန်ကုန်မြို့တွင် ယခုနှစ်သင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ထို့နည်းတူ မြို့နယ်များတွင်လည်း ယမန်နှစ်ထက်ပိုမိုစည်ကားစွာ ကျင်းပမည်ဖြစ်ရာ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်း၍ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော နှစ်သစ်အဖြစ် ကြိုဆိုရန်သတိပြုစေချင်ပါသည်။

သင်္ကြန်ဆိုလျှင် သပြေခက်နှင့် ရေပက်ဖျန်းခြင်းထက် ရေပုံးဖြင့် လောင်းလိုကြသည်။ သင်္ကြန်ဆိုလျှင် မူးယစ်ပျော်ပါးခြင်းဖြင့် ပျော်ရွှင်လိုတတ်ကြသည်။ သင်္ကြန်ဆိုလျှင် အပျော်အပါးကို ပို၍ဦးစားပေးတတ်ကြသည်။ ရပ်ကွက်၊ ကျေးရွာ၊ လမ်းစုံ၊ လမ်းမတို့တွင် အသံချဲ့စက်ကြီးများ တပ်ဆင်ကာ အပူရှိန်ပြင်းသော ရာသီဥတုအောက်တွင် တရားစခန်းနားမခံသာအောင် သီချင်းသံကျယ်လောင်စွာဖွင့်တတ်ကြသည်။ ရပ်ကွက်၊ လမ်းအတွင်းနေထိုင်သူများ နားမခံသာအောင် ဆူညံသံမျိုးစုံဖြင့် ဘာသာပြန်၍မရသော သီချင်းများဖြင့် ပတ်ဝန်းကျင်ကို အတိဒုက္ခပေးတတ်ကြသည်။ ထို့ကြောင့် သင်္ကြန်ကာလတွင်ဆေးရုံနှင့် ရဲစခန်း၌ လူစည်နေတတ်ခြင်းဖြစ်သည်။

**ယဉ်ကျေးမှုကို ထိခိုက်စေသော အရက်နှင့် မူးယစ်ဆေး**

ယဉ်ကျေးမှု အနှစ်သာရပြည့်ဝစွာဖြင့် ကျင်းပခဲ့သော အတာရေသဘင်ပွဲတော်ကာလတွင် ယဉ်ကျေးမှုကို ထိခိုက်စေသောအရာမှာ အရက်နှင့် မူးယစ်ဆေးပင်ဖြစ်သည်။ အဆိုပါနှစ်ခုကို ထိရောက်စွာတားဆီးနိုင်ပါက ယခုနှစ်သင်္ကြန်ပွဲတော်သည် ယမန်နှစ်ထက် ထိခိုက်မှုသိသာစွာ လျော့နည်းစေမည်ဖြစ်သည်။ ၂၀၁၆ ခုနှစ်သင်္ကြန်တွင် အရက်ဆိုင်များနှင့် ဘီယာဆိုင်များကို တားဆီးသတိပေးခဲ့သည့်အကျိုးအဖြစ် ထိခိုက်မှုများ သိသာစွာကျဆင်းခဲ့၍ သင်္ကြန်အပြီး ပြည်သူတို့နှုတ်ဖျားတွင် ကောင်းချီးသြဘာအသံများ ပျံ့လွင့်ခဲ့သည်ကို သတိပြုမိကြမည်ဖြစ်သည်။ ၂၀၁၇ ခုနှစ်သင်္ကြန်ကာလတွင် အရက်သေစာသောက်စားမှုကြောင့် ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ်ဖြစ်ပေါ်ခြင်းနှင့် အပူရှိန်ကြောင့် ထိခိုက်မှုများရှိခဲ့ပြီး အမျိုးသားများသာမက အမျိုးသမီးငယ်များပါ ဖြစ်ပွားခဲ့သည်ကို တွေ့မြင်ခဲ့ကြပြီးဖြစ်သည်။ နှစ်ကူးသင်္ကြန်ကာလတွင် ကောင်းမှုကုသိုလ်တို့ဖြင့် တစ်ဦးနှင့်တစ်ဦးမေတ္တာ၊ စေတနာပွားများလျက် ဖြတ်သန်းမည်ဆိုပါက နှစ်သစ်မင်္ဂလာကောင်းကျိုးအဖြာဖြာကို ခံစားရရှိစေမည်သာဖြစ်သည်။ မူးယစ်ပျော်ပါး၍ နှစ်ဟောင်းကုန်နှစ်ကို ဖြတ်သန်းခြင်းထက် ဘာသာတရားကို လက်ကိုင်ထားကာ နူးညံ့သောနှလုံးသားဖြင့် နှစ်ကူးအတာသင်္ကြန်ကို ကြိုဆိုခြင်းက မိမိနှင့်အတူ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို တန်ဖိုးထား ဂုဏ်ပြုရာရောက်စေမည် ဖြစ်သည်။ သင်္ကြန်ပွဲတော်တွင် ပြည်ပနိုင်ငံမှ နိုင်ငံခြားသားများလည်း ပါဝင်ဆင်နွှဲလေ့ရှိသောကြောင့် ဘိုးဘွားအမွေ လက်ဆင့်ကမ်းလာသော မွန်မြတ်နူးညံ့လှသည့် အတာရေသဘင်ပွဲကို မိမိတစ်ဦးတစ်ယောက်ကြောင့် အရောင်ဆိုးခံရခြင်း မဖြစ်စေရန် အထူးသတိပြုရမည်သာဖြစ်သည်။



**မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော နှစ်သစ်မင်္ဂလာ**

ရန်ကုန်မြို့ပြနှင့် မြို့နယ်တို့တွင် သင်္ကြန်ကာလ ယာဉ်မတော်တဆမှု ဖြစ်ပွားခြင်းနှင့် ခိုက်ရန်ဖြစ်ပွားကြခြင်းသည် အဓိကအားဖြင့် မူးယစ်သောက်စားထားမှုကြောင့် ဖြစ်ပွားခြင်းက ပို၍များသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ မူးယစ်သူတစ်ဦး၊ တစ်ဖွဲ့ကြောင့် ယာဉ်အန္တရာယ်နှင့် ခိုက်ရန်ဖြစ်ပွားမှု အများဆုံးဖြစ်ပွားကြသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ အရွယ်သုံးပါးနှင့် မလွတ်

**မြန်မာ့ရိုးရာ အတာရေသဘင်ပွဲတော်တွင် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုကို ထိန်းသိမ်း၍ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကို မောင်ရင်းနှမသဖွယ် ဖေးမကူညီ**

ကင်းသောအရက်သေစာရောင်းချမှုကို သင်္ကြန်ပွဲတော်ကာလအတွင်း ထိရောက်စွာထိန်းချုပ်ခြင်းဖြင့် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော မြန်မာတို့၏ နှစ်သစ်မင်္ဂလာကို မင်္ဂလာရှိစွာဖြင့် ဖြတ်သန်းနိုင်ကြမည်ဖြစ်သည်။ နိုင်ငံတိုင်းတွင် ကျင်းပသော နှစ်သစ်ကူးပွဲတော်သည် မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို အခြေခံ၍ ကျန်းမာချမ်းသာ၊ စီးပွားလာဘ်လာဘပေါ်များစေရန် အတိတ်တဘောင် နိမိတ်ဆောင်စေသောပွဲတော်အဖြစ် ကျင်းပကြခြင်းဖြစ်သောကြောင့် ဧပြီ ၁၃ ရက်နေ့တွင်ကျရောက်မည့် မြန်မာ့သင်္ကြန်အကြိုနေ့မှသည် နှစ်ဆန်း ၁ ရက်ဖြစ်သော ဧပြီ ၁၇ ရက်နေ့ထိ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော နှစ်သစ်မင်္ဂလာအဖြစ် သင်္ကြန်ကာလရက်ထူး၊ ရက်မြတ်တွင် ပါဝင်ဆင်နွှဲစေလိုပါသည်။

**မြန်မာ့ရိုးရာအတာရေသဘင်ပွဲ**

မိမိတို့ဖြတ်သန်းခဲ့သော တစ်နှစ်တာကာလတွင် မွန်းကျပ်မှုများရှိပါက နှစ်ဟောင်းတွင် ထားရှိ၍ နှစ်သစ်တွင် စိတ်သစ်၊ လူသစ်၊ အတွေးသစ်များဖြင့် မိမိအတွက် ပတ်ဝန်းကျင်နှင့် တိုင်းပြည်အတွက် အကျိုးရှိစေမည့် လုပ်ဆောင်မှုတို့ဖြင့် အတာရေဆေးကြောဖျန်းပက်ခြင်းဖြင့် နှစ်သစ်ကို ကြိုဆိုကြစေလိုပါသည်။ မင်္ဂလာရှိစွာကျင်းပသောပွဲတော်တွင် မင်္ဂလာရှိစွာပါဝင်ဆင်နွှဲခြင်းဖြင့် မင်္ဂလာရှိသောအကျိုးတရားများကို ရရှိစေမည်သာဖြစ်သည်။ မြန်မာ့ရိုးရာအတာရေသဘင်ပွဲတော်တွင် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုကိုထိန်းသိမ်း၍ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကို မောင်ရင်းနှမသဖွယ် ဖေးမကူညီလျက် ၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာအတာရေသဘင်ပွဲတော်ကို မြန်မာ့ ရိုးရာယဉ်ကျေးမှုနှင့်အညီ ပျော်ရွှင်စွာဆင်နွှဲနိုင်ကြပါစေကြောင်း ရေးသားလိုက်ရပါသည်။ ။



ဓာတ်ပုံ - သန်းစိုး

**ပြင်ဆင်သိမှတ်ပေးပါရန်**

၂၁-၃-၂၀၁၈ ရက်ထုတ် ယနေ့ရန်ကုန်အချပ်ပို(ခ) ၌ ဖော်ပြသည့် "မြို့ပြရန်ကုန်မြင်ကွင်းထဲက လမ်းဘေးစျေးဆိုင်များ" သတင်းပါ အချက်အလက်များသည် မတ် ၁၅ ရက်တွင် ပြုလုပ်သည့် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း အလှူတော်အိုးသူကြီး မြန်မာ့ရိုးရာအိုးကြီးချက် အလွတ်တန်းပြိုင်ပွဲတွင် စားသောက်ဆိုင်နှင့် ပတ်သက်၍ ကျန်းမာရေးပညာပေးဟောပြောပွဲ၌ ပြောကြားသောအကြောင်း အရာများဖြစ်ပြီး လမ်းဘေးစျေးဆိုင်များအတွက် အဓိကမဟုတ်ဘဲ လိုင်စင်ရစားသောက်ဆိုင်များအတွက် ဖြစ်ကြောင်း ပြင်ဆင်သိမှတ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **(စာရေးသူ)**

# သောက်ရေသန့်သန့်လေး လိုချင်လို့ပါဗျို့ ....

တင်ဝင်းလေး(ကြည့်မြင်တိုင်)

နွေ နေအပူမှာ အလိုအပ်ဆုံးက ရေပင်ဖြစ်သည်။

ရေဟုဆိုရာမှာလည်း သန့်ရှင်းသောရေဖြစ်ပါက ပို၍ စိတ်ကြည်လင်ချမ်းမြေ့စေမည် ဖြစ်သည်။

ဒလမြို့နယ် ဆားပါချောင်ရပ်ကွက်၌ မတ် ၁၅ ရက်က ပြုလုပ်သည့် ရေသန့်စက်ဖွင့်ပွဲ အခမ်းအနားတွင် "ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဦးဆောင်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် AG Resources Myanmar Co.Ltd. တို့ အကျိုးတူပူးပေါင်း ဆောင်ရွက်၍ လာမည့် ခြောက်လအတွင်း ဒလမြို့နယ်၌ အိမ်တိုင်ရာရောက် ရေဘုံဘိုင်စနစ်ဖြင့် ရေချိုအသုံးပြုနိုင်တော့မည်" ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောခဲ့သည်ကို မတ် ၁၆ ရက်ထုတ် ပုဂ္ဂလိကနေ့စဉ်ထုတ် သတင်းစာတစ်စောင်တွင် ဓာတ်ပုံနှင့်တကွ တွေ့မြင်ဖတ်ရှုလိုက်ရသည်။

ဒလမြို့နယ်အတွင်း အိမ်တိုင်ရာရောက် ရေချိုပေးဝေရေးစနစ်ကို လာမည့် ခြောက်လအတွင်း စတင်အသုံးပြုနိုင်ရန် ပြင်ဆင်မှုများကို ပြုလုပ်တော့မည်ဖြစ်သည်။ ထို့အပြင် ဒလမြို့နယ်နေ ပြည်သူများ သောက်သုံးနိုင်ရန်အတွက် ရေချိုလီတာ နှစ်သိန်းကိုလည်း နေ့စဉ် အခမဲ့ဖြန့်ဝေပေးသွားမည်ဟုလည်း ဆိုခဲ့သည်။ နောက်ခြောက်လအကြာ၌ နေ့စဉ် ရေလီတာ သုံးသန်းခန့်ကို ပိုက်လိုင်းများဖြင့်သွယ်၍ အိမ်တိုင်ရာရောက်စနစ် အသုံးပြုနိုင်တော့မည်ဖြစ်သည်။



ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းရှိ အလတ်ချောင်းရပ်ကွက်မှ သောက်သုံးရေကန်ကို တွေ့ရစဉ်။

လက်ရှိတွင်မူ ဒလမြို့နယ်အတွင်း စည်ပင်မှ ရေများ ဖြန့်ဖြူးပေးလျက်ရှိနေသော်လည်း သုံးရေအတွက်သာ အသုံးပြုနိုင်ကြပြီး သောက်ရေအတွက် လိုအပ်မှုများ ရှိနေသေးသည်ဟု သိရသည်။

မြို့နယ်အတွင်း၌ ရေကန်အကြီး၊ အသေး ၃၀၀ ကျော်ခန့်ရှိသည်ဖြစ်၍ သောက်ရေအတွက်ကိုမူ ကန်သို့သွားရောက်မခပ်နိုင်သူများအတွက် ရေလှည်းတစ်စည်(ခြောက်ထမ်း/ ၁၂ ပုံး)လျှင် နေရာအနီးအဝေးပေါ်မူတည်၍ ငွေကျပ် ၁၀၀၀ ဝန်းကျင်ဖြင့် ဝယ်ယူသုံးစွဲနေရသည်ဟု မြို့နယ်သတင်းထောက် ဦးယဉ်ဦးက ပြောဖူးခဲ့သည်။

ယခုကဲ့သို့ အိမ်တိုင်ရာရောက်စနစ်ဖြင့် ပိုက်သွယ်တန်း၍ ပေးပါက အချိန်ကုန်လူပန်းမှုများနှင့်အတူ ငွေကြေးကုန်ကျမှု စရိတ်ပါ သက်သာလာနိုင်မည်ဖြစ်၍ ဒလမြို့နေ ပြည်သူများက ဝမ်းသာလျက်ရှိနေကြသည်။

"ကြည့်မြင်တိုင် မြို့နယ်အတွင်း ပါဝင်သော တစ်ဖက်ကမ်းရှိ ရပ်ကွက်ကြီး လေးရပ်ကွက်တွင် အိမ်ခြေပေါင်း ၈၈၀၀ ကျော်၊ အိမ်ထောင်စုပေါင်း ၉၈၀၀ ကျော်၊ ကျား၊ မ လူဦးရေပေါင်း ၄၁၀၀၀ ကျော် ရှိသည့်အတွက်နှစ်စဉ် သောက်ရေ(ရေချို)များ လိုအပ်မှု မြင့်တက်လျက်ရှိနေ"



ဒလမြို့နယ်မှ ရေသတင်းကို သတင်းစာတွင်ဖတ်ပြီး ဦးစန်းလွင်တစ်ယောက် မုဒိတာတရားများ ပွားများမိသည်။ သောက်ရေမလုံလောက်တာချင်းအတူတူ ဒလမြို့ကပြည်သူများက မိမိတို့ထက် ပိုကံကောင်းသည်ဟု တွေးမိသည်။

မိမိတို့နေထိုင်ရာ ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းရှိ ရပ်ကွက်ကြီး လေးရပ်ကွက်၏ ကျေးရွာ ၁၁ ရွာမှာ ယခုကဲ့သို့ နွေဦးပေါက်သည်နှင့် ကန်ရေများက ခန်းလိုက်လာခဲ့သည်မို့ နုန်းအနံ့အသက်များကို ခံစားလာခဲ့ရသည်မှာ နှစ်စဉ်လိုလိုပင်ဖြစ်သည်ဟု ဦးစန်းလွင်က ပြောသည်။

အိမ်အများစုတွင် ရေတုံကင်များ ရှိကြသော်လည်း သောက်ရေ(ရေချို)အဖြစ် အသုံးပြု၍မရပေ။ ရေချိုးရန်၊ အဝတ်လျှော်ရန်၊ ပန်းကန်ခွက်ယောက်ဆေးရန်အတွက်မျှလောက်သာဖြစ်သည်။

ကန်များအနေဖြင့် စက်ဆန်း၊ အောက်ရုံး၊ အလတ်ချောင်းရပ်ကွက်မှ အလတ်ချောင်းအပိုင်တွင် ကန်ကြီး လေးကန်ရှိသည်။ ပြည့်ဖြိုးကွက်သစ်နှင့် ဘောဂဗလအပိုင်းတွင် တစ်ကန်စီ၊ ရွာအတွင်း၌ နှစ်ကန်ဖြစ်သည်။ သောက်၍ အကောင်းဆုံးသောကန်မှာ အလတ်ချောင်းဘုန်းတော်ကြီးကျောင်းအနီးရှိ ရေကန်သာဖြစ်သည်။ မိုးတွင်းကန်ရေအပြည့်ဆိုပါက ၁၀ ပေ၊ ၁၁ ပေခန့် အနက်ရှိပြီး ယခုကဲ့သို့ နွေအချိန်၌ သုံးချိုး နှစ်ချိုးခန့် လျော့လာပြီဖြစ်၍ သုံးပေခန့်မျှသာ ရေရှိကြောင်း သိရသည်။

ထိုသုံးပေခန့်တွင် အောက်တစ်ပေခန့်မှာ နုန်းနွံများဖြစ်၍ ရေသုံးစွဲရာတွင် နုန်းအနံ့အသက်များ ပါလာတတ်သည်ဟု အလတ်ချောင်းရွာသား ဦးတင်ဦးက ဆိုထားဖူးသည်။

ရပ်ကွက်ကြီးလေးရပ်ကွက်၊ ကျေးရွာအုပ်စု ၁၁ စုတွင် သောက်သုံးရန်ရေကန်ပေါင်း ၂၁ ကန်ရှိသည့်အနက် ကျေးရွာအလယ်ပိုင်းရှိ ဘုန်းကြီးကျောင်းအနီးမှ ရေကန်မှာ သောက်သုံးရန်အကောင်းဆုံးဟု ဦးနီတွတ်က ပြောသည်။

မှတ်တမ်းတစ်ခုအရ ကြည့်မြင်တိုင်မြို့နယ်အတွင်း ပါဝင်သော တစ်ဖက်ကမ်းရှိ ရပ်ကွက်ကြီး လေးရပ်ကွက်တွင် အိမ်ခြေပေါင်း ၈၈၀၀ ကျော်၊ အိမ်ထောင်စုပေါင်း ၉၈၀၀ ကျော်၊ ကျား၊ မ လူဦးရေပေါင်း ၄၁၀၀၀ ကျော်ရှိသည့်အတွက် နှစ်စဉ် သောက်ရေ(ရေချို)များ လိုအပ်မှု မြင့်တက်လျက်ရှိနေသည်ဟု ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးကြီးမြင့်က ဆိုသည်။

ကြည့်မြင်တိုင်မြို့နယ် မဲဆန္ဒနယ် ၁ မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နန္ဒအောင်ကမူ "ကျွန်တော်တို့အနေနဲ့ ရေအတွက် လိုအပ်မှုရှိရင် စည်ပင်နဲ့ ဆက်သွယ်ရယူဖို့ ရပ်/ကျေး အုပ်ချုပ်ရေးမှူးတွေကို မှာကြားထားပါတယ်၊ မကြာခင်လည်း ဆောင်ရွက်ဖို့ စီစဉ်မှုတွေလည်း ရှိနေပါတယ်"ဟု ဆက်သွယ်မေးမြန်းမှုကို ဖြေကြားပေးခဲ့သည်။

မည်သို့ပင်ဆိုစေ ဒလမြို့ရေသတင်းကို ဖတ်ပြီးကတည်းက ဦးစန်းလွင်တစ်ယောက် ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဦးဖြိုးမင်းသိန်းကဲ့သို့ တာဝန်ယူစီစဉ်ပေးနိုင်မည့်သူတစ်ဦးဦး မိမိတို့ဆီသို့ရောက်ရှိရန် အမျှော်လင့်ကြီး မျှော်လင့်နေမိသည်။ ဤသည်မှာ ဒလမြို့ကဲ့သို့ ခြောက်လမဟုတ်သည့်တိုင် တစ်နှစ်ပင်ဖြစ်ပါစေ အိမ်တိုင်ရာရောက် ရေဘုံဘိုင်စနစ်ဖြင့် သောက်ရေ (ရေချို) သန့်သန့်လေးလိုချင်၍သာ ဖြစ်သည်။ ။

## အလှူတော်အိုးသူကြီး မြန်မာ့ရိုးရာအိုးကြီးချက် အလွတ်တန်းပြိုင်ပွဲ

■ မြင့်မောင်

မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသော ဒုတိယအကြိမ်မြောက် အလှူတော်အိုးသူကြီး မြန်မာ့ရိုးရာအိုးကြီးချက် အလွတ်တန်းပြိုင်ပွဲကြီးကို မတ် ၂၃ ရက်မှ ၂၅ ရက်အထိ ပြည်သူ့ရင်ပြင်၌ ကျင်းပခဲ့ရာ မတ် ၂၅ ရက် ညနေပိုင်းတွင် နောက်ဆုံးဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်အပြီး ဆုများအသီးသီးချီးမြှင့်သည်။

နောက်ဆုံးဗိုလ်လုပွဲသို့ ယမန်နှစ်က ဗိုလ်စွဲခဲ့သော ရှင်မတောင်အသင်းလည်း တက်ရောက်လာသည်။ ၎င်းအသင်းနှင့်အတူ ရန်ကုန်တပ်နယ်အသင်း၊ မင်္ဂလာဒုံတပ်နယ်အသင်းနှင့် မဉ္ဇူသက္ကရွှေမြန်မာအသင်းတို့ တက်ရောက်လာသည်။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ ချက်ပြုတ်ထားသော ထမင်းနှင့်ဟင်းလျာများကို အကဲဖြတ်အမှတ်ပေးဒိုင်များက ချက်ပြုတ်စီမံပုံကောင်းမွန်ခြင်း၊ သန့်ရှင်းမှုရှိခြင်း၊ ထမင်းဟင်းများ အနံ့၊ အရသာ၊ အရောင်အဆင်းကောင်းမွန်ပြည့်စုံခြင်းစသော အချက်များအပေါ်မူတည်၍ အကဲဖြတ် အမှတ်ပေးကာ ရမှတ် အနည်းအများအလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုများအဖြစ် သတ်မှတ်ပေးခဲ့သည်။

နောက်ဆုံးဗိုလ်လုပွဲတွင် မင်္ဂလာဒုံတပ်နယ်အသင်းက ရမှတ် ၈၅၆ မှတ်ဖြင့် ပထမဆုကြီးကို ထိုက်တန်စွာ ဆွတ်ခူးရရှိသွားကာ ရွှေယောက်မနှင့် ငွေသားကျပ်သိန်း ၅၀ ရရှိသွားသည်။

ဒုတိယဆုကို ရမှတ် ၇၉၈ မှတ်ဖြင့် ရန်ကုန်တပ်နယ်အသင်းက ငွေယောက်မနှင့် ငွေသားကျပ်သိန်း၃၀ ဆွတ်ခူးသွားသည်။ တတိယဆုကို ယခင်နှစ်ချန်ပီယံ ရှင်မတောင်အသင်းက ရမှတ် ၇၅၆ မှတ်ရရှိကာ ငွေသားဆု ကျပ်သိန်း ၂၀ ဆွတ်ခူးခဲ့သည်။




ယခုနှစ်ပြိုင်ပွဲတွင် နိုင်ငံတစ်ဝန်းမှ ပြိုင်ပွဲဝင်အသင်းပေါင်း ၁၆ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ ။

# မှန်းချက်နဲ့ နမ်းထွက်မကိုက်သည့် အခွန်အကောက်ဥပဒေများကြောင့် ကားဈေးကွက်လှုပ်ရှားမှု ရပ်တန့်

**မင်းသော်**



အခွန်အကောက်ဥပဒေ ထွက်ပေါ်လာခဲ့ပြီး ကားလောကသားတို့ မျှော်လင့်ကြသလို ဖြစ်မလာခဲ့သဖြင့် ကားလောက တုံ့ဆိုင်းလျက်ရှိနေသည့် ရက်သတ္တပတ်ဖြစ်သည်။ အများပြည်သူများအတွက် အကောက်ခွန်ဆိုင်ရာ နှုန်းထားများကို လျှော့ချပေးသည်ဟု ဆိုထားသော်လည်း တကယ်တမ်းတွင် မှန်းချက်မကိုက်ဟု ကားလောကသားများက တညီတညွတ်တည်း သုံးသပ်ကြသည်။

"အားလုံးက အခွန်အခြေအနေကို ကြည့်နေကြတာ၊ ဝယ်မယ့်သူတွေလည်း မဝယ်ကြဘူး၊ ရောင်းမယ့်သူတွေလည်း မရောင်းကြသေးဘူး၊ အခြေအနေ ဘယ်လိုလဲပေါ့ စောင့်ကြတယ်၊ တကယ်တမ်း ကားဈေးကတော့ ကျစရာအကြောင်းမရှိတော့ပါဘူးလို့ ပြောပါရစေ၊ ဒါက လူလတ်တန်းစား မော်တော်ယာဉ်ဝယ်ယူစီးနင်းဖို့ ပိုပြီးအလှမ်းဝေး သွားမယ်ဆိုတဲ့ သဘောပါပဲ၊ ဒါက ကျွန်တော်တို့လောကတင် မဟုတ်ပါဘူး၊ အခွန်နှုန်းတွေကြောင့် အခြားကဏ္ဍအသီးသီးမှာလည်း ထိခိုက်မှုရှိမှာပါ။ ကားလောကမှာ ပွဲစားတွေ ရှင်သန်ဖို့တောင် ခက်နေပြီ။ ဝယ်ရောင်းတွေကတော့ ဈေးမကြိုက်ရင် မရောင်းဘူးလေ၊ ပါးစပ်စိုက်တဲ့ ပွဲစားတွေကတော့ အလုပ် မဖြစ်တာကြာလှပြီ" ဟု ကားအရောင်းအဝယ် လုပ်ကိုင်သူ ကိုကျော်ဇေယျာဝင်းက ပြောသည်။

ကားဈေးကွက်အတွင်း ကြိုတင်ဝင်ငွေခွန် သက်သာရရှသွားသည့် အင်ဂျင်ပါဝါ ၁၅၀၀ နှင့် ၂၀၀၀ စီစီကြား ဘယ်မောင်းများတင်သွင်းနိုင်သော်လည်း လက်ရှိအခြေအနေအရ မြန်မာနိုင်ငံတွင် ၂၀၁၈ ခုနှစ် ဘယ်မောင်းတင်သွင်းမှု အားကောင်းခြင်းမရှိသေးဘဲ မြေစမ်းခရမ်းပျိုး စတင်သွင်းသူများပင် မရှိသေးပေ။ အမှန်တကယ်တွင်လည်း တင်သွင်းရန်မှာ မည်သို့မျှ မစဉ်းစားနိုင်သေးဘဲ ကားတန်ဖိုးအလိုက် ပြည်တွင်းဝယ်လိုအားဈေးကွက်လည်း မရှိနိုင်သေးဟု ကားဝယ်ရောင်းများက ခန့်မှန်းသည်။

လာမည့်ဘဏ္ဍာနှစ် ၂၀၁၈-၁၉ တွင်လည်း စည်းကြပ်မှုကင်းလွတ်သည့်အပေါ် ဝင်ငွေခွန် ကောက်ခံရာတွင် ကျပ်သိန်း ၃၀၀ အောက် ၁၅ ရာခိုင်နှုန်း၊ ကျပ်သိန်း ၃၀၀ နှင့် အထက်မှ ကျပ်သိန်း ၁၀၀၀ အထိကို ၂၀ ရာခိုင်နှုန်း၊ ကျပ်သိန်း ၁၀၀၀ အထက်မှာ ၃၀ ရာခိုင်နှုန်းဖြစ်ပြီး အထူးကုန်စည်ကုန်မှာမူ အင်ဂျင်ပါဝါ ၁၅၀၀ မှ ၂၀၀၀ စီစီအတွင်းကို ၁၀ ရာခိုင်နှုန်း၊ ၂၀၀၀ စီစီအထက်မှ ၄၀၀၀ စီစီအထိကို ၃၀ ရာခိုင်နှုန်းနှင့် ယင်းအထက်ကို ၅၀ ရာခိုင်နှုန်းကောက်ခံရန် ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့ပြီဖြစ်ခြင်းကြောင့် စီးပွားရေးလောကသားအချို့

**တစ်ပတ်အတွင်း ရန်ကုန် ကားဈေးကွက်**

မှန်းထားသမျှ အဆင်မပြေကြတော့ကြောင်း သိရသည်။

"မူဝါဒအပြောင်းအလဲက ရပ်ကိုမရပ်တော့ဘူး၊ တစ်မျိုးပြီး တစ်မျိုးဖြစ်နေတယ်၊ ဖြစ်တိုင်းမှာလည်း ကားဈေးကွက်က လှုပ်မလာဘဲ ပိုပြီးတန့်သွားနေတယ်၊ အမှန်က အလုပ်မဖြစ်တာကြာပြီ၊ ဒါပေမယ့် အခွန်ဥပဒေတွေနဲ့ ရန်ကုန်လိုင်စင်ကို စောင့်ပြီး ဘာထူးမလဲ စောင့်ကြည့်နေကြတာ၊ အခုတော့ ကားဈေးကို လှုပ်ခတ်ဖို့ထက် အမြင့်ဈေးနဲ့ပဲ အရောင်းအဝယ်ကလည်း နည်းသွားမှာ၊ ကားဈေးမကျတဲ့အတွက် ပိုင်ရှင်ကလည်း လက်မလွှတ်ချင်သလို ဝယ်လက်ကလည်း ခါသွားပြီ၊ ဈေးက ကျရိပ်လည်း လုံးဝမရှိသေးတာမို့ ဝယ်လက်လည်း ရှားသွားမှာဆိုတော့ ရန်ကုန်ကားဈေးဟာ အတော်ကို ဆိုးရွားနေတယ်" ဟု ကားပွဲစားတစ်ဦးကလည်း ပြောသည်။

သို့သော် သင်္ကြန်ကာလနီးကပ်လာပြီဖြစ်သဖြင့် အင်ဂျင်ပါဝါနိမ့် မိသားစုစီး မီနီထရပ်ကားလေးများကတော့ အရောင်းအဝယ်ဖြစ်နေကြောင်း အလုပ်ဖြစ်လျက်ရှိသည့် ကားပွဲစားကိုဝင်းကပြောသည်။ "ကားကြီးလည်း အလုပ်မဖြစ်ဘူး၊ ၁၃၀၀ စီစီကားတွေလည်း အလုပ်မဖြစ်ဘူး၊ အခုရက်ပိုင်းမှာ မီနီထရပ်လေးတွေကတော့ သွက်သွက်လေး အလုပ်ဖြစ်နေတယ်၊ ဒါကလည်း ပေါ်ပင် လိုက်လုပ်နေရတာပါ၊ အမှန်တကယ် အလုပ်ဖြစ်တယ်လို့တော့ မဆိုလိုပါဘူး၊ တကယ်မဖြစ်မနေ ဝယ်လိုတဲ့သူကလည်း ပွဲစားတန်းကို မလာပါဘူး၊ အရစ်ကျဝယ်ဖို့ ကြိုးပမ်းကြမှာပေါ့" ဟု ၎င်းကပြောသည်။

ယခုရက်ပိုင်းအတွင်း ၁၃၀၀ စီစီ အကျကားများ ဈေးကွက်အတွင်း ကြိုးကြားကြိုးကြား ထွက်ပေါ်လာနေပြီး အများစုမှာ ငွေပေါ်လျှော့ဈေးဖြင့် ရောင်းချရန် ကြိုးပမ်းလာသော်လည်း အရောင်းအဝယ်မှာ သိသိသာသာ တက်လာခြင်းတော့မရှိသေးဟု ကားလောကအသိုင်းအဝိုင်းမှ သိရှိရသည်။ သို့သော် ယခုကဲ့သို့ တင်းခံမထားနိုင်သူများပြားလာပါက ဈေးကွက်အတွင်း အင်ဂျင်ပါဝါနိမ့်ကားများ စိတ်ကြိုက်ဈေး၊ စိတ်ကြိုက်ပစ္စည်း ရရှိနိုင်မည်ဖြစ်ကာ သင်္ကြန်မတိုင်မီ အသည်းအသန်ရောင်းချလိုသည့် ကားများ ပေါ်ထွက်လာမည်ကို စောင့်ကြသူများလည်းရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

> **မူဝါဒအပြောင်းအလဲက ရပ်ကိုမရပ်တော့ဘူး၊ တစ်မျိုးပြီး တစ်မျိုးဖြစ်နေတယ်၊ ဖြစ်တိုင်းမှာလည်း ကားဈေးကွက်က လှုပ်မလာဘဲ ပိုပြီး တန့်သွားနေတယ်၊ အမှန်က အလုပ်မဖြစ်တာ ကြာပြီ၊ ဒါပေမယ့် အခွန်ဥပဒေတွေနဲ့ ရန်ကုန် လိုင်စင်ကို စောင့်ပြီး ဘာထူးမလဲ စောင့်ကြည့်နေကြတာ**

**တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် မော်တော်ကားဈေးနှုန်းများ**

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Land Cruiser | 2012 | ရန်ကုန် | 4600cc | အပြင်ဈေး | ၂၀၀၀ |
| Hiace | 2008 | ရန်ကုန် | 2700cc | အပြင်ဈေး | ၃၇၀ |
| Wish | 2011 | ရန်ကုန် | 1800cc | အပြင်ဈေး | ၄၆၀ |
| Vanguard | 2012 | ရန်ကုန် | 2400cc | အပြင်ဈေး | ၇၁၀ |
| Axio | 2014 | ယာယီ | 1300cc | အပြင်ဈေး | ၃၁၀ |
| Yaris | 2015 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၄၀ |
| Isuzu | 2003 | ရန်ကုန် | 3000cc | အပြင်ဈေး | ၁၆၅ |
| Fit GE6 | 2009 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၆၂ |
| Fit Shuttle | 2011 | မန္တလေး | 1300cc | အပြင်ဈေး | ၂၁၃ |
| Fit GP1 | 2011 | မန္တလေး | 1300cc | အပြင်ဈေး | ၁၆၃ |

သည့်နှစ်သင်္ကြန် ရန်ကုန်ဟန်. . .မှ

ပြည်လမ်း၊ တက္ကသိုလ်ရိပ်သာလမ်း၊ စက်မှု(၁) လမ်းတွေမှာ သင်္ကြန်ပျော်တွေနဲ့ စည်ကားမှာ သေချာနေပါတယ်။

ရန်ကုန်မြို့လယ်ပိုင်းမှာလည်း အနော်ရထာလမ်း(ဗိုလ်တထောင်ဘုရားလမ်းမှ ဘုန်းကြီးလမ်းအကြား)မှာ သင်္ကြန်ဖျော်ဖြေရေးမဏ္ဍပ်နှစ်ခု၊ ဖျော်ဖြေရေးနဲ့ ရေကစားမဏ္ဍပ်လေးခု၊ မဟာဗန္ဓုလလမ်း(ဘုန်းကြီးလမ်းမှ ဗိုလ်တထောင်ဘုရားလမ်းအကြား) ဖျော်ဖြေရေးနဲ့ ရေကစားမဏ္ဍပ်လေးခု၊ ကုန်သည်လမ်း (ဗိုလ်တထောင်ဘုရားလမ်းမှ ဆူးလေဘုရားအကြား) ဖျော်ဖြေရေးနဲ့ ရေကစားမဏ္ဍပ်လေးခုတို့ကို ဆောက်လုပ်ခွင့်ပေးမှာ ဖြစ်တာကြောင့် ရန်ကုန်မြို့လယ်မှာလည်း သင်္ကြန်ပျော်တွေအတွက် လျှောက်ကြည့်လှည့်ပတ်ကာ ရေပက်ခံထွက်နိုင်မယ့်နေရာတွေပါပဲ။

မကြာမီရောက်ရှိတော့မယ့် မြန်မာ့နှစ်သစ်ကူးသင်္ကြန်ပွဲတော် ရန်ကုန်မြို့နေရာစုံမှာ သင်္ကြန်မဏ္ဍပ်တွေ တည်ဆောက်ခွင့်ပြုတဲ့ နေရာတွေမှာ ပုဇွန်တောင်လမ်းမ၊ သံသုမာလမ်း၊ ကြည့်မြင်တိုင်ကမ်းနားလမ်းတွေမှာ ဖျော်ဖြေရေးမဏ္ဍပ် ၁၀ ခု တည်ဆောက်ခွင့်ပြုပေးမှာ ဖြစ်တဲ့အတွက် အဲဒီနေရာတွေမှာလည်း စည်ကားပျော်ရွှင်ရမယ့်နေရာတွေ ဖြစ်လာမှာ သေချာပါတယ်။

ရန်ကုန်မြို့ရဲ့ အဲဒီနေရာတွေ၊ လမ်းတွေမှာ သင်္ကြန်မဏ္ဍပ်တွေ တည်ဆောက်ခွင့်ပြုပေမယ့် မဏ္ဍပ်တည်ဆောက်ခွင့်မပြုတဲ့ နေရာတွေလည်း ရှိပါတယ်။ အဲဒီနေရာတွေကတော့ ကမ္ဘာအေးဘုရားလမ်း၊ ကန်တော်ကြီးပတ်လမ်း၊ တက္ကသိုလ်ရိပ်သာလမ်း(ကမ္ဘာအေး ဘုရားလမ်းနှင့် အင်းလျားလမ်းအကြား)တွေ ဖြစ်ပါတယ်။ သင်္ကြန်ကာလအတွင်း ကားလမ်းပိတ်ဆို့မှု မဖြစ်ပေါ်စေဖို့အတွက်လည်း မဏ္ဍပ်တည်ဆောက်ခွင့်မပြုတာဖြစ်မယ်လို့ သုံးသပ်နေကြပါတယ်။

သင်္ကြန်မဏ္ဍပ်တွေကို အဲဒီလိုနေရာစုံမှာ တည်ဆောက်ခွင့်ပြုခဲ့ပေမယ့် မဏ္ဍပ်တွေ တည်ဆောက်တဲ့အခါ မီးပွိုင့်တွေနဲ့ ပေ ၃၀၀ အကွာမှာ ဆောက်လုပ်ရမှာဖြစ်သလို မဏ္ဍပ်တစ်ခုနဲ့တစ်ခု အကွာအဝေး ပေ ၂၀၀ ရှိမှာ ဖြစ်ပါတယ်။ မဏ္ဍပ်တွေမှာ ရေကစားဖို့ အတွက် ယာယီရေသွယ်ခွင့် လျှောက်ထားပြီး သင်္ကြန်ကာလမှာ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

ဒီနှစ်ရန်ကုန်သင်္ကြန်မှာတော့ သံချပ်အဖွဲ့တွေလည်း ပါဝင်ဆင်နွှဲဖို့ ပြင်ဆင်နေကြပြီဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် ရန်ကုန်သင်္ကြန်မှာတော့ သံချပ်အဖွဲ့ ၁၈ ဖွဲ့၊ ၂၀၁၆ ခုနှစ်က သံချပ်အဖွဲ့ ၂၀ ကျော်၊ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်မှာ သင်္ကြန်သံချပ်အဖွဲ့ ၂၈ ဖွဲ့ ဆင်နွှဲခဲ့ကြပြီး ဒီနှစ်မှာလည်း သင်္ကြန်သံချပ်အဖွဲ့ ၂၀ ကျော် ရှိနိုင်မယ်လို့တော့ ဆိုပါတယ်။ လွန်ခဲ့တဲ့ နှစ် ၃၀ ခန့်က ရန်ကုန်သင်္ကြန်မှာ သံချပ်အဖွဲ့တွေ မြိုင်မြိုင်ဆိုင်ဆိုင် ပါဝင်ဆင်နွှဲခဲ့ကြတာကို ပြန်သတိရစရာပါပဲ။

သင်္ကြန်မဏ္ဍပ်တွေမှာ မော်တော်ယာဉ်တွေနဲ့ အဖွဲ့လိုက် လာရောက်ယှဉ်ပြိုင် ဖျော်ဖြေကြတဲ့ သံချပ်အဖွဲ့တွေကို မိုးလင်းတဲ့အထိ နှစ်သက်စွာ ကြည့်ရှုအားပေးခဲ့ရပုံတွေကို ပြန်ပြောင်းအမှတ်ရမိပါတယ်။ အခု ဒီနှစ်သင်္ကြန်ပွဲတော်ကာလတွေမှာ ဒီလိုပုံရိပ်တွေလည်း ပြန်လည်ထွက်ပေါ်လာမှာလားဆိုတာလည်း မျှော်လင့်စရာဖြစ်ပါတယ်။

ဒီနှစ်ရန်ကုန်သင်္ကြန်မှာ ထူးခြားတာကတော့ လမ်းလျှောက် သင်္ကြန်ဆင်နွှဲနိုင်ဖို့ စီစဉ်နေတယ် ဆိုတာပါပဲ။ မနှစ်က မန္တလေးမြို့မှာ လမ်းလျှောက်သင်္ကြန်ပြုလုပ်တာဟာ ပြည်သူတွေ စိတ်ဝင်စားပြီး ပါဝင်ဆင်နွှဲကြပါတယ်။ ဒီနှစ်ရန်ကုန်သင်္ကြန်မှာ လမ်းလျှောက်သင်္ကြန်နေရာတွေအဖြစ် မဟာဗန္ဓုလပန်းခြံ၊ ကန်တော်ကြီး၊ မြေပဒေသာကျွန်း၊ ဦးဥတ္တမပန်းခြံ၊ သခင်မြပန်းခြံတို့ သတ်မှတ်ထားကြောင်း သိရပါတယ်။ လမ်းလျှောက်သင်္ကြန်ဆင်နွှဲရာမှာ စတုဒိသာ အကျွေးအမွေးများလည်း ပါဝင်မှာဖြစ်တာမို့ သင်္ကြန်ပျော်တွေအတွက် အကြိုက်တွေ့စရာပါပဲ။

နှစ်သစ်ကူး သင်္ကြန်ပွဲတော်ရက်တွေမှာတော့ ရန်ကုန်မြို့ခရီးသွားပြည်သူတွေအတွက် YBS ဘတ်စ်ကားတွေ အစီး ပေါင်း ၈၀၀ ခန့် နေ့စဉ်ပြေးဆွဲပေးမယ်လို့ သိရပါတယ်။ ဘတ်စ်ကားစီးခ နှုန်းထားတွေကတော့ မူလသတ်မှတ်နှုန်းထားအတိုင်းဖြစ်ပြီး လိုက်နာမှုမရှိဘဲ ယာဉ်စီးခပိုမိုကောက်ခံမှုတွေမရှိအောင် ဆောင်ရွက်သွားမယ်လို့လည်း သိရပါတယ်။

ဒါ့အပြင် ယာဉ်မတော်တဆဖြစ်မှုတွေ အနည်းဆုံးဖြစ်အောင်လို့ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တွေ အပြည့်အဝချထားပေးမှာ ဖြစ်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေ ဖောက်ဖျက်မှု အနည်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်မယ့်အစီအစဉ်တွေလည်း ရှိနေတယ်လို့ ဆိုပါတယ်။ နောက်ပြီး မြန်မာနှစ်သစ်ကူးသင်္ကြန်ပွဲတော်ကာလအတွင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ ၂၄ နာရီမပြတ် ကျန်းမာရေးဝန်ထမ်းတွေ တိုးမြှင့်တာဝန်ပေးထားမှာ ဖြစ်တာမို့ အရေးပေါ် ကျန်းမာရေး စောင့်ရှောက်နိုင်ဖို့လည်း အစီအစဉ်တွေ ရှိထားပါတယ်။

ဒီနှစ်ရဲ့ ရန်ကုန်သင်္ကြန်ကတော့ အရင်နှစ်တွေကထက် ပိုမိုစည်ကားအောင် ပြင်ဆင်ဆောင်ရွက်သွားမှာမို့ ပါဝင်ဆင်နွှဲသူတွေ တစ်ဦးချင်းစေ၊ အဖွဲ့လိုက်ပါ မြန်မာ့ရိုးရာယဉ်ကျေးမှု မထိခိုက်အောင် ထိန်းသိမ်းပျော်ရွှင်နိုင်ကြမယ်ဆိုရင်တော့ ရန်ကုန်သင်္ကြန်ပုံရိပ်က တင့်တယ်ကြည်နူးဖွယ်ရာဖြစ်မယ်ဆိုတာကို ယုံကြည်နေမိပါတယ်။ ။